# မဟာပညာကျော်လျှောက်ထုံး

ဆရာကြီးလင်း

၂၁၉၈

# မဟာပညာကျော်လျှောက်ထုံး။

# MAHA PINNYAGYAW SHAUKTON

EDITED BY

SAYA LIN, A.M.P.

**BURMA RESEARCH SOCIETY**

Burmese Text Series No. 37.

*General Editor* : PE MAUNG TIN, M.A., B.LITT.

# နိဒါန်း။

ဤလောကတွင် ဘုန်းတန်းခိုး ကြီးသော ဘုရင်မင်းမြတ်တို့ ပေါ်ထွန်းသောအခါ။ ထိုဘုရင်မင်းမြတ်များအား။ တရားလမ်းကြောင်း။ တိမ်းစောင်းခြင်းမရှိစေရန်။ မှန်ကန်ရာကို ညွှန်ပြနိုင်သော။ သဗ္ဗညုဘာသာဇာတ်တော်လာ သေနကအမတ်ကြီး။ ဝိဓုရဇာတ်တော်လာ ဝိဓုရ အမတ်ကြီး စသည်တို့ကဲ့သို့။ လောကီလောကုတ္တရာ။အဖြာဖြာကို။ ကောင်းစွာနှိုင်းညှိ။ လမ်းမှန်သိနိုင်သော။ ပညာရှိအမတ်ကြီးများပေါ်ပေါက်မြဲ ဖြစ်သည်နှင့်အညီ။ ဓညဝတီပြည်ကြီးတွင်၊ သာကီဝင်မျိုးနွယ်မှ ဆင်းသက်သော၊ မင်းဗားကြီး၏သား-မင်းဖလောင်းသည်။ရွှေထီးရွှေနန်း။သိမ်းမြန်းစိုးအုပ်တော်မူသောအခါ။ အမတ်ကြီး မဟာပညာကျော်။ ပေါ်ပေါက်ရလေသည်။

မဟာပညာကျော်ဟူသောဘွဲ့တံဆိပ်ဖြင့် ခပ်နှိပ်မြှောက်စားထိုက်အောင်။ထူးခြားလှသောပညာအရည်အချင်းတို့မှာ။အခြားတရားသူကြီးတို့မှန်ကန်ရာရောက်အောင် မဆုံးဖြတ်နိုင်သည့်အမှုများကို။ မြတ်စွာဘုရားတရားတော်နှင့်ညီညွတ်စွာ။ မှန်ကန်ရာရောက်အောင် ဆုံးဖြတ်နိုင်သဖြင့်။ နတ်များက ထူးခြားအံ့ဩဘွယ်အခြင်းအရာကိုပြ၍ကောင်းကြီးပေးခြင်းကို အကြိမ်ကြိမ်ခံရလေသည်။တိုင်းရေးပြည်ရေး။စစ်မက်အရေးမှစ၍။ မင်းရေးမင်းရာ။ အဖြာဖြာတို့မှာ။ မဟာပညာကျော်အမတ်ကြီးနှင့်တိုင်ပင်လျက်။အမတ်ကြီးလျှောက်ထားချက်အတိုင်းသာ ဘုရင်မင်းမြတ်ရွက်ဆောင် တော်မူရလေသည်။

တရံတခါ အမတ်ကြီး လျှောက်ထားချက်ကို နာယူခြင်းမရှိဘဲ။ မိမိထင်မြင်တော်မူရာရွက်ဆောင်သိုက်ခြင်းဖြင့်။ မှားယွင်း

သောအရေးကိစ္စတို့နှင့်။ တွေ့ကြုံတော်မူရလေသည်။ မင်းရေးမင်းရာ။လောကီမှု ကိစ္စများတွင်သာမက။ လောကုတ္တရာဓမ္မခန်ကြောင်း။ ကောင်းမြတ်သောတရားဘက်၌လည်း များစွာ ကျွမ်းကျင်သဖြင့်။ဘုရင်မင်းမြတ်သည် တရားဓမ္မခန်ကြောင်းနှင့်စပ်၍လည်း။ အမတ်ကြီး မဟာပညာကျော်ကိုပင်။ မေးမြန်းနာယူတော်မူရလေသည်။ ဤသို့အံ့ဩဘွယ်ရာ။ ပညာလုံလောက်၊ အထူးတတ်မြောက်သော ပုဂ္ဂိုလ်ကြီးဖြစ်၍။ အခြားအမတ်ကြီးများနှင့်မတူ။အရေးယူကာ။ကြီးကျယ်စွာသော အခမ်းအနားအဆောင်အရောင်တို့နှင့်တကွ။ စစ်တကောင်းမြို့ကိုပိုင်စား။သနားချီးမြှင့်တော်မူလေသည်။

အမတ်ကြီး မဟာပညာကျော်သည် မင်းဖလောင်းကြီးတလက်ထက်တော်လုံးပင်။ဘုရင်မင်းမြတ်အား။ အမျိုးမျိုးလျှောက်ထား၍၊တရားလမ်းဖြောင့်မှန်အောင်စောင့်ရှောက်ခဲ့ပြီးလျှင်။သားတော်ဘုရင် မင်းရာဇာကြီးလက်ထက်တိုင် ထင်ရှားတည်ရှိ၏။ မင်းရာဇာကြီးလက်ထက်တော်မှာကား။မြန်မာနိုင်ငံတောင်ငူဘုရင်က။ ဟံသာဝတီဘုရင် ငါးဆူဒါယကာကို ဝိုင်းဝန်းကူညီတိုက်ခိုက်ပါ။ဟံသာဝတီကို အောင်မြင်လျှင်။ဆင်ကြီးမြင်းကြီးသွီးကညာတို့ကိုပေးပါမည်ဟူ၍။ တောင်းပန်တိုက်တွန်းသဖြင့်။ ဝိုင်းဝန်းကူညီတိုက်ခိုက်ရန် များစွာသော စစ်သည်တော်တို့ကို စေလွှတ်တော်မူသောအခါ။ အမတ်ကြီးမဟာပညာကျော်လိုက်ပါရလေသည်။ဟံသာဝတီကို အောင်မြင်၍ ငါးဆူဒါယကာ၏ ဆင်မြင်းသွီး ကညာတို့ကိုသိမ်းပိုက်၍အပြန်တွင် အမတ်ကြီးမဟာပညာကျော်ကွယ်လွန်သဖြင့်။ အမတ်ကြီး၏ အလောင်းကို မော်တင်စွန်းစေတီတော်၏အနီးတွင် သဂြိုဟ်ခဲ့ကြလေသည်။

ရခိုင်ပြည်မှာ။ အမတ်ကြီးမဟာပညာကျော်အပြင်။ အခြားပညာရှိ အမတ်ကြီးများလည်း။ ဘုန်းတန်ခိုးကြီးသော ရှေးရှေးမင်းတို့လက်ထက်။ ပေါ်ပေါက်လျက်ပင်ရှိကြ၏။ သို့ရာတွင်ရာ

ဇဝင်များ၌ အခြားအမတ်ကြီးတို့ လျှောက်ထားချက် အနည်းငယ်သာပါ၍။ အမတ်ကြီး မဟာပညာကျော်၏ လျှောက်ထားချက်သာများစွာပါရှိလေသည်၊ ဤသို့ရာဇဝင်များ၌ လာရှိသော အမတ်ကြီးမဟာပညာကျော်၏ လျှောက်ထားချက်တို့ကို။ တလွယ်တကူဘတ်ရှုနိုင်ကြစေခြင်းငှါ။ဆရာတော်အရှင်ကဝိသာရသည်။ ရာဇဝင်များမှ ထုတ်နုတ်ကာ။ မဟာ ပညာကျော် လျှောက်ထုံးဟူသောအမည်ဖြင့် တစောင်တဖွဲ့စီစဉ်ရေးသား၍ ထားခဲ့လေသတည်း။

အမတ်ကြီးမဟာပညာကျော်သည် ပြခဲ့ပြီးသောအတိုင်းအံ့ဩဘွယ်ရာ ပညာရှိကြီးတဦး ဖြစ်သော်လည်း။ ယခုတွေ့ရှိရသော လျှောက်ထုံးပါ စကားများကို ထောက်ထားရလျှင်၊ ပါဠိဘာသာကိုကောင်းစွာ ကျွမ်းကျင်နိုင်နင်းဟန်မတူပါ။ များစွာချွတ်ယွင်းချက်တွေ့တွေ့ရ၏။ သို့ရာတွင် ကာလရှည်လျားလှပြီဖြစ်၍။ အဆင့်ဆင့်ကူးရာမှာချွတ်ယွင်း၍လာပါသည်ဟု ယူဆလျှင်လည်းယူဆဘွယ်ပင်ဖြစ်တော့သည်၊ ပါဠိဘာသာအနေအထားမှားယွင်းစေကာမူ။အနက်အဓိပ္ပါယ်အယူအဆ အမြော်အမြင်မှာ။ နောင်လာနောက်သားတို့ အတုခိုးနည်းယူဘွယ်ရာ။အလွန်တရာကောင်းလှသော။ရေးဟောင်းပညာရပ်ကြီးကိုဘော်ပြသည့်ကျမ်းတကျမ်းဖြစ်၍။ ရန်ကုန်မြို့၊ ကျွန်ုပ်တို့သုတေသနအသင်းကြီးဆိုင်ရာမှစီစဉ်၍စက်တင်ပုံနှိပ်ပါသည်။

ပုံနှိပ်ရာမှာမူကွဲများရှာဘွေ၍မရပါ။ရန်ကုန်မြို့ဘာနတ်ပိဋကတ်တိုက်တွင်၊ မဟာပညာကျော်လျှောက်ထုံး ပေမူတစောင်နှင့်လက်ရေးစာအုပ်မူတစောင်သာတွေ့ရှိရာ။ လက်ရေးစာအုပ်မူမှာ ဤပေမူကပင်ကူးယူသည့်လက္ခဏာဖြင့် တမူနှင့်တမူများစွာထူးခြားကွဲလွဲခြင်းမတွေ့ရ။ သို့ဖြစ်၍ဧည့်ဝတီအရေးတော်ပုံနှင့်သာတိုက်ဆိုင်ပြီးလျှင်။ အရေးတော်ပုံမှထူးထွေကွဲလွဲသော အချက်တို့ကို "ပုံ" ဟူသောအမှတ်အသားဖြင့်။သီးခြားအောက်

မှ ဘောဒ်ပြထားပါသည်။ နောင် ကောင်းမွန်သော မဟာပညာ ကျော်လျှော်ကျော်ထုံးမှုကွဲများ။ ရခိုင်ရာဇဝင်များ။ စုံလင်စွာရရှိ သောအခါ ယခုထက်ကောင်းမွန်မှန်ကန်အောင်။ ထပ်မံပြင်ဆင် ၍။စက်တင်ပုံနှိပ်ပါမည်။

# မဟာပညာကျော်လျှောက်ထုံး။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဇမ္ဗူဒ္ဒီပတိုင်း။ အယုဇ္ဈတိုင်း။ ရက္ခပူရတိုင်းကြီးတို့ကို။ အစိုးရတော်မူသော။ မြောက်ဦးရွှေပြည်တော်ကြီး၌။ သစ္စာကိစ္စ ဝင်မင်းဖလောင်းကြီးလက်ထက်တော်တွင်။ အင်္ဂါစုံပြည့်ရှိသော။ မင်းတိုင်ပင်အမတ်ကြီး။ မဟာပညာကျော်။ ပြည့်ရှင်မင်းကြီး။ မတိမ်းမစောင်းစေရ။ လောကီလောကုတ္တရာမှုတို့ကို ကမ္ဘာတည်သမျှ ကာလပတ်လုံး။ ပညာရှိသူတော်ကောင်းနှစ်လိုဘွယ်ရှိသော လျှောက်ထုံး စာဟောင်းရှိသည်ကို။ နောက်မင်းကောင်းတို့ မှတ်သားစိမ့်သော၄ါ။ ပြီးအောင် ထုတ်နုတ်၍ ဆိုပေအံ့။ ။

တရံသောအခါ၌။ ဤမြောက်ဦးမြို့ကို။ အလောင်းမင်းစောမွန်။ ၇၃၂-ခု၊ တော်သလင်းလွှန်းတရက် တနင်္ဂနွေနှင့်။ ကန်လက်ကုံစန်းနှင့် တည်တော်မူခဲ့သည်။မင်းတဆယ့် နှစ်ဆက်ရှိပြီး။ ညောဝတီမြို့ဟောင်းသို့ ပြောင်းသင့်ကြောင်း။ ခေတ်ကိန်းဆိုက်ရောက်သည်ဟူ၍။ ဟူးရားပြု ဟူးရားညိုဝ်တို့ ကိန်းအထွက်နှင့် လျှောက်ကြသည်။ မည်သို့ မပြောင်းလျှင် အပြစ်ရှိသည်။ ပြောင်းလျှင် အကျိုး ပေးမည်များကို။ မှူးမတ်တို့က လျှောက်ထားရမည်အမိန့်တော်ရှိလေသော်။ ယင်းသည့်အခါ အမတ်ကြီးပညာကျော် လျှောက်သော်တမူကား။ ထိုးနန်းစိုက်

ရာ မြေမင်္ဂလာ။ စတုစက်လေးချက်ရှိသော အရပ်၌။ မြို့တည်လေသော်။သမ္ဗုဒ္ဓါနံဘုရားစသော။ ဓါတ်တော်မွေတော်။ပိဋကတ်ကျမ်းဂန်။သီလဝန်။ဂုဏဝန်များ၍။သာသနာတော်ထွန်းလင်း။ပြည့်ရှင်မင်းလည်း။တရားလိမ္မာ။ ဘုန်းအာဏာနှင့်ပြည့်စုံ၍။ ပညာရှိမှူးကောင်းမတ်ကောင်းထွန်းလင်းခြင်း။ ကာလာဝက။ဂဇေ်ယျ။ တမ္ဗ။မင်္ဂလစသော ဆင်မျိုးထက် တန်ခိုးလွန်သော ဆင်ဖြူရောက်ခြင်း။ သတ္တရာဇိနော။ ခုနစ်ပြည်ထောင်သောမင်းတို့ ကြည်ညို၍ သားသမီးကိုဆက်ရောက်ခြင်း။ ။ဇေယျ။ ရန်ကိုအောင်ခြင်းထုံးဟောင်း ရှိသည့်အတိုင်း၊ကျမ်းဂန်၌လည်း။'ရာဇဂြိုဟ်ပြည်သည် ဘုန်းရှိသော မင်းတို့လက်ထက်။ထိုအကြောင်းလေးပါးပြည့်စုံစွာထွန်းလင်းလျက်။ဘုန်းမဲ့သောမင်းလက်ထက်မူကား။ ထိုရာဇဂြိုဟ်ပြည် ပျက်စီးတိမ်မြုပ်လေကြောင်းထွက်ရှိပါသည်။ ဤမြောက်ဦးမြို့ကိုဘိတော်မင်းစောမွန် တည်တော်မူခဲ့သည်။ မင်းတဆယ့်နှစ်ဆက်ရှိပြီး။ဘုန်းအာဏာပြည့်စုံ၍။သာသနာတော်ထွန်းလင်းခြင်းကြောင့်။ဘေးတော် အလိဒိမင်းလက်ထက်။ အင်းဝမင်းနရပတိကြီး၍လှာရာရန်စစ်မရှိ။မိတ်ဆွေကြီးစွာဝင်၍ ပြန်လေသည်။ခမည်းတော်မင်းကြီး လက်ထက်တော်တွင်လည်း။ ကုလား ဇုန္ဒြယတိုင်း။ဘင်္ဂါတဆယ့်နှစ်မြို့ကိုရမြဲးသိမ်းရတော်မူသည်။အရှင်မင်းကြီး လက်ထက်တော်တွင်လည်း။ တောင်ငူမြို့မင်း တပင်ရွှေထီး၍လှာရာ မည်သို့မရှိ။ ရန်ပြေပြန်လေသည်။ ဓါတ်တော်မွေတော်ဘုရားပုထိုးပိဋကတ်ကျမ်းဂန်။သီလဝန်။ဂုဏဝန်။မှူးကောင်းမတ်ကောင်း။ ဆင်ကောင်း မြင်းကောင်း။ တပြည်မင်းသမီး။ အသီးအသီး ဆက်ရောက်ပြည့်စုံ ထွန်းလင်းသော မြို့ဝံ့တော်သာကီဝင်မင်းတို့နေရာဌာနမှန်ပါသည်။ဥတုရာသီဓါတ်ကိန်းစန်းဂြိုဟ်နက္ခတ်။တာရာနေလကြယ်မြေလှုပ်တိတ်နိမိတ်စသောအမှုတို့မှာ။ လောကပညတ်စကားမျှ။တရားတော်သာဘုရင်မင်းနှင့် အမတ်ပြည်သူတို့ ကိုယ်ကျင့် ဒုစရိုက်ဆယ်ပါး

ကို ကြည့်ရှောင်စောင့်ထိန်း၍။ သုစရိုက်မြောက်လျှင်။ ထိုအရပ်ကိုရန်သူ မနှိပ်စက်နိုင်ပါ။ လောကီလောကုတ္တရာ။ နှစ်ဖြာပင်ကြက်သရေတက်တိုးပါသည်။ တကြောင်းမှုလည်း။ ဘိတောင်မင်းစောမွန် တည်တော်မူသည့်ကာလ။ ကဝိ မြောက်သောပညာရှိဈေ့ာက်ထုံး စာဟောင်းထွက်မှာ။ မြောက်ဦးမြို့တော်၌တရားပျက်၍။ကောဇာသက္ကရာဇ်-၁၀၀၂-ခု၊ ရောက်သောအခါ။ထိုးကျိုးစည်ပေါက်။ဝိလုမ္ပန္တော။လုယက်ဖျက်ဆီးတတ်သောသူယုတ်မျိုးတို့ မင်းမှုလေ့ကျက် တရားပျက်၍။ တိုင်းပြည်ညှိုးနွမ်းလေရာသည်။ယင်းသို့ရှေးပညာရှိအမှာ။ မြို့ခေတ်သိုက်စာညွှန်း စာတမ်းနှင့် ရှိပါသည်။ ဘုရား စကားတော်ကျမ်းဂန် အလာမှာလည်း။ သာမိကအရှင် ဖြစ်တော်မူသောမင်းတရား။ မြဲးစွာ သာသနာတော် ထွန်းသမျှ ကာလငတ်လုံး။ တိုင်းပြည် မသုမ်းကြောင်း။ တရားမရှိ ကျမ်းဂန် မင်းသွမ်းတို့ အုပ်သောနိုင်ငံဖြစ်ချေကလည်း။ မြို့ရွာပြောင်းလွဲအသစ်တည်ထောင်သည်မှုလျက်။ တိုင်းပြည် သာယာသည် မဟုတ်ချေ။ မင်းနှင့် အမတ်ပြည်သူ ညီညွတ်သဖြင့်။ သာသနာတော် ပွင့်လင်းမှ။ တိုင်းပြည်သာယာမြဲးကို ကျမ်းဂန်လာပါသည်။ယခုမှာ တရားမကင်းသော။သာကီဝင်အမျိုးငြိမ်းချမ်းစွာ စံတော်မူသင့်ကြောင်းနှင့်အမတ်ကြီး ဈေ့ာက်လေသော်။ ပြည့်ရှင်မင်းကြီးလည်းကြိုက်တော်မူ၍။ အမတ်မဟာပညာကျော်ကို စားကျေးမြို့ရွာထပ်၍ပေးတော်မူသည်။ ။

တရံရောအခါ၌။ အရှေ့ပြည် တပင်ရွှေထီးမင်းသေလွန်လေမူ။ စစ်သူကြီးကျော်ထင်နော်ရထာ ထီးနန်းရလေ၍။ အထက်ဟောလိုက်ဘူးသူ။ စကြဝတေးပုဏ္ဏားကို ဆုပေးလိုပါသည်။ ထည့်လိုက်ပါ။သည်အကြောင်းနှင့် စေလွှတ်ရောက်လှာသော်။ စကြဝတေးပုဏ္ဏားကို ထည့်တော်မူလိုက်၍။ ထိုပုဏ္ဏားနှင့်အတူပေးလိုက်သောစာသော်ကား။ ။ရက္ခသတသဟဿာနိ။ ပုဗ္ဗရုက္ခောဝသောဘတိ။ နရသတသဟဿာနိ။ ရူပဝန္တောဝ

သောဘတိ။ ရူပသတသဟဿာနိ။ ပဉ္စဝဏ္ဏောဝ သောဘ
တိ။ ။ယင်းသို့ ကျမ်းဂန်လာသည်နှင့်အညီ။ တဆင့်ထက်တ
ဆင့်ချမ်းသာကို လိုဝ်သော နှလုံးသွင်းလျက်။ သတ္တဝါတို့အား
ထိန်းအပ်သော တရားမင်းကျင့်မကွာ။ ။ခန္ဓာနိစ္စာခယဋ္ဌေ
န။ ဘယဋ္ဌေန ဒုက္ခာစတော။ အနတ္တာ အသာရကဋ္ဌေန။ သမ္ပ
ဇာနေသာစ ပဏ္ဍိတော။ ဇိနပဿေ ပုနပ္ပုနံ။ ။ပါဠိတော်အရ။
ရူပက္ခန္ဓာ။ ဝေဒနာက္ခန္ဓာ။ သညာက္ခန္ဓာ။သင်္ခါရက္ခန္ဓာ။ ဝိညာ
ဏက္ခန္ဓာတို့သည်။ ပထဝီ။အာပေါ။တေဇော။ ဝါယော။ဓာတ်
လေးပါးပေါင်းစည်းလျက်။ မပျက်နိုင်ခန့်သော သတ္တိကြောင့်။
သံသရာ သတ္တဝါတို့ ဝန်တရားကို။ မြင်တတ်သောဉာဏ်ဖြင့်။
မည်သူမခြား။ရင်တော်သားကဲ့သို့။ သင်္ဂဟတရားလည်း။ကိုယ်
၌မြဲလျက်သော သဘောအတိုင်း။ အခြားပြည်ထောင် မင်းတို့
ကိုမူလည်း။ယင်းကဲ့သို့ တရားမကွာ။ သာသနာတော်တည်ပါ
စေသော။ မေတ္တာရေဖြင့် ပို့လေ့ရှိသော။ မြောက်ဦးမြို့ ရွှေနန်း
တော်ကြီးရှင်ကြားလိုက်သည်။ ဟံသာဝတီပြည့်ရှင် အကြည်
တော်။ သမ္မာသတိ အသိဉာဏ်တော်ကြောင့်။ သစ္စာ လေးပါး
တရားကို။အလင်းမြင်တော်မူသော။ဘုရားမြတ်စွာ ဟောတော်
မူသော။ ကုသလာဓမ္မာ။ အကုသလာ ဓမ္မာ။ အာဏာပညတ်။
သတ္တဝါကို ကွပ်ဆုံးမတော်မူသည်။ လောကီ၌လည်း။ ။တ
တိုင်း တပြည် အစိုးရမင်းသာလျှင်။ ဆင်းရဲချမ်းသာ ပြည်သူ
သတ္တဝါတို့ကို ပြုနိုင်မည့်အကြောင်းမူလည်း။မင်းကောင်းမှ အ
မတ်ကောင်းရသည်။ အမတ်ကောင်းမှလည်းပြည်သူကောင်း
ရသည်။ မင်းအမတ်ပြည်သူညီမှလည်း။ တိုင်းပြည် သာယာ
ကြောင်းထုံးဟောင်းရှိသည်။ သို့ရာတွင် အများသာမက။ မင်း
သာမူလအရင်းဖြစ်ချေသည်။ အမတ်နှင့်ပြည်သူညီမျှစေကာ။
မင်းသွမ်း မင်းဆိုး ပြားလတ်သော်။ ထိုအခါ ပြည်သူတို့ ဆိုး
ကြောင်း။ကျမ်းဂန်လာသည်မှာလည်း။ ။ပူတိမစ္ဆံ ကုသဂ္ဂေန။
ယောနရော ဥပနယှတိ။ ကုသာပိ ပူတိ ဝါယန္တိ။ ဧဝံ ဗာလုပ

သေဝနာ။[၁] ။ထိုသို့ကျမ်းဂန်လာသည်နှင့်အညီ၊ မင်းဆိုးမင်း သွမ်းတို့ အစိုးရသော အရပ်ဌာနန္တိုက်။ သူတော်ကောင်းတို့ ရှောင်အပ်သောကြောင့်။ မှူးကောင်း မင်းမြတ်ရှိသော တိုင်း ပြည်သို့။ ထိုသူတော်ကောင်း ကူးပြောင်း သင့်ကြောင်း။ မင်း ကောင်း အမတ်ကောင်းတို့ထိန်းသောနိုင်ငံ၌။ဘုရား သာသနာ တော်တည်ကြောင်းကို။ ကျမ်းဂန်လာသည်မှာ။ ။ခမာဇာ ဂရိယုဋ္ဌာနံ။သံဝိဘာဂေါဒယိက္ခနာ။ နာယကာသဂုဏာဓေတော။ ဓုန္တိတဗ္ဗာ သတံဂုဏာ။[၂] ။အသိခက်သော အကြောင်း ရှိ သည်ဖြစ်၍။ ရှေးပညာရှိတို့ဆိုပြန်ရာ၌ကား။ ။မင်းလည်းမင်း ကြမ်း။အမတ်သွမ်းနှင့်။ အကျွမ်းမိတ်ဝင်။သို့တည်းလျှင်မူ။ပြည် သူရိပ္ပတ်။ မင်းတည့်မတ်က။ အမတ်ထိုတူ။ပြည်သူမညှိုး။ စစ် ထိုးမရှိ။မရိသတ္တဝါ။ရေစာမရှား။ခိုးသားမပေါ်။ မြင်မြော်သသူ။ ကြည်ဖြူမြတ်နိုး။ ရေခရိုးသို့၊ ပြည့်ဖြိုးစုံလင်။ တိုင်းခွင်အခြား။ မင်းတပါးလည်း။ သနားမိတ်ဝင်။ ချစ်ခင်လေးမြတ်။လွှံပတ်ညာ ကြေ။မြို့နေပြည်သူ။ ရှင်လူသောင်းသောင်း။ မင်္ဂလမ်းကြောင်း သို့။ထုမ်းဟောင်းမလပ်။ထုမ်းသစ်ထပ်လျက်။ရှစ်ရပ်ဒိသာ။ပွင့် လင်းသာသည်။ ။ကမ္ဘာစဉ်ဆက် ဥဒါန်းတည်း။ ။ဟူ၍ ပညာရှိစကားအလာကို ထောက်၍ အကြည်တော်လည်း မင်း မည်ကာမဟုတ်။ မင်းတို့အား ပညာဗလရှိသူဖြစ်သည်။ သို့ရာ တွင် သတိမလစ်စေရာဆိုသော သူအားရည်သွားတချပြည်မှု တရပ်အမတ်ဂုဏ်ရည်တို့ကိုသိစေသောအကြောင်းနှိုက်။ ။ ကုဒေသန္တကုမိတ္တန္တ၊ ကုကုလန္တကုဗန္ဓဝံ။ ကုဒါရန္တကုဒါသန္တ၊ ဒူရတော ပရိဝဇ္ဇယေ၊[၃] ။ကျမ်းလာသည်နှင့်အညီ။ မင်းစေ မင်းသုံးမှူးမတ်အင်္ဂါပြည့်စုံစွာနှင့်။ လောကီလောကုတ္တရာ။ နှစ် ဖြာသောအကျိုးလှစေချင်ကြောင်းကို။ ရောက်ရင်းမေတ္တာတွင်။

---

၁—ဓမ္မနီတိ—ဒုဋ္ဌနကထာ၌လာသောစကားတည်း။

၂—လောကနီတိ—ရာဇကဏ္ဍ၌လာသောစကားတည်း။

၃—လောကနီတိ—ဓုတ္တိကဏ္ဍ၌လာသောစကားတည်း။

ထပ်ကာ ပိုရောက် ကြောင်း ကြားလိုက် ပါသည် အကြည် တော်။ ။ထိုစာကိုရွှေပေ၌ရေးကူး၍ကောင်းစွာထည့်ပြီးလျှင်။ ရောက်လှာရင်း မှော်ဝီစားနှင့်။ စကြဝတေး ပုဏ္ဏားတော်ကို လည်း ထည့်တော်မူလိုက်၍ ပြန်စေသတည်း။ ဟံသာဝတီမြို့ သို့ ရောက်လေသော်။ကျော်ထင်နော်ရထာမင်းက။ အထက်ဆို ခဲ့ရင်း စကားအတိုင်း။ ငွေကိုယ် လေးနှင့်-ရွှေသပြာ-၁၀၀- ပုဏ္ဏားတော်ကို ဆုပေးတော်မူပြီးမှ။မြောက်ဦးပြည့်ရှင်သို့မြင်း ကောင်းနှင့်မြင်းစီးတန်ဆာနှင့်လက်ဆောင်ပေးလိုက်၍။ပုဏ္ဏား တော်စကြဝတေးကိုပို့လှာပြန်သည်။ ။

တရံသောအခါ၌ ဥသလင်စားငပေါင်တိုဝ်ကို။ စည်းတင် စားအရာပေးမည်ရှိလေသော်။ အမတ်ကြီးမဟာပညာကျော် လျှောက်သည်ကား။အရှင်မင်းမြတ်။ ဥသလင်စားငပေါင်တိုဝ် သည်။စစ်မှုနှင့်အလှန်လိုသသူ။အကျိုးအပြစ်ကို အမှန်သိမည် မထင်ပါ။ စည်းတင်အရပ်သားတို့သည် ကိုက်တတ်သောခွေး ပမာ။ ထိုသူနှစ်ဦးသားတို့ကိုအတူမထားသင့်ပါလျှောက်သော် လည်း။ငပေါင်တိုဝ်သွီးမြသွင်ညိုဝ်သည်။မင်းကိုယ်လုပ်ဖြစ်လေ ၍အမတ်ကြီးစကားကိုယူတော်မမူ။ ။ဥသလင်စားငပေါင် တိုဝ်ကို စည်းတင်စား အရာပေးလျက် စည်းတင် ချောင်းသို့ ထွက်လေရာ။ခုနစ်လခန့်ရှိမှုစည်းတင်ချောင်းသား။အရိုင်းများ နှင့်။ ခြားနားလေသောအကြောင်းများကို မင်းကြီး သိတော်မူ လတ်လျှင်။အမတ်ကြီး မဟာပညာကျော်လျှောက်သည်ကား။ အရှင်မင်းမြတ်။ * ရာဇာနံ၊မင်းတို့သည်။အမတ္တာ၊အမတ်တို့ အား။ အဝေးအနီးထားရာ၌လည်းကောင်း။ ပေါသကာသာ၊အ

* အမတ်ကြီးလျှောက်စဉ်အခါကပင်ရှတ်တရက်နှုတ်ဘက်သမျှဖြစ်က တတ်ဆန်းပါဠိပြုလုပ်၍ လျှောက်ထားဟန်တူသည်။ ဤသို့အရင်းခံကမှ မှန် ကန်မည်မဟုတ်သောပါဠိများသည် ကာလရှည်လျှား အထပ်ထပ် မှားပြန် သောကြောင့် အမှန်အကန်ဖြစ်အောင်ပြင်ဆင်နိုင်ရန် အခွင့်မရှိပြီ။ သို့ဖြစ်၍ မူရှိသည့်အတိုင်းသာ ရိုက်နှိပ်ပါသည်။ ကောင်းမွန်သောမူကွဲများရရှိမှပြင် ဆင်ရန်ဖြစ်ပါသည်။ နောက်ကိုလည်းဤနည်းအတိုင်းသိပါ။

များသူတို့ ဆိုလှာသောစကားလည်းကောင်း။ နာပိကတံ၊ဆင်ခြင်နိုင်းရှည်ခြင်းမရှိမှုလျက်။အကတြဖ္ဗံ၊ မိမိစိတ်လိုက်မပြုရာ။ သပိခတံစ၊ဆင်ခြင်နိုင်းရှည်မှသာလျှင်။ ကတြဖ္ဗံ၊ ပြုဆိုရာ၏။ ကတြဖ္ဗံ၊ဆင်ခြင်သောသတိမရှိမှုကား။ သဉ္ဇပ္ပေါ၊များသောအမှုဖြင့်။ဘဝေ၊ရောက်ရာဘုံ။မဟာရာဇ၊ အရှင်မင်းမြတ်။မနုဿဝင်္ကံ၊ ကောက်သောသဘောရှိတတ်သောသူမှုကား။ အလဒ္ဓသတ္တပေါ၊ အကုသိုလ်မှုကို အားထုတ်တတ်သော။ လင်းကဲး။ ကတူ။တသျှ အမျိုးသည်လည်းကောင်း။ ကုလဟီနံ၊ ကုလားတရုပ်များလည်းကောင်း။ မိလက္ခုပ္ပေါ၊ချင်း။ကသည်း။ကရင်။ ကချင် အရိုင်းမျိုးများလည်းကောင်း။ ဇေတဝ၊ ထိုအမျိုးသားတို့သည်။ မဇ္ဇပါနံ၊သေရည်သေရက်သောက်စားခြင်း။ပါဏာတိပါတာ၊သူ၏အသက်ကိုသတ်ညှစ်စားတတ်။ ရက်ရောခြင်းပြုလေ့ရှိသော နှလုံးစွဲသည်ဖြစ်၍။ ဝိပရိတာယ၊ ဖေါက်ပြန်သောစိတ်ခိုင်ခန့်ခြင်းနှင့်သာ။ သဗ္ဗဒါ၊ အခါခပ်သိမ်းရှိလေရာသည်။ မဟာရာဇ၊ ဘုန်းသမ္ဘာပြည့်စုံသော အရှင် မင်းမြတ်။ အနိဋ္ဌံ၊ယုတ်သောအမှု။ သေသောက် ကြက်တိုက် အပျော်အရွှင်မှုကိုအလိုဝ်အားပြုသော။အပုရိသ၊ယောက်ျားယုတ်သည်လည်းကောင်း။ဓာဂံ၊သီလမရှိသွမ်းသွပ်ဝန်တိုသော။ဒုဿီ၊မိန်းမလည်းကောင်း။ မန္တံ၊ ထိုးကွင်းဆေးဝါး။ မန္တရားကိုအလိုရှိသော။ဘိက္ခုအလိကော၊ရသေ့ရဟန်းလည်းကောင်း။ သျှဏ္ဏရာစ၊နေလနက္ခတ်သရုပ်အကြောင်း။ ကောင်းကျိုး။မကောင်းကျိုးများကို။ မှန်စွာမဆိုနိုင်တတ်သော။ ဟူးရားဖြူ။ဟူးရားညိုတို့လည်းကောင်း။ ဝိသဿ၊သေစေတတ်သော အဆိပ်လည်းကောင်း။သိင်္ဂိ၊ ဥဂြိုဟ်ရှိသော သတ္တဝါတို့ သည်လည်းကောင်း။ သပ္ပေါ၊ အဆိပ်ရှိသောမြွေလည်းကောင်း။ ဥမ္မတ္တကော၊ အရူးလည်းကောင်း။ နဒီ၊မြစ်လည်းကောင်း။ နဝိဿာသော၊ ထိုသူအားယုံသောအမှုဖြင့်။နောပပဇ္ဇတော၊မပြုအပ်။ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ ဥဒုမ္ဗရပက္ကော၊ ရေသဖန်းသီးသည်။

ဗာဟိရာ၊ အပဥ္စ။ ရတ္တမေဝ၊ အရောင်အဆင်းရှိ၍။ အန္တော၊ အ
တွင်းမှုကား။ ကိပိလ္လိကာသမ္မန္နော၊ ပိုးကောင်အများ စက်ဆုပ်
ဘွယ်ရှိသကဲ့သို့။ ဒုဗ္ဘနဟာဒယံ၊ သူယုတ်တို့သညာသည်။ နအတ္ထံ၊
အကျိုးမရှိပျက်စီးတတ်၍။ ပဏ္ဍိတော၊ ပညာရှိသောသူတို့အ
သိမှုကား။ သူရိယော၊ နေသည်။ ဝိပရိတာယ၊ ဖေါက်ပြန်သဖြင့်။
ပစ္ဆိမဘာဂေ၊ အနောက်မျက်နှာက။ ဥဒယတိ၊ ထွက်ပေါ်အံ့။
မေရု၊ မြင်းမိုရ်တောင်သည်။ ဝိပရိတာယ၊ ဖေါက်ပြန်သဖြင့်။
စလတိ၊ တုန်လှုပ်အံ့။ ဥဏှောပိ၊ ရဲရဲတောက်သောမီးသည်။
စန္ဒနံ၊ စန္ဒကူးကဲ့သို့။ ဘဝတိ၊ ဖြစ်ရာ၍။ ပဒုမာ၊ ကြာပွင့်သည်။
မေရု၊ တောင်ထိပ်၌။ ဝိရူဟတိ၊ ရောက်ရာပွင့်ရာ၍။ သာဓုနော၊
ပညာရှိ သူတော်ကောင်းတို့စကားသည်။ ဓုဝံ၊ အမြဲတည်၍။
သေလေ၊ တောင်မည်ကာနိုက်။ မဏိ၊ ကျောက်မြတ်သည်။ နတ္ထိ၊
မရှိ။ ဂဇေ၊ ဆင်မည်ကာမျှ။ ရတ္တာဂဇံ၊ ဆင်ပြူမဟုတ်။ ဝနေ၊ တော
မည်ကာမျှ။ နစန္ဒနဉ္စ၊ စန္ဒကူးမရှိ။ မနုဿော၊ လူမည်ကာမျှ။ န
ပဏ္ဍိတော၊ ပညာရှိမဟုတ်။ မဟာရာဇ၊ မင်းမြတ်။ လောကေ၊
လောက၌။ ဘိက္ခု၊ ရဟန်းသည်။ အသန္တုဋ္ဌော၊ လိုဝ်ချင်တတ်
သောအမှုတို့ကို ပြုသဖြင့်လည်းကောင်း။ ကုလဒူသကာ၊ အာ
ပတ်နှင့်အသက်မွေးခြင်းလည်းကောင်း ပြုတတ်သော အကြင်
ရဟန်းသည်။ သန္တာပေါ၊ မှားသောအပြစ်ရှိခြင်းကြောင့် ပျက်
စီးရာ၍။ ရာဇိနောပိ၊ မင်းတို့မှာလည်း။ နာရိနံ၊ မိန်းမစကားကို
နားထောင်ခြင်းကြောင့်လည်းကောင်း။ ဟီနအမစ္စော၊ မင်းမှား
စေမှုပြုတတ်သောအမတ်ယုတ်နှင့် လိုက်သင့်ရောနှော ပြုတတ်
ခြင်းလည်းကောင်း။ အဇယံ၊ မအောင်အပ်သောသူအား။ ဇယံ၊
အောင်သောအမှုကိုပြုတတ်ခြင်းလည်းကောင်း။ တထာ၊ ထိုသို့
သဘောအကျင့်ရှိသော။ ရာဇာ၊ မင်းသည်။ သန္တာပေါ၊ မှား
သောအမှုဖြင့် ပျက်စီးခြင်းသို့။ ဘဝေ၊ ရောက်၍။ မာတာဟိ
နဿ၊ အမိယုတ်သော သားသွီးတို့သည်ကား။ သုဘာသိတာ၊
ကောင်းသော အမှုတို့ကို။ နပဿေယျ၊ မပြုတတ်ပြီ။ ပိတာဟိ

နသဿ၊ အဘာယုတ်သောသားသွီးတို့မှုကား။ ပဉ္စကာမတော၊ ငါး
ပါးသီလတို့ကို။ နပသေယျ၊ မစောင့်မကျင့်လွန်စွာသွမ်းဖျင်း
အဝိဇ္ဇာမှုကိုပြုတတ်၏၊ ဝိသာရမေ၊ မိဘာယုတ်၍။ ပုတ္တသအ
တိဇာတော၊ မြင့်မြတ်သောသားတို့မှုကား။ ယော၊ အကြင်သူ
သည်။ သမ္ဗုဒ္ဓါနံ၊ ဘုရားလောင်းသူတကာထက် ထူးသောအကြံ
လည်းကောင်း။ သူတပါးနှင့်မဆက်မဆံသောဉာဏ်ပညာရင်း။
အနုသမဏ္ဍ၊ သူတပါးတို့မပြုနိုင်သောအမှုတို့ကိုရင်း။ အမနုဿ
မစ္စ၊ ထိုသူမမြင်နိုင်သော အမှုတို့ကိုရင်း။ ကမ္မတော၊ ဆောင်
တတ်မြင်တတ်ခြင်းရင်းရှိ၏။ တာနိစေ၊ အငွန့်ရှည်သောအမှုတို့
ကိုဆောင်တတ်ခြင်းရှိ၏။ ယော၊ အကြင်သူမြတ်အား။ ဗန္ဓုမိတ္တံ၊
အဆွေ ခင်ပွန်းကောင်း။ အနာဂတံ၊ နောင်ပွင့်အံ့သော ဘုရား
လောင်း။ သော၊ ထိုသူသည်။ အနာလဝေါ၊ မမြင်သော။ အလဒ္ဓေါ၊
စဉ်းလဲးအကြံပညာဉာဏ်လည်း သူတပါးထက်လွန်ထသော။
တိဖလံ၊ ဆန်းကြယ်သော စကားကိုလည်းဆိုတတ်ထသော။
တထာဂတာ၊ လာခြင်းကောင်းသောသူတို့အား။ ပညာသဝိဒ္ဓေါ၊
ဆင်ခြင်သိရာသော အကြောင်းမှုလည်း။ ဥဒကော၊ ရေတိမ်ရေ
နက်ကိုသိလိုသော်။ ကုမုဒနာလိ၊ ကြာရိုး ကြာစွယ်ကို မြင်သ
ဖြင့်သိရာသည်။ ပထဝိပြမာနံ၊ မြေကောင်း မကောင်းသည်ကို
သိလိုသော်။ တိဏမိလာတံ၊ မြေဇာ မြက်ကို လည်းကောင်း။
သေလောဒကံ၊ အရသာရှိသော သဲမြေကိုလည်းကောင်းမြင်
လေမှုသိရာ၏။ ကုလဇာတံ၊ အမျိုးမြတ်သူအားသိလိုမှုလည်း။ ။
ဝိနယေ ဗဟူသုပညာဗလံ။ ။ ဝိနယေ၊ ဆန်းကြယ်အကြံဉာဏ်
ပညာရှိခြင်း။ ဗဟုသု၊ သူထက်လွန်သောအကျိုးကိုရှက်ဆောင်
တတ်ခြင်း။ ပညာဗလံ၊ ပညာအားကြီးခြင်း။ ယော၊ အကြင်သူ
သည်။ ကုလဇာတော၊ သူထက်မြင့်မြတ်သောသူတို့အား။ သု
ရက္ခိတော၊ ကောင်းစွာစောင့်အပ်၏။ အတ္တနော၊ မိမိကိုယ်၌။
ဒုက္ခိတော၊ အကယ်၍ ဆင်းရဲးအံ့။ ဟိနကမ္မံ၊ ယုတ်သောအမှု
ယုတ်သောအကျင့်ကို။ နဘာဇေယ၊ မပြုမကျင့်မပြောဆိုပြီ။ တံ၊

ထိုသူသည်။ မေဓာဝီ၊ ပညာရှိဟူ၍။ ဉေယျာ၊ သိရာ၏။ ရာဇာနံ၊ မင်းတို့သည်။ ဧကယာမော၊ တယံသာလျှင်။ သေယျော၊ အိပ်စက်ရာ၏။ တရိကမ္ဗိ၊ သုံးယံသော်ကား။ ဗဟု၊ များသောပြည်သူ သတ္တဝါသာလျှင် သာယာခြင်းကိုလည်းကောင်း။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဒုက္ခမှထွက်မြောက်ရာသော တရားကို ရင်း။ ဝါယာမော၊ လုံ့လထုတ်၍နေရာ၏။ အမတ္တာ၊ အမတ်တို့ သည်ကား။ ဒွေယာမော၊ နှစ်ယံသာလျှင်။ သေယျော၊ အိပ်စက် ရာ၏။ ဒွေပရံ၊ နှစ်ယံမှုကား။ ဆိုခဲ့ပြီးသောအမှုကိုလည်းကောင်း။ ဆိုရအံ့သောအမှုကိုလည်းကောင်း။ မိမိသီလ အကျင့်တရားမြဲ စေသောအမှုကိုလည်းကောင်း။ ဝါယာမော၊ လုံ့လပြု၍နေရာ ၏။ သဗ္ဗ၊ ခပ်သိမ်းသောသူတို့မှာကား။ တိယာမော၊ သုံးယံသာ လျှင်။ သေယျော၊ အိပ်ရာ၏။ ဧကော၊ တယံမှုကား။ သမ္မာဝါယာ မော၊ ကောင်းသော အသက်မွေးခြင်းကိုနှလုံးသွင်းလျက် မိမိသီ လဖြင့်မြဲစေရသော လုံ့လဖြင့်နေရာ၏။ စတုအနေကမတော၊ လေးယံအိပ်သောသူမှုကား။ ဥမ္မတ္တကော၊ အရူးလည်းကောင်း။ ယာစကော၊ တောင်း၍စားတတ်သောယာစကာလည်းကောင်း။ မဇ္ဈပါနံ၊ သေသောက်တတ်သောသူအားလည်းကောင်း။ တရိ၊ ထိုသုံးမျိုးသော်ကား။ စတု၊ လေးယံလွန်စွာအိပ်တတ်၏။ ဌာနဋ္ဌ၊ အကြင်ဌာနအရပ်၌။ ရာဇာသုညံ၊ မင်းသည် စိုးမိုးအံ့။ ယောရေ ဇာ၊ အကြင်မင်းသည်။ ပညာသဝံ၊ ပညာမရှိခြင်းကြောင့်။ ပရေ သံ၊ သူတပါးတို့စကားကို။ ခလေခလေ၊ ယုံမှားတတ်၏။ ပုရိသံ ဣတ္ထိလာဘံ။  ။ပုရိသံ၊ ယောကျ်ားလည်းကောင်း။ ဣတ္ထိ၊ မိန်းမ လည်းကောင်း။ ခနံ၊ ဥစ္စာပေးသည်ရှိသော်။ လာဘံ၊ လပ်ကိုခံယူ တတ်၏။ နတထာဂတော၊ လာခြင်းမကောင်းထိုမင်းတို့အစိုးရ သောအရပ်၌။ အတိကာံ၊ အပင်။ ပတ္တံ၊ အရွက်။ ဖလံ၊ အသီးတို့ သည်မ့ဖွံ့မဖြိုး အရသာမရှိလေရာ။ ဝသန္တော၊ မိုးသည်လည်း။ နကာပ္ပတိ၊ မညီမညွတ်ရွာရ၏။ ဝတ္ထုံ၊ အမွေးအနံ့တို့သည်လည်း နည်းကုန်၏။ မဟာရာဇ၊ အရှင်မင်းမြတ်။ သူချော၊ သူရဲကောင်း

ကိုလိုသော်။ ဒသပုရိသံ၊ တကျိပ်သောယောကျ်ားနှ္ခ။ ဧကော၊ တယောက်သော သူသည်။ သူရော၊ သူရဲးကို ရပါအံ့။ ပဏ္ဍိ တော၊ ပညာရှိမူကား။ သဟဿေသု၊ တထောင်သော သူနှ္ခ ရှာသော်လည်း။ ဧကော၊ တယောက်သောသူကို။ ဓာယတော၊ ကျွန်ခြင်း၌။ နတ္ထိ၊ အဘယ်မှာရအံ့နည်း။ ဗာလော၊ အကြင် သူ မိုက်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ပဏ္ဍိတံ၊ ပညာရှိနှင့်။ ပယိရုပါသတိ၊ ပေါင်းဘက် ဆည်းကပ် မိသော်လည်း။ ဗာ လော၊ လူမိုက်သည်။ ဓမ္မံ၊ တရားကို။ ကိံဓာနာတိ၊ အတိမှာသိရ အံ့နည်း။ ပဏ္ဍိတာ၊ ပညာရှိတို့မူကား။ အတ္တဓနံ၊ ကိုယ်ဥစ္စာပါး ရှားခြင်းကို လည်းကောင်း။ မနောဒုက္ခံ၊ နှလုံး ဆင်းရဲးခြင်းကို လည်းကောင်း။ မနုဿဓာကာံ၊ သူမိုက်လှည့်စားသောစကားကို လိုက်နာမိခြင်းကိုလည်းကောင်း။ နာရိပုတ္တညာတကာနံ၊ သား မယားဆွေမျိုးမိဘတို့ ဆိုဝ်းသွမ်းသော အမှုကိုလည်းကောင်း။ အတ္တဒေါသံ၊ မိမိဒေါသရှိခြင်းကိုလည်းကောင်း။ ပရော၊ သူတ ပါးအား။ နဓညာ၊ မသိစေရာ။ ပရဿ၊ သူတပါး၏။ ဒေါသံ၊ ဒေါ သအမျက်ကိုသာ။ ဓညာစ၊ သိစေရာ၏။ အဒန္တံ၊ မယဉ်ကျေး သော သူအားလည်း။ ဓနံ၊ ဥစ္စာပေးကမ်း မြှောက်မြှင့်၍ ယဉ် ကျေးစေရာ၏။ ဒေါသံ၊ ဒေါသအမျက်ကြီးသောသူအားလည်း။ အဥ္ဇလိံ၊ ချိုးပင့်ပြောဆိုခြင်းနှင့်ယဉ်စေရာ၏။ ကာကာစ၊ ကျီး များ အလယ်၌။ သာမဂ်ါ၊ ဟသ်ာငှက်သည်။ နသောဘတိ၊ မ တင့်တယ်။ ဂေါဓော၊ နွားများအလယ်၌။ သိဟရာဇာ၊ ခြင်္သေ့မင်း သည်။ နသောဘတိ၊ မတင့်တယ်။ ဗာလာနံ၊ သူမိုက်အလယ်၌။ ပဏ္ဍိတော၊ ပညာရှိသည်။ နသောဘတိ၊ မတင့်တယ်။ အနုဒ ကာ၊ ရေမရှိသော။ နဒီ၊ မြစ်သည်။ နသောဘတိ၊ မတင့်တယ်။ အ ရာဇိကာံ၊ မင်းမရှိသော။ ရဋ္ဌံ၊ အကြင်တိုင်းပြည်သည်။ နသောဘ တိ၊ မတင့်တယ်။ ဇုတ္တိ၊ မိန်းမသည်။ အသာမိကာ၊ လင်မရှိမူ။ နသောဘတိ၊ မတင့်တယ်။ ပုရိသော၊ ယောကျ်ားသည်။ အဘရိ ယာ၊ မယားမရှိက။ နသောဘတိ၊ မတင့်တယ်။ ရာဇာ၊ မင်းတို့၌။

နအမရွော့ဗလံ၊ ပညာအားကြီးသော အမတ်မရှိက။ နသောဘာတိ၊ မတင့်တယ်။ အမစ္စေ၊ အမတ်၌လည်း။ ပညာသဝံ၊ ဆန်းကြယ်သောဉာဏ်ပညာ မရှိက။ နသောဘာတိ၊ မတင့်တယ်။ရာဇာနံ၊မင်းနှိုက်လည်း။ နာရိစ၊မိန်းမအလိုသို့လိုက်သဖြင့်။နသောဘာတိ၊မတင့်တယ်။ဣတ္ထိ၊မိန်းမတို့၌။ရုပ်၊အဆင်းရှိလျက်။ ဇာဂံ၊အကျင့်မရှိက။နသောဘာတိ၊မတင့်တယ်။ ဘိက္ခု၊ရသေ့ရဟန်းတို့၌။ ခမာ၊ သည်းခံခြင်းမရှိသောရဟန်းသည်။ နသောဘာတိ၊ မတင့်တယ်။ ရုက္ခသာ၊ သစ်ပင်တို့သည်။ ပတ္တံ၊ အရွက်မရှိက။ နသောဘာတိ၊မတင့်တယ်။ ရတ္တဂဇံ၊ ဆင်ဖြူဖြစ်လျက်။ ခရသာ၊ ကြမ်းတမ်းသဖြင့်။ နသောဘာတိ၊မတင့်တယ်။ နာဝါ၊လှေတို့၌။ ပဒံ၊တက်မရှိက။ နသောဘာတိ၊ မတင့်တယ်။ သိင်္ဂီ၊ဦးချိုရှိသော သတ္တဝါတို့နှိုက်။ နသိင်္ဂံ၊ဦးချိုမရှိက။နသောဘာတိ၊မတင့်တယ်။ မဟာရာဇ၊ လိမ္မာတော်မူသောအရှင်မင်းမြတ်။ မနုဿာနံ၊လူတို့၌လည်းကောင်း။ ဒေဝါနံ၊နတ်တို့၌လည်းကောင်း။ ဗုဒ္ဓသာသနံ၊ တရားဩဇာ။အရသာထက်မြတ်ခြင်းသည်။ နတ္ထိ၊မရှိ။ ပညာသဝံ၊ ပညာဉာဏ်ထိုးထွင်း သိမြင်နိုင်တတ်သော သူထက်။ ဝရံ၊ မြတ်ခြင်းသည်လည်း။နတ္ထိ၊ မရှိ။စတုသစ္စံ၊လေးတန်သောသစ္စာစကားထက်မြတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ အတ္တသမံ၊ကိုယ်ထက်ယုံသင့်ချစ်အပ်သင့်သောသူသည်။နတ္ထိ၊မရှိ။ ။

ထိုသို့သက်သေနှင့် အမတ်ကြီးလျှောက်သော်။ ပြည့်ရှင်မင်းကြီးအမိန့်တော်ရှိသည်ကား။ ငပေါင်တိုဝ်ငယ်သည် အဘမှာပြု။ အမိသော်ကား ကုလား ရောနှောသည့်သား။ သင့်ဘိုးဘိုးလည်း မှူးမျိုး မတ်မျိုးမဟုတ်။ သင့်ဘငနိုးသည် ခမည်းတော်ဘုရားကုလားပြည်ကို သိမ်းတော်မူသောကာလမှ။ အမှုထမ်းလိုဝ်ကြောင်းလျှောက်သော်။ အပြန်တွင် ထမ်းရည်ကိုထောက်၍။ ယိုးစားအရာပေးတော်မူလေသည်။ သင့်အဘအသုံးရသောကြောင့်။ သင့်ကိုကျေးရွာပေးသည်။ သင့်ကိုဘယ်သို့ ပြုရမည်မေးတော်မူလေသော်အမတ်ကြီးကလျှောက်ပြန်သည်ကား။ အ

ရှင်မင်းမြတ်။ သူရိက်နိုင်လိုဝ်မှု မြှောက်မြှင့် ရာသည်။ ရှေးသူဟောင်းတို့စကားရှိပါသည်။ ငပေါင်တိုဝ်ကိုမြှောက်မြှင့်တော်မူပါရမည် လျှောက်လေလျှင်။ ပြည့်ရှင်မင်းကြီးကလည်း။ ရာဇပရိယာယ်ဖြင့် မြို့သစ်စားသို့ စာပေးတော် မူပြီးမှ စည်းတင်ငပေါင်တိုဝ်ကိုမြို့သစ်စားအရာလည်း ကျေးကြီးရွာကြီးထပ်၍ပေးတော်မူသည့် အမိန့်တော် အပ်စေတော် မူလေရာ။ ငပေါင်တိုဝ်အားမြောက်၍အလုံးအရင်းများပြိုကြဲလျက်၊မြို့သစ်ကိုသိမ်းမည်ဗိုလ်ခြေနှင့်သွားလေသော်။ မြို့သစ်စားကရဲမက်နှစ်ကွဲအသင့်ထားပြီးမှ လာလမ်းက ဆီးဆိုဝ့်ဖမ်းသောအခါငပေါင်တိုဝ်ကိုဖမ်းမိ၍ ဆက်ပို့လှာသည်။ ယင်းသောကာလ ငပေါင်တိုဝ်ကိုစီရင်မည်ရှိသည်တွင်။ အမတ်ကြီး လျှောက်ပြန်သည်ကား။ အရှင်မင်းမြတ်။ ကျွန်တော်မျိုးငပေါင်တိုဝ်ကို။ ဆယ်နှစ်ကျော်ဉသလင်ချောင်းစားပေး၍ထားသည့်ကာလ။ မည်သို့အကြောင်းမရှိပါ။တန်ရာတွင်မထား။ လွန်၍ထားချေသောကြောင့်ငပေါင်တိုဝ်ကို မာန်မြှောက်ခြင်းသာဖြစ်ပါသည်။ အနေအထားအစားကျေးရွာသင့်တော်မှ။ အရှည်သဖြင့် ကျေးကျွန် အသုံးတော်ရပါမည်။ လူနှင့်မတန် လွန်၍ပြုချေသော်။ ကျွန်ကိုအရှင်စီရင်ရ၍ကျေးကျွန်ကုန်ပါမည်။ငပေါင်တိုဝ်ကိုအရှင်မင်းမြတ်အမြှောက်လွန်၍ ငပေါင်တိုဝ် မာန်လွန်သည့်အမှု ဖြစ်ပါသည် လျှောက်လေသော်။ ငပေါင်တိုဝ်ကို ချမ်းသာပေးတော်မူ၍။ သားမယားစည်းစိမ်နှင့်တကွ၊အမတ်ကြီးသို့ပေးအပ်တော်မူသည်။ ။

တရံရောအခါမှုလည်း။ ပြည့်ရှင်မင်းကြီး ငယ်ကျွန် ငစနေကို မယူစားအရာပေးတော်မူ၍ စားကျေးမယူသို့ငစနေထွက်သွား လေသော အခါ၌၊ ရွှေကွမ်းချပ်ကို ဆောင်၍ စားသုံးကြောင်းကို သိလေရာ။ ငစနေကို ခေါ်တော်မူပြီးမှ။ စားကျေးကိုနုတ်တော်မူ၍။ မင်းမပေးမှုလျက် မင်းသုံးမင်းဆောင်ကို စားသုံးသော သူဖြစ်သည်။ အပြစ်ထိုက်ရာ စီရင်မည် ရှိသောအခါ။ အမတ်ကြီးမဟာပညာကျော် လျှောက်သည်ကား။ အရှင်

မင်းမြတ်။ အနဘိက္ခ၊သဘင်သည်လည်းကောင်း။ ကတပတာ၊ သတ်ပုတ်ခြင်းကိုအလိုရှိသောသူသည်လည်းကောင်း။ ပညာ သဝံ၊ထိုးထွင်းသော ပညာမရှိဆိုင်မိဆိုင်ရာနှင့် သူအတင်းကို ယှုတ်ချတတ်သော သူလည်းကောင်း။ ဗုဒ္ဓသာသန်၊ မြတ်စွာ ဘုရားသာသနာတော်ကို ဆောင်သော ရဟန်းဖြစ်လျက် ထိုး ကွင်းလက်ဖွဲ့ ဆေးဝါး မန္တာရားကို လေ့သော ရဟန်းလည်း ကောင်း။ အမစ္ဆော၊ အမတ်ဖြစ်လျက် မင်းသုံးမင်းဆောင်ကိုအ လိုရှိခြင်းလည်းကောင်း။ မစ္ဆပါနံ၊ သေရည် သေရက် ကြိုက် တတ်သောသူလည်းကောင်း။ရာဇာ၊မင်း၏ အချစ်ကို ယုံသော သူလည်းကောင်း။ သိဂ်ံ၊ ဥပြိုရှိသော သတ္တဝါတို့နှင့် ရောနှော ကျွမ်းဝင်ပြုတတ်သော သူလည်းကောင်း။ အဋ္ဌ၊ထိုရှစ်ယောက် သောသူသည်။ ဥမ္မတ္တကော၊ သူရူးအဝင်တည်း။ ။ရာဇဗလံ စတုအမစ္စေဝေဿဝဏော။ ။ရာဇ၊မင်းတို့။ ဗလံ၊အားပြုတတ် သော။ ဝေဿဝဏော၊နတ်နှင့်တူသော။ စတု၊လေးယောံသော ဝင်းမှူးတို့သာလျှင် သံလျက်လက်စွဲး၍။ ရာဇာ၊ မင်းနေသောနန်း သို့ဝင်စေရာသည်။ ဗဟုသုတ၊လောကီပညာကိုလိုသော်။ ဝိဇ္ဇာ၊ မန္တံကိုတတ်သော သူအား ဆည်းကပ်ရာသည်။ ရာဇမစ္စေ၊မင်း ချစ်စေလိုမူ။ ဇ္ဈာဂတော၊ မင်း အလိုဝ် ရှိသော အမှုကိုရွက် ဆောင်ရာသည်။ 'သဇေ၊ သူတပါးတို့မှုကား။ ပေသနေ၊ စေပါး သောအခွင့်၌။ ဇာနေယျ၊စုံစမ်းဆင်ခြင်ရာသည်။ ။အရှင်မင်း မြတ် အနီးထားအပ်သောသူ။ အဝေးလွှတ်အပ်သောသူ။ ထိုနှစ် ဦး၌အဝေးထားသင့်သော သူအားအပါးအနီးထားချေသော်။မင်း ရိပ်မင်းခြေ။မင်းနေမင်းသွား။မင်းပါးမကျွမ်းဟော့ရမ်းသွမ်းသွပ် လေရာသည်။ အနီး ထားသင့်သော သူအား အဝေးထားသော်။ မင်းကျွမ်းဝင်၍မဆင်ခြင်ကျင့်တတ်ပါသည်။ရှေးပညာရှိစကား တွင်လည်း။ မင်းကလွန်သော် မာန်ကို သိမ်းသင့် ကြောင်း ထုံး ဟောင်းရှိပါသည်ချောက်လေလျှင်။ ငစနေကိုဝ် အပြစ်မှချမ်း သာစေ၍ အတွင်းသုံးမြဲသုံးစေသည်။ ။

တရံသောအခါ၌၊ ပြည့်ရှင်မင်း ယိုဝ်းကျွန်းသို့ ဆင်ဖမ်းမည် ထွက်တော်မူလေသော်။ ဆင်တော်နတ်ရောင်ကိုမင်းကိုယ်စီး၍ ဆင်ရိုင်းကို လိုက်ဖမ်းလေမူ။ တောတောင်အနှံ့ လှည့်ပတ်လေရာ။ စားတော်မွတ်သိပ်ပင်ပန်းလေသောအခါ။ အမတ်ကြီးမဟာပညာကျော် လျှောက်သော ရှေးထုံးဟောင်း အကြောင်းတွင်။ ရေမြေရှင်တို့ဆင်ခြင်အပ်သောအရာကို ထုတ်ဖေါ်ပြသ၍။ မင်းကြီးထံ လျှောက်ထားသည်ကား။ အရှင်မင်းမြတ်။ ရေမြေကိုအစိုးရသော မင်းတို့သည်။ ဆင်ထိန်း၊ မြင်းထိန်း။ သဘင်သည်။ ရဆိုးတငါတို့နှင့်အကျွမ်းမဝင်ရာ။ ပရံ၊ သူတပါးတို့သွေးဆောင်ရာအရပ်၌လည်းကောင်း။ ပရံ၊ သူတပါးတို့ဆိုလှာသော စကား၌လည်းကောင်းမယုံမသွားရာ။ သူတထူးစကားကို ယုံသောအမှုနှင့်။ အသက်မွေးယုတ်သော ရဆိုး တငါမှ တုံသော်လည်း မှားကြောင်း ထုံးဟောင်း ရှိသည်မှာ။ ဓနုက လက်ပန်း သည် ယောကျာ်းသည် လက်ပန်းအရာ အင်္ဂါအစုံတတ်သူဖြစ်လျက်။ ဗလဒေဝနှင့် ဆိုင်ပြိုင်ကြမည်ရှိရာ၌။ သဝန်တိုဟူသောအမတ်ကဆေးဝါးပေးလေသော်။ ထိုသူ ပေးသောဆေးကို ယုံသဖြင့် ပေါ့လျော့ချေ၍။ ဗလဒေဝသတ်သော ဒဏ်ကြောင့် ပွဲအတွင်း ဓနုက သေဆုံးရဘူးလေသည်။ မန္တရိယတငါမူလည်းအခါခပ်သိမ်း မိမိပိုက်ချက်ကို အလိုရှိသော ကာလ။ တငါတဦးသည် လှည့်ဖြားလျက် ငါးအများကိုလှေနှင့်တင်၍ မန္တရိယတငါ အိမ်ဆိပ်၌ဆိုက်လေရာ။ မည်သည့်အရပ်ကရသနည်းဟု မေးလေလျှင်။ ဂင်္ဂါမြစ်ဝ၌ ပိုက်ချက်ကောင်း၍ရခဲ့သည် လှည့်ဖြားသောစကားကို။ မန္တရိယတငါ ယုံလေလျက်။ နံနက်စောစော ထ၍ တပည့် ငါးရာနှင့်သွားပြီးသော်။ ဂင်္ဂါဝတွင် ပိုက်ချလေမူ။ ပင်လယ်ရေတံပိုင်းကြီးစွာလာလတ်၍ စုံစမ်းမရှိသည့် သူတပါးစကားကို ယုံကြည်သောအပြစ်ဆိုက်လှာ၍ မန္တရိယတငါနှင့်တပည့်ငါးရာသေဆုံးဘူးလေသည်။ အယုဇ္ဈပူရတိုင်း၌။ ဒွါရာဝတိမြို့က။ ဇမ္ဗူဒိပါကိုအစိုးရတော်မူသောဒသဘာတိကညီနောင်၌

တကျိပ်တို့သည်။ ပျက်ချိန်နီးလတ်သော်။ အမတ်ယုတ် ကုန်းချောသောစကားကို ယုံသဖြင့် ညီနောင်တကျိပ်ရေကစားရာ၌ အချင်းချင်းသတ်ပုတ်ကြ၍ပျက်စီး သေဆုံးဘူးလေသည်။ယင်းသို့ထုံးဟောင်းရှိသည်ဖြစ်၍။ အမှုတကာကိုယှဉ်တွဲ၍ ယှဉ်တွဲ၍။ မိမိပညာဉာဏ်ဖြင့် ဆင်ခြင်ပြီးမှ။ ပညာရှိတို့နှင့် တဖန်ညှိပြန်ရာသည်။ သူမိုက်အများ ဆိုးကောင်းမြှောက်မြှင့် နှိပ်ချ ဆိုသော်လည်းအကျိုးအပြစ်မရှိ။ ပညာရှိတယောက် အပြစ်ကိုကြောက်၍အကျိုးဆိုသည်ကိုသာ အလိုရှိရပါမည်။ ထိုသို့ထုံးဟောင်းရှိသည်နှင့်အညီ ရှေးပညာရှိတို့ဆိုခဲ့သည့်စကားမှုလည်း။ ။အကြင်သသူ။လူတို့ခလေ့။ မမေ့ရှည်ကြာ။ မိတ္တာဇိဝ။လုမ်းပန်းကြ၍။ အစမထင်။ ချစ်ရှင်မြတ်ဖျား။ ဘုရားသာသနာ။ ရောင်ဝါမဝင်း။အလင်းမနှော။ သဘောမကုန်။ လုဘုံနတ်ရပ်။ကြမ္မာတတ်မင်း။ နှောင်အိမ်သွင်းသို့။ မကင်းဇာတိ။ မိမိခန္ဓာ။သုရာယစ်မျိုး။ငါးပါးဆိုးလည်း။ မညှိုးမကြို။ တောချုံ ပိတ်ပေါင်း။ တဏှာချောင်းတွင်း။ ဥကွေ့ခြောင်းမွှမ်းနှစ်။ အသစ်သစ်သာ။ ဝိညာဏကန်။ အမှန်ကပ်လျှဉ်း။ သံယောဇဉ်လည်း။ မယဉ်သောအား။ ကံသုံးပါးမူ။ တံခါးဟောင်းလင်း။ သာချင်းချင်းဖြင့်။ နိုင်နင်း တတ်စွာ။ သတ္တဝါကို။ ပညာဝေဘန်။ အမြင်သန်မှ။ သုဉာဏ်သုဂုဏ်။ မသုန်မဖျင်း။အလင်းဝိဇ္ဇာ။သံသရာ၌။ဘီလာမသွား။သုံးပါးဗိန္ဒု။လဟုသရ။ အမကြွက်ခြေ။ အဖြေအမေး။ဆိုရေးလိမ္မာ။သုပုဏ္ဏာကို။လွယ်ကာဖြေရ။ တခဏခြင်း။ ကြွင်းမဲ့သိမူ။ သူတယောက်စင်။ချိုးမွှမ်းလျှင်မှ။ လူတွင်လူမြတ်။ နတ်ကားကြည်ညို႕ဝ်။ မင်္ဂလိရကြောင်း။ ဆုမတောင်းလည်း။ လူပေါင်း ပြီးစီး။ ဆုရပြီးတည့်။ထုံးမှီးကျမ်းလာ။ သို့အရာတွင်။ ပညာမပြောင်း။ မောဟဆောင်၍။ သံကြောင်ပဒ။ ပရမတ္ထ။ဒေါသထုထု။ ညှုစုစောင်းမြောင်း။ မကောင်းဒုစရိုက်။သူမိုက်ကုဋေ။သနေ်ျသနျာ။ညီညာမြှောက်မြှင့်။တဖြင့်စုတ်ငဲ့။ကဲ့ရဲ့ရှုတ်ချ။ ဆိုပြန်ကလည်း။ မြူမှုမသိမ်း။ မနွမ်းလေရာ။ ဥပမာကာ့း။ ဂင်္ဂါ ရေကြော။ တိုက်လွှင့်

မျှောသည်။ သဘော်ာတို့တမ်း။ ဆိပ်ကမ်းမမြင်။ပင်လယ်ပြင်၌။ ဘယ်တွင်ဘယ်သို့။ရောက်တို့သနည်း။အသည်းကြွေလူ။တရုရှ နှင့်။ ဗိုလ်ထုများစွာ။လူတကာထက်။သိဒ္ဓိမြစ်လမ်း။သိန္ဓိုင်စွမ်း ၍။ဖြောင့်တမ်းမတိမ်း။ ရွက်သိမ်းရွက်ဖွင့်။ ဆိုက်သင့် အရပ်။ လေကာပ်ရေကြောင်း။ မစောင်းရအောင်။ဆောင်နိုင်သောအား။ တယောက်သားသာ။ ထင်ရှားကျော်ရှိန်။မာလိန်ခေါ်ကြ။ထို့နှင့် ဆသော်။ဇာဂ်လသား။တရားတိမ်မှာ။ သိန္ဓိုင်ရာလိမ့်။ မိစ္ဆာတို့ကား။ လောကခံသည်။ ။မငံသညာဟော့ရမ်းတည်း။ ။

သူမိုက်တို့လက္ခဏာကို ကျမ်းဂန်လာသည်မှာလည်း။

ဒေါသောအတ္တံနဇာနာတိ၊မောဟောဓမ္မံနပဿတိ။
အတ္တပမာနဇာနာတိ၊ ယထာယဒေါသောသဟာတေန။
ယောဗာလောအမန္တဿဗာလော။ ။

ဟူလျက် သူမိုက်တို့ စကားကို မယုံအပ်သော အကြောင်း ထုံးဟောင်း ကျမ်းဂန်နှင့် ဗျောက်လေသော်။ ပြည့်ရှင်မင်းကြီး လည်းကြည်ညိုတော်မူ၍။ အမတ်ကြီးကို ရွှေကွမ်းချပ် ပေးသ နားတော်မူလေသည်။ ။

တရံသောအခါမူလည်း။ မြောက်မိဘုရား ရှင်နှောင်းသည်။ မိန်းမစိုး မောလိတ်ကုလားတယောက်ကို ဆေးပေး၍ အဂ်ါရုံ သောကာလ။ မိဘုရားနှင့် ယည်ပါးကြ လေသောအခါ။ မိစ္ဆာ နတ်နန်းသို့ဝင်၍ ချောက်လှန့်သည်။ လင်ကောင်ပိုးဌက်ဆိုးမင်း စက်တော်မူသောအဆောင်တော်သို့ဝင်၍ မြည်သည်။ မင်းသုံး မင်းဆောင်ကျိုးပျောက်သည်။ ထိုသို့အကြောင်းရှိသောအခါအ မတ်ကြီးကို မေးတော်မူလေသော်။ ဗျောက်သည့် ထုံးမှုကား။ အရှင်မင်းမြတ်။ ဘေးတော် ဖြစ်သော သာရဇိန္ဒ မင်းသည်။ ဥယဉ်သို့ထွက်တော်မူရာနိုက် ရထားဝင်ရိုး ကျိုးလေမူ။ ထိုအ ကြောင်းကိုအမတ်ကြီးစိတ္တဝရဗျောက်သည့်ထုံး၌အဆိုသော်

ကား။ ။ရာဇဒေဝီ၊မိဘုရားတို့လည်းကောင်း။ ရာဇပုတ္တ၊သား
သွီးတို့လည်းကောင်း။ အလိဒ္ဓိ၊ ယုတ်သောအမှု။ ဇာကံ၊အမျိုး
မစောင့်။ ဟီနပရံကုလံ၊ ယုတ်မာသော တပါး အမျိုးသားတို့
နှင့်ယှည်ပါး ရောနှောမိအံ့။ ရာဇာ၊ မင်း၏၊ ပလိဗောဓာ၊ အသုံး
အဆောင်လည်း ကျိုးပျောက်ရာ၏။ မိတ္တာ၊ နတ်တို့သည်သည်း
ကောင်း။ အသာ၊ ယုတ်မာသောတိတ်။ ယုတ်မာသော ငှက်ဆိုး
ပျားပတုန်းသည် ဝင်ရောက်ရာ၏ ထင်သော နိမိတ်ကိုပြရာ၏
ချောက်လေမှု။ ထိုမင်းကြီးသာရဇ်နွှသည်လည်း မည်သို့ မဆို
နေတော်မူ၍ ရာဇပရိယာယ်ဖြင့် စုံစမ်းသော်၊ သွီးတော်သုဝဏ္ဏ
ကုမ္မာသည်စောင်းသွားနှင့်ယှည်ပါးကြောင်းကိုသိတော်မူလေ
သည်။ ယင်းသို့ထုံးဟောင်းအသာကိုထောက်၍ ယခုလည်းအ
ကြောင်း ထင်လှာပြန်သည်။ နန်းသူတို့ သိက္ခာမထိန်း လျော့လျှ
ရှိချေပြီ ထင်ပါသည်ချောက်လေသော်။ မင်းကြီးသည်း ဆိတ်
ဆိတ်နေတော်မူ၍ပူးစမ်းတော်မူသောအခါ၊ မိဘုရားနှင့်ကုလား
များကြောင်းကို သိတော်မူလေရာ၊ ထိုအကြောင်းကိုအမတ်ကြီး
သို့ပြန်တော်မူလေလျှင်။အမတ်ကြီး ချောက်ပြန်သည်မှာ။ဘုန်း
ကြက်သရေရှိတော်မူသော အရှင်မင်းကြီး။ ရှေးပညာရှိတို့ဆိုခဲ့
သောကျမ်းဂန်၌ထွက်သည်သည်း။ ။ပုရိသော၊ ယောကျ်ား
ထက်။ဏ္ဍတ္ထိ၊ မိန်းမတို့သည်။ ဝါယာမောရာဂေါ၊ရာဂကိုလုံ့လ
ထုတ်ခြင်း၌။ ဒွေဂုဏာ၊ ယောကျ်ားထက်နှစ်ဆလွန်၏။ ပဒုရာပိ၊
စည်းလဲခြင်း ကောက်သောအကြံကား။ စတုဂုဏော၊ လေးဆ
လွန်၏။ ခလေခလာသာ၊ ပြုတတ်သော အမှုတုံသော်ကား။ ဆဂု
ဏော၊ခြောက်ဆလွန်၏။ ကာမဂုဏော၊ကာမဂုဏ်ခံခြင်းသော်
ကား။ အဋ္ဌဂုဏော၊ရှစ်ဆလွန်၏။သဗ္ဗနဒီ၊ခပ်သိမ်းသောမြစ်တို့
သည်။ ဝင်္က၊ကောက်တတ်၏။ သဗ္ဗမေရုဝနေ၊ခပ်သိမ်းသော
တောတောင်တို့၌။ ရုက္ခာသာ၊ သစ်ပင်တို့သည်။ဝင်္က၊ ကောက်
တတ်၏။ သဗ္ဗေ၊ခပ်သိမ်းကုန်သော။ ဣတ္ထိ၊မိန်းမတို့၏သဘော
ကား။ ကောနေဝ၊ မိမိသဘောတူသောအမှုဖြင့်။ ဧကေနေဝ၊တ

ယောက်သောသူနှင့် တွေ့လျှင်။ ဝက်ံ၊ ကောက်တတ်၏။ ။ ယင်းသို့ကျမ်းဂန်လာသည်၊ တရားတော်မှာလည်း သစ္စာလေးပါးတွင် သမုဒယ သစ္စာသည် တဏှာ အဖြစ်။ ထိုသမုဒယ သစ္စာကိုမဖြတ်နိုင်ကြ၍သတ္တဝါတို့သံသရာရှည်သည်။ ထိုသို့ သောအရိပ်များလျက် အစည်သာခဲ့သော အဝိဇ္ဇာတဏှာမူလ ဓမ္မတာ။ မိမိပြုသောဝန်ကို မိမိအပြစ်နှင့်သာ ပျောက်စေ ရပါမည်၊ တရားသိသောသူ။ ပညာရှိသူတော်ကောင်း။ ထိုသူနှစ်ဦးများသောကာမမှုတွင်ဝန့်ဝင်၍ခံထုံးမရှိပါလျှောက်လေသော်။[၁] ပြည့်ရှင်မင်းကြီးလည်း ထိုသူနှစ်ဦးကိုအပြစ်မပေး။ မိဘရေးနှင့် ကုလားကို မာန်အောင်သို့ပို့ထားတော်မူလေသည်။ ။

တခါသောအခါ၌ သားတော်အလတ် သံတောင်စားသည်။ သံတောင်ရွာ အသည်သား တယောက်ကို အသေ သတ်ကြောင်း ပြည့်ရှင်မင်းကြီးသိတော်မူသောအခါ အမိန့်တော်ရှိသည်ကား။ သံတောင်စား ငရုံငယ်သည် ပြည်သူတို့အားနှိပ်စက်သတ်ညှစ် ပြုကျင့်သည်မှာ။ မည်သို့စီရင်ထုံးရှိသည်မေးတော်မူလေရာ။ အမတ်ကြီး မဟာပညာကျော် လျှောက်ထုံးသော်ကား။ အရှင် မင်းမြတ်။ သားတော် သံတောင်စားသည် ခမည်းတော် အာဏာကို ပြိုင်သျက် အာဏာပိုင် အစိုးရပြု၍ ကျင့်သည်လည်းတစ။ နောင်တော်များ မပြုကျင့်ဝံ့သော အမှုကို ပြုကျင့်ပြန်ရာ နောင်တော်များကို ကျူးလွန် သည်လည်း တဖြစ်။မှူးမတ် ပြည်သူတို့ကိုခန့်မလေးဆိုးသွမ်းသည်လည်း တချက်။ ပြည့်ရှင်မင်းမှတပါးပြည်သူလူတို့ ဇီဝိတိန္ဒြေကိုမပိုင်ချေ ရှေးထုံးရှိသျက်မတည်။ ရှေးထုံး ရှေးစံများကိုဖျက်၍ ကျင့်သည်လည်းတချက်။ ယင်းသို့ အပြစ်လေးပါးထိုက်သောသားတော် ဖြစ်ပါသည် လျှောက်လေသော်။ စားကျေးမြို့ရွာ။ ဥစ္စာကျေးကျွန်များကို သိမ်းတော်မူ၍။ ဝမ်းစာဝရုံနှင့်မြုံတို့နေရပ်။

---

[၁] ထိုသူနှစ်ဦးမှာ ဘုတလူး ပြုသောအပြစ်ကိုသိသော်လည်း ဖြန်၍ပြုခြင်းမရှိ။ သူ့ထိုက်နှင့်သူသာ၍သင့်ပါသည်လျှောက်သော်-ပုံ။

မရိမ်ချောင်းညာ။ ဝေလာတောင်သို့ သားတော် သံတောင်စား
ကိုပို့ထားတော်မူလေသည်။ ။

တရံသော အခါတုံလည်း မိုးစည်း ကျွန်းတွင် သဌေးခွန်
သာကြီး သေလွန်၍။ တမိတည်း သားယောကျ်ားမိန်းမ ငါး
ယောက်။ မိကွဲသားသို့းနှစ်ယောက်ရှိ၍။အမွေတရားကိုတရား
သူကြီးလေးဦး စီရင်ချက်နှင့်မပြီးလိုဝ်ကြ၍။ ပြည့်ရှင်မင်းအထံ
ရောက်လှာသောအခါ။ အမတ်ကြီးကို အပ်တော် မူလေရာ အ
မတ်ကြီးမဟာပညာကျော် စီရင်ထုံးသော်ကား။ တရားသူကြီး
တို့စီရင်သော ဓမ္မသတ်ထွက်။ အမွေနိမ့်မြင့် အခွဲအဝေရှိသည်
ဆိုသမျှသည် အမှား တစေများသည်။ ထိုဓမ္မသတ်ကိုလည်း
ရှေးပညာရှိတို့ စွန့်ခဲ့ကြောင်း ကျမ်းဂန်လာသည်။ အမှန်ကို သိ
ဆိုတတ်မှသာ ပညာဓမ္မသတ်။ ထိုစာများမှာ သညာအက္ခရာမျှ
သာ။အမှားများ၍အမှန်နည်းသည်။ အသိးအားလောကန္တ[၁] အ
ကြောင်းတွင်မူလည်း။ သဌေးခွန်သာကြီးသည် သူပုန် သူကန်
ပြုလျက် အရှင်မင်းအားပြစ်မှားသော်။ မယားကြီးသား မယား
ငယ်သား။ အမွေစားဓမ္မသတ်ထွက်အလိုက် မင်းပြစ် မပေးချေ။
သားချင်းအတူသာ သေလည်းသေခြင်း။ ရှင်လည်းရှင်လျှောက်
မင်းပြစ် ရောက်ရာသည်။ ထိုသို့သော အကြောင်းကြောင့် မိဘ
ဆိုဝ်းသွမ်းလေရာ။ ဇီဝိတိန္ဒြေမှတုံ သော်လည်းကင်းလေရာသည့်
ဆိုဝ်းမွေခံရသော ထုံးရှိလျက်။ ကောင်းမွေလည်းထိုနည်းအတူ
သာခံယူကြစေစီရင်လေသော်။ နွေကာလအချိန်မဲ့လျက် သည်း
ထန်စွာသောမိုး ရွာလေသောကြောင့်။ ပြည့်ရှင်မင်းက အမတ်
ကြီးသို့။ ပဏ္ဏမြား လက်စွပ်တကွင်း တရားဆု ပေးတော်မူလေ
သည်။ ။

တရံသောအခါမူလည်း။ စစ်တကောင်းမြို့တွင် သဌေးဦးဝိ
ရာလိ[၂] သေလွန်၍ အမွေခံသားမြေး မရှိကြောင်းနှင့် စစ်တ

၁—အကယ်တန္တိလောကန္တ—ပုံ။
၂—ဦးဝိရာလိ—ပုံ။

ကောင်းစားကမင်းထံလျှောက်လှာသော်။ ပြည်သူဆင်းရဲသားတို့အမွေကို မင်းခံစားသင့်သည်၊ မသင့်သည်များကို အမတ်ကြီးအား မေးတော်မူလေရာ။ အမတ်ကြီး မဟာ ပညာကျော်လျှောက်ထုံးမှုကား။ အရှင်မင်းမြတ်။ ဘုရားလောင်းမင်းကောင်းမင်းမြတ် သာကီဝင် နွယ်တော်စည်လာသော အကြောင်း ထုံးဟောင်းကျမ်းဂန်၌။ ပြည်သူလုပ်ခွန်ထွက်ဆယ်ဖို့တဖို့ မင်းတို့ဘဏ္ဍာခံယူထိုက်ကြောင်းကိုသာ ရှေးအမှာရှိပါသည်။ပြည်သူတို့သာမိက ခတ္တိယအမျိုးအစိုးရရေမြေရှင်ဖြစ်သောလျှက်။ မင်းမျိုးမဟုတ်သောသူတို့၏အမွေကိုခံယူထုံးမရှိပါ။ရေမြေပိုင်မင်းဖြစ်လျှက် ဆင်းရဲသားတို့အမွေကိုခံယူချေသော်။ ဝိလုပ္ပနံ၊ လုရက်ဖျက်ဆီး၍မင်းမှုသော သူတို့အမျိုးအားမခြားတို့ပြုသောထုံး [၁] ကိုလည်း ကျမ်းဂန် ပြဆိုလျှက် ရှိပါသည်။ ယင်းသို့လျှောက်လေသော်။ ပြည့်ရှင်မင်းမြတ်အမိန့်တော်ရှိသည်ကား။ ငါတို့မင်းမျိုးမှာလည်းသားမြေးမရှိမူ၊ မင်းဆွေမင်းမျိုးကိုမင်းရိုးမပျက်ထီးနန်းတက်စေရာသည်။ဆင်းရဲသားတို့မှာလည်းထိုသို့အလျှောက်သားမြေးမရှိမူ ဆွေမျိုးအမွေခံရာသည်။ သဋ္ဌေးဝိရာလီအမွေကို ဆွေမျိုးတို့ကယူစေ အမိန့်တော်ရှိလေသော်။ ရာဇပလ္လင်တော်၌စိုက်သော ကနက္ကဒဏ်ထီးပြုပွင့်လေသည်။ ။

တရံသော အခါ၌။ ပြည့်ရှင်မင်းကြီးက အမိန့်တော်ရှိသည်ကား။ ရှေးဦးစွာ နန်းထီးအသိမ်းတို့သိက္ခာ။ ရာဇဘိသိက်ကိုခံတော်မူခဲ့၍ တဆယ့်သုံးနှစ်မြောက်ပြီ။ အလုံးစုံမင်းတို့ကျင့်ဝတ်သိမ်းအပ်သော သကလာဘိသိက် ခံတော်မူသည်။ ယင်းသို့ဝန်ခံမှုလည်း သူတော်ကောင်းအချီးအမွမ်းကို ခံတော်မူရမည်ဖြစ်သည်။ ယခုနက္ခတ် တာရာဂြိုဟ်သွား ဖြောင့်မှန် ညီညာသည်။ ကောင်းသော အရပ်မြတ်တို့၌ စီရင်ရမည် အမိန့်တော်ရှိလတ်သော်။သာကီဝင်မင်းဖလောင်းကြီးသက်တော်နှစ်ဆယ့်ကိုးနှစ်တွင်နန်းတက်တော်မူ၍ ရာဇာဘိသိက် ခံတော် မူသည်။ သက်

---

၁—အမျိုးအားမင်းကြားတို့ယူသောထုံး—ပုံ။

တော်လေးဆယ်ငါးတွင်။ သကလာဘိသိက်ကို ခံတော်မူရာ။ ကျမ်းဂန် လာသည့်နှင့်အညီ။ အမတ်မဟာ ပညာကျော်စီရင်သောထုံးနည်းကား။နှစ်ဦးလကုန်။ ကဆုန်လဆန်း တဆယ့်ငါးရက်နေ့၌လည်းကောင်း။ ဘိသိက်ခံ မဏ္ဍပ်သုံးဆောင်ဆောက်ရာ။ ဂင်္ဂါမြစ်နား၌ သေလောဒကရေ စပ်သော မြေ၌လည်းကောင်း။[၁] ဘုရားကျောင်းကို လှူဒါန်းသော မြေလွတ်စေခြင်း ၌လည်းကောင်း။ ယင်းသို့ယတရိတ္ထုမ္ဘိနိတ္တံ။ လွတ်ကင်းသော မင်္ဂလာရှိ။[၂] အဠနနဒီလေးမြို့မြစ်။ ကြက်သရေ ထွန်းသော ရောက်ပုံကျမ်း၌ လည်းကောင်း။ မင်္ဂလာပြုသော မဏ္ဍပ်သုံး ဆောင်ဆောက်ရာတွင်မူကား။ကာလိန်တောင်မြေ။ အမရာတောင်မြေ။ အောင်သာမြို့မြေ။ သီရိဂုတ်တောင်မြေ။ ကတညုတောင်မြေ။ နီလာတောင်မြေ။ မေရုပဗ္ဗတ တောင်မြေတို့ကိုဆောင်ယူထားရလေ၏။ မင်္ဂလာမဏ္ဍပ်ဆောက်ရန် သစ်ဝါးကြိမ်တို့ကို။အသည်သားတို့ကရင်းဖျားမမှားစေရ မှတ်သားချတ်ယူ၍ပေးရလေ၏။ အမိုးကလကာရွက်တို့ကို တလိုင်း မြှောက်စည်သားတို့က ပေးရလေ၏။ ယင်းသို့သစ်ဝါး အမိုးစုံလင်သော် မင်္ဂလာမဏ္ဍပ်ဆောက်ရာအရပ်၌။ ရွှေထွန်။ငွေထွန်။သံထွန်သုံးရပ်။ရွှေထွန်မှာ အမျိုးအရိုးသဌေးမှန်သူ၏သား ဝါမောင်းသော တန်ဆာကိုဆင်လျက်ထွန်ရ၏။ ငွေထွန်မှာ အမျိုး စည်ဆက်သူကြွယ်မှန်သော သူ၏သား နီမောင်းသော တန်ဆာကိုဆင်လျက်ထွန်ရ၏။ သံထွန်မှာအမျိုးစည်ဆက် ကြီးသော တောင်သူကြီးသားစိမ်းသောတန်ဆာကိုဆင်လျက်ထွန်ရ၏။ ထိုသုမ်းရပ်သောထွန်တို့၌သော်ကား။ နွားလားဥသဘနှင့်တစေ ထွန်ရလေ၏။ယင်းသို့ပြီးလတ်မူနွားနို့ရေကိုအနံ့ဖျန်းရလေ၏။ယင်းသို့ပြီးလတ်သော်။နွားချေးမှုန့်ဖြင့်အနံ့ပြုးရလေ၏။ယင်းသို့ပြီးလတ်

၁—မြေဖြူမြေနီရှိသောသေလောဒကမြေ၌၄င်း—ပုံ။
၂—ယင်းသို့သော မင်္ဂလာရှိရာ. အဠနဒီ၌မြို့မြစ်ကြက်သရေရှိသော—ဘုမ္မိ အရပ်ဝယ်မင်္ဂလာပြုသော—ပုံ။

သော်။ မရော။ နှံး။ ဝါ။ ပြောင်း။ ပဲ။ လူး။ ဆပ်။ စပါးများကိုကြဲရ
လေ၏။ ထိုသို့ပြီးလျှင် စောင်းရမ်း လုံခြုံစွာကာလျက်။ နတ်ပူ
ဇော်သောပုဏ္ဏားတို့က။ စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲး ပိဿနိုးစ
သော နတ်တို့ကို လှည်းရထားဖြင့်တင်၍။ ရာဇမတ္တန် စသော
ကျမ်းလာဂါထာမန္တာန်တို့ကိုရွတ်ဘတ်ပူဇော်ရ၏။ ယင်းသို့ပြီး
လတ်သော်။ သင်္ဃာတော် ပုရောဟိတ် တကျိပ် နှစ်ပါး တို့နှင့်
သင်္ဃာဂိုဏ်းပြည့်။ ဘုမ္မိဇာလစသော။ အောင်ခြင်းရှစ်ပါး။ မင်္ဂ
လသုတ်။ ရတနသုတ်စသောပရိတ်တော်တို့ကိုရွတ်ဖတ်ပြီးမှ။
ကမ္မဝါစာလည်း ဖတ်ရ၏။ ယင်းသို့ပြီးလတ်သော်။ နတ်ပူဇော်
သောပုဏ္ဏားတို့က။ သိရိန္ဒ[၁] ဘုမ္မိဇာလဂါထာတို့ကိုရွတ်လျက်။
ခရုသင်းသံပေး၏။ ယင်းသို့ပြီးလတ်မူ။ မင်္ဂလာ မဏ္ဍပ်တော်
ဆောက်ရန်။ သစ်ဝါးကြိမ်အမျိုးအကာတို့နှိုက်ပရိတ်တော်ရေ
ခရုသင်းရေဖြင့် ဖျန်းရလေ၏။ ယင်းသို့ပြီးမူကား။ ဟူးရားသွေး
ပုဏ္ဏား လေးယောက်နှင့်။ ဟူးရားတတ် တရေ့ ရှစ်ယောက်
ပုဏ္ဏားတို့သည်။ ဖြူစင်သော တန်ဆာကိုဆင်လျက်။ ပနက်ချအံ့
သော အချိန်အခါကို စောင့်ရကုန်၏။ ပနက်ချအံ့သောသူမှာ
သဘော်သားတို့ကဲ့သို့ ညိုဝ်သော တန်ဆာကိုဆင်လျက် ရွှေ
ပနက်ကို ကိုင်ရသည်။ ပရိတ်ရွတ် ပုဏ္ဏားတို့မှာ နီသောတန်
ဆာကိုဆင်၍ငွေပနက်ကိုကိုင်ရသည်။ လယ်သူကြီးတို့မှာပြာ
သောတန်ဆာကိုဆင်လျက် သံပနက်ကိုကိုင်ရသည်။ ထိုသို့စုံ
လင်စွာအထင်နေ၍။ အခါနာရီပြည့်ညီကာလ။ ကောင်းသော
နက္ခတ်ရောက် လတ်သော်။ မီးပေါက်ခုနစ်လုံးကိုခုနစ်ကြိမ်ပစ်
ပေါက်ရာ၌ကြေးစည်၊ မောင်း၊ ခွက်ခွင်း၊ ဒုံမင်း၊ ခရုသင်းအ
သံတို့ဖြင့်တပြိုင်နက်တည်းတီးမှုတ်စေ၍။ ထိုအတွင်းပနက်ကို
တညီတညာတည့်တည့်ချရလေသည်။ ဆောက်သောအခါမူ
ကား။ အသည်သားကဆောက်လုပ်မိုးကာရသည်။ မဏ္ဍပ်သုံး

---

၁—သရဏသရိန္ဒ—ပုံ။

ဆောင်သော်ကား သီဟာသနမဏ္ဍပ်၊ ဂဇာသနမဏ္ဍပ်၊ မောရာသနမဏ္ဍပ်။ သီဟာသန မဏ္ဍပ်၌ ဖြူမောင်းသော တန်ဆာကို ချယ်ရသည်။ ဂဇာသနမဏ္ဍပ်၌ နီစင်သောတန်ဆာကိုချယ်ရသည်။ မောရာသနမဏ္ဍပ်၌ ညိုမောင်းသောတန်ဆာကို ချယ်ရသည်။ ယင်းသို့ ပြီးသောအခါ သီဟာသနမဏ္ဍပ်မှာ ပရိတ်တော်ရွတ်ပုဏ္ဏားတို့က စောင့်ရလေသည်။ ဂဇာသန မဏ္ဍပ်မှာသဘော်သားတို့ စောင့်ရလေသည်။ မောရာသနမဏ္ဍပ်မှာ အသည်သားတို့က စောင့်ရလေသည်။ ဘိသိက်တော်သွန်းရန် ဗာဟိရနဒီ [၁] ဂင်္ဂါမြစ်ရေကို။ ဒါဂါစားက ရွှေအိုဝ်းခနစ်လုံးနှင့် ထည့်၍ ပွဲသဘင်အစုံတီးမှုတ်လျက်ပို့ဆက်လှာရသည်။ သတတောတိဂင်္ဂါမြစ်ရေကို။ မောက်သူဇာစားကထိုနည်းပွဲသဘင်နှင့်ပို့ဆက်လှာရသည်။ သလ္လာနဒီဂင်္ဂါမြစ်ရေကိုစစ်တကောင်းစားက ထိုနည်းပွဲသဘင်အစုံနှင့်ပို့ဆက်လှာရသည်။ အရုဏာဝတီမြေမှာမြို့သစ်စားကထိုနည်းပွဲသဘင်အစုံနှင့်ပို့ဆက်လှာရသည်။ ရွက်မည့်ဝိုဝ်းပန်းမှာ စည်းတင်စားက ထိုနည်းပွဲသဘင်နှင့် ဆက်ပို့လှာရသည်။ ဥတ္တရမရုအောင်သာမြိုဝ့်မြေမှာ စည်းတင်စားက [၂] ထိုနည်းပွဲသဘင်နှင့်ဆက်ပို့လှာရသည်။ ကဿပနဒီမြစ်ရေ။ အဥ္စနနဒီမြစ်ရေတို့ကိုခပ်ရမည့်အခါနက္ခတ်ရောက်လတ်သော်။ အမျိုးအစည်နန်းရိုးမှန်သော မင်းသ္မီးရှစ်ယောက်။ အမျိုးအရိုးမှန်သောဘိသိက်မင်္ဂလာပုဏ္ဏားသ္မီးရှစ်ယောက်။ အမျိုးစည်ဆက် မှန်သော အမတ်သ္မီး ရှစ်ယောက်။ အမျိုး အရိုး စည်ဆက်မှန်သော သဋ္ဌေးသ္မီး ရှစ်ယောက်။ အမျိုးစည်ဆက်မှန်သော သူကြွယ်သ္မီး ရှစ်ယောက်တို့သည်။ ဆန်းကြယ်သော တန်ဆာတို့ကိုဆင်လျက်။ မင်းသ္မီးတို့မှာ ရွှေအိုဝ်း။ ပုဏ္ဏားသ္မီးမှာ ငွေအိုဝ်း။ အမတ်သ္မီးမှာမြေအိုဝ်း။ သဋ္ဌေးသ္မီးမှာ ကြေးအိုဝ်း။ သူကြွယ်သ္မီးမှာ သံအိုဝ်း။ ထိုသို့အစုံကိုင်လျက် ဘိသိက်ဆက်မင်္ဂလာတော် ပုဏ္ဏား ရှစ်ပါး။ သာသနာပိုင် စကြဝတေး လေး

၁—သာဂရနဒီ—ပုံ။ ၂—မိုးစည်စားက—ပုံ။

ယောက်။အမတ်၅စ်ယောက်။သဒ္ဒေး။သူကြွယ်။တောင်သူကြီး။သင်္ဘော်မှူး [၁] ၅စ်ယောက်စီ။ တူရိယာ အစုံနှင့် မြစ်ဆိပ်သို့ရောက်သော်။ မင်းသွီးတို့သော်ကား ဌက်ဆင်လှေတော်မှာ စီးရသည်။ ပုဏ္ဏားသွီးတို့ရွှေလောင်းလှေတော်မှာ စီးရသည်။အမတ်သွီးတို့မှာလှိုင်းလှေတော် [၂] မှာစီးရသည်။ သဒ္ဒေးသွီးတို့ဘားမဲ့လှေတော်မှာ စီးရသည်။ သူကြွယ်သွီးတို့မှာ မိကျောင်းလှေတော်မှာ စီးရသည်။ ဘိသိက်မင်္ဂလာတော် ပုဏ္ဏားတို့မှာသက္ကဒါန် လှေတော်မှာ စီးရသည်။ အမတ် ၅စ်ယောက်တို့မှာဖါးရုပ်လှေတော်မှာ စီးရလေသည်။ သဒ္ဒေး သူကြွယ် တို့မှာကြွက်လှေတော် [၃] မှာ စီးရလေသည်။ သင်္ဘော်မှူးတောင်သူကြီးတို့မှာဆေးရေး လှေတော် [၄] မှာ စီးရလေသည်။ ယင်းသို့ပြီးမှ လှေတော်ဖွင့်သောအခါ မီးပေါက်ခုနစ်ဆုံးသုံးချက်စီ ပစ်ရလေသည်။ နတ်ပူဇော်သော ပုဏ္ဏားတို့လည်း ခရုသင်းမှုတ်လျက်လိုက်ရသည်။ စောင်းတီးပုဏ္ဏားလည်းစောင်းတီးလျက်လိုက်ရသည်။ ရေခပ်ယူမည့်အခါ နက္ခတ်တိုင် လတ်လျှင် မီးပေါက်ခုနစ်လုံး ခုနစ်ခါပစ်ဖေါက်၍ အသံဆယ်ပါးတပြိုင်နက်တီးမှုတ်ကြော်ငြာစေ၍ ခပ်လေသည်။ ကမ်းသို့ ဆိုက်ရောက်လှာလျှင်လည်း မီးပေါက်ခုနစ်လုံး သုံးချက်စီပစ်ပြီးမှလာရင်းအစည်အတိုင်း စီရင် ဆောင်ရွက်၍။ မင်္ဂလာ မဏ္ဍပ်သို့ ရောက်လတ်သော်။ပန်းတင်ပုဏ္ဏားတို့က ပန်းတို့ကိုလမ်းအပြည့်ကြဲ၍ထားရသည်။ စီရီသားတို့ကလည်း ရေလမ်းတချောက်ဖျန်းရလေသည်။ ပရိတ်ရွတ်ပုဏ္ဏားတို့ကလည်း ပရိတ်ရွတ်၍နေနှင့်ရသည်။ သိဟာသနမဏ္ဍပ်မှာ မင်းသွီးနှင့်ပုဏ္ဏားသွီးခပ်သောရေ။ ဂဇာသနမဏ္ဍပ်၌ အမတ်သွီး ခပ်သောရေ။ မေရာသနမဏ္ဍပ်၌ သဒ္ဒေး သူကြွယ်သွီး ခပ်သော ရေတို့ကို တပြိုင်နက်

---

၁—သင်းတော်မှူး—ပုံ။ ၂—လွှန်းကြင်လှေတော်—ပုံ။
၃—ချွတ်လှေတော်—ပုံ။
၄—သင်းမှူးတောင်သူကြီးတို့မှာသားရေလှေတော်—ပုံ။

တည်း ထားသော အခါလည်း မီးပေါက် ခုနစ်လုံး ခုနစ်ချက် ဖေါက်ရသည်။ ထိုသို့သော အရာတို့ပြီးလတ်မူ။ နန်းတော်ကသည် မင်္ဂလာမဏ္ဍပ်ရောက်နေပြောက်မထိုး။ရွှေဖျင်ငွေဖျင်မိုးကာရ၏။ ထိုတဩဘောက် လက်ဝဲလက်ကျာမှာလည်း ကြံပင်။ ငှက်ပျောပင်။ အုန်းပင်တို့လည်း စိုက်ရလေ၏။ မင်္ဂလာမဏ္ဍပ်တွင်လည်းသီးမျိုးစုံပန်းမျိုးစုံတို့ကို ဆွဲးရလေသည်။ငှက်ပျော၊ ကြံ၊ ထန်း၊ အုန်း၊ ဆပ်သွားပင်၊ သပြေပင်၊ ထိမ်၊ကုက္ကို၊လက်ပံပင်များကိုလည်းမညှိုးမနွမ်းစေရစိုက်ရလေ၏။ မြို့တွင်းမြို့ပြင်လမ်းတို့၌လည်းငှက်ပျော၊ ကြံ၊အုန်း၊ ဆပ်သွားပင်များကိုလည်းအသီးအပြည့်နှင့် စိုက်လျက် ရေအိုးပြည့်တည်ထားရလေ၏။ နတ်ကြီးရှစ်ပါးတို့ကိုလည်း နတ်ဝင်တို့ အချိုဝ်ပွဲးဖြင့်ခင်းကျင်း၍ ပွဲးပြုရလေ၏။ ယင်းသို့အလုံးစုံ ပြီးကုံလတ်သော်။ ပြည့်ရှင် မင်းကြီးသည်ကား ဖြဟ္မာမင်းတို့ တန်ဆာကို ဆင်တော်မူ၍။ မိဘုရားသော်ကားနတ်မင်းမိဘုရားကဲ့သို့ နတ်တန်ဆာကိုဆင်တော်မူလျက်။ ဆင်စီးမြင်းစီးတို့ကိုလည်း စစ်ဝတ်တန်ဆာကို ဆင်ဝတ်စေ၍။ ရှေ့တဆယ့်နှစ်တပ်မှာ လက်ဝဲအမတ် လက်ျာအမတ် အစည်အတိုင်းအရှေ့ဝင်းမှူး၊ လက်ဝဲဝင်းမှူးတို့ လိုက်ရသည်။ နောက်တဆယ့်နှစ်တပ်မှာလည်းအနောက်မျက်နှာမှူးမတ် လက်ဝဲလက်ျာ၊ အနောက်ဝင်းမှူး တို့လိုက်၍။အစည်အတိုင်း စစ်အင်္ဂါလေးပါးနှင့်စုံစွာ မင်းနှင့်မိဘုရားသွားလေသော်။ ပရွက်ကြောင်းလမ်း အမိုးအတွင်းလိုက်ရသည်ကား။ မင်းကြီးရှေ့လက်ဝဲလက်ျာ။ ဘိသိက်သွန်းမင်္ဂလာတော် ပုဏ္ဏားအမျိုး ၁၀၀ မှာ လက်ဝဲက စကြဝတေး နှစ်ယောက်။ လက်ျာက စကြဝတေးနှစ်ယောက်။ သာသနာပိုင်ပုရောဟိတ်ပုဏ္ဏားအကြီးမှာ နဝရတ်စီသော ခရုသင်းကိုရွှေပန်းတောင်းနှင့်ထည့်၍ လက်နှစ်ဘက်စုံလျက် ကောင်းစွာ ကိုင်၍လိုက်ရလေသည်။ ဟူးရားသွေး[၁] လေးယောက်နှင့်။ ဟူးရား

၁—ဟူးရားတိုင်—ပုံ၊

တတ်ပုဏ္ဏား ၁၀၀။ နတ်ပူဇော်ပုဏ္ဏားတရာ။ စောင်းတီးပုဏ္ဏား တရာ။ ပရိတ်ရွတ်ပုဏ္ဏားတရာ။ ပန်းတင်ပုဏ္ဏားတရာ။ ထိုပုဏ္ဏား ငါးရာတို့မှာခရုသင်းမှုတ်၍လိုက်ရသည်။ ဘိသိက်သွန်းမင်းသို့ ရှစ်ယောက် ပုဏ္ဏားသို့ သမ္ဘေးသို့ သူကြွယ်သို့ ရှစ်ယောက် တို့လည်းလိုက်ရသည်။ အခါနက္ခတ်ရောက်လျှင်မြှောက်စည်၊ နံမင်း၊ မောင်း၊ ကြေးနင်း၊ ခွက်ခွင်း၊ ပတ်သာ၊ ခရာ၊ စောင်း ညှင်း၊စသောအသံဆယ်ပါးဖြင့် မြှောက်လျှင်းစေ၍။ မီးပေါက် တဆယ့်ငါးလုံး ၇ ကြိမ် ပစ်ဖေါက်လတ်သော အခါ၌။ န၀ ရတ်ဖြင့် စီချယ်ပြီးသော ရတနာထမ်းစင်၌ မိဘုရားကြီးနှင့်အ တူစီးတော်မူလျက် ထွက်တော်မူလေသည်။ မင်္ဂလာမဏ္ဍပ်သို့ ရောက်တော်မူလျှင်လည်း ထိုနည်း ပစ်ဖေါက်ရသည်။ ယင်း သောအခါ ရဟန်း သာသနာပိုင် ၀ိနည်းဓိုရ်နှင့်၊ ပုရောဟိတ် တဆယ့်နှစ်ပါးတို့သည် မြတ်စွာဘုရား ဟောတော်မူသောပိဋ ကတ်တော်ကို ဆောင်ယူလာခဲ့၍ သီဟာသနမဏ္ဍပ်၌ ထား လှာပြီးသော်။ နန်းတော်သို့၀င်၍ နန်းတော် စွန်းတွင် သဃ်ာ တော် တရာ့ရှစ်ပါးတို့ ပရိတ်တော်ရွတ်လျှက်။ နန်းတော်ကို လည်း ပြည်စိုးကြီးအမတ်က ဆေးရလေသည်။ ပြည့်ရှင်မင်း ကြီးလည်း မောရာသန မဏ္ဍပ်၌ ရေချိုးတော်မူ၍။ ဂဇာသန မဏ္ဍပ်တွင်ခေါင်းဆေးတော်မူပြီးမှ။ ။ယောစဗုဒ္ဓဥ ဓမ္မဥ။သံ ဃာဥ သရဏံဂတော။ ဥပါသကတ္တံဒေသေသိ။ သကျပုတ္တသ သာသနေ။ ။ဇာမေသုတိသုဝတ္တု။သု။ ဥတ္တမေဇိနသာသနေ။ တမ္ဗိစိတ္တံပသန္နေန။ သဒ္ဓါဂုဏာမုပေဟိတိ။ ။ထိုသို့သောဂါ ထာကိုမင်းကြီးရွတ်တော်မူ၍။ သိဟာသနမဏ္ဍပ်အလယ်၌ ရွှေ အင်းပျဉ်ဖြင့်ရှိသောရေသဖန်းပျဉ်၀ယ်ထိုင်တော်မူ၏။ ယင်း သို့သောအခါ မင်းသို့ရှစ်ယောက်တို့သည်။ ဆန်းကြယ်သော တန်ဆာကိုဆင်ကြလျက် မင်းရှေ့တူရူနေလေ၍။န၀ရတ်စီသော လက်ယာရစ် ခရုသင်းကို ကိုင်ပြီးသော်။ ဂင်္ဂါငါးရပ်ရေကိုစုံ စွာထည့်လျက် လက်နှစ်ဖက်စုံ၍ ကောင်းမွန်ရှိသေဘွာ မင်းကြီး

ဥကျောင်း၌စိုက်ရလေ၏။ အရှင်မင်းကြီး၊ ဈေးကမ္ဘာဦးအစ၌ဖြစ်သောမဟာသမ္မတ မင်းကောင်းမင်းမြတ်တို့ ကျင့်တော်မူသောတရားကိုမြဲစွာ ကျင့်ဆောက်တည်တော်မူပါလော့။ အရှင်မင်းကြီး။ ခပ်သိမ်းသောသူတို့စီးပွါးကို ဆောင်ခြင်း။ ခပ်သိမ်းသောပြည့်ထောင်မင်းတို့ကို အမျက်မလွန်စေခြင်း။ ခပ်သိမ်းသောသူတို့ကိုကောင်းကြီးမြှောက်စေခြင်း။ ခပ်သိမ်းသောသူတို့အားရင်တော်သားအမျှ ချစ်သနားခြင်း။ ခပ်သိမ်းသောသူတို့ စီးပွါးကိုဆောင်ခြင်း။ ခပ်သိမ်းသောသူတို့အသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ထင်မှတ်ခြင်းကို ပြုတော်မူပါလော့။ အရှင်မင်းကြီးလောဘ၏ ပိတ်ပင်ခြင်း။ ဒေါသ၏ ပိတ်ပင်ခြင်းကို ကင်းစေ၍။ အဝိဇ္ဇာမိုက်မဲစွာသော မောဟ တဏှာကို လင်းစေတော်မူပါလော့။ အရှင်မင်းကြီး။ ကြက်သရေရှိသော အမှုကိုသာပြုခြင်း။ ကြက်သရေရှိသောစကားကိုသာဆိုခြင်း။ ကြက်သရေရှိသောလုံ့လအကြံကိုသာ ကြံခြင်းတို့ကို ပြုတော်မူပါလော့။ ယင်းသို့သောစကားကို မင်းသွီးရှစ်ယောက်တို့ဆိုလေ၍။ မင်းကြီးထိပ်၌ ဘိသိက်ရေကိုသွန်းကြကုန်၏။ ထိုသို့နောက်တဖန် ဘိသိက်မင်္ဂလာတော်ရ အမျိုးမှန်သော ပုဏ္ဏားရှစ်ယောက် တို့သည်။ ဂင်္ဂါငါးရပ်ရေကို လက်ျာရစ်ခရုသင်း၌ ထည့်ပြန်၍ လက်နှစ်ဖက်ကိုစုံလျက် ရိုသေစွာမင်းကြီးဥကျောင်း၌ စိုက်လေ၏။ အရှင်မင်းကြီး။ ဉာတိဒိသော။ သွာက္ခာတော၊ သုပ္ပဋိပန္နော စသောဂုဏ်တော်သာသနာတော် ပွင့်လင်းအောင် ပြုတော်မူလော့။ အရှင်မင်းကြီး။ ခပ်သိမ်းသောသတ္တဝါတို့အား ကိုယ့်သားနှင့်အမျှချစ်ခြင်း။ ပြည်သူတို့၏ စီးပွါးကို ကိုယ့်စီးပွါးကဲ့သို့ ပြုခြင်း။ ခပ်သိမ်းသောသူတို့၏ ဇီဝိတိန္ဒြေ အသက်ကို ကိုယ်တော်၏ အသက်ကဲ့သို့ စောင့်တော်မူပါလော့။ အရှင် မင်းကြီး။ ခပ်သိမ်းသောပြည်ထောင်မင်းတို့အားအမျက်မလွန်ခြင်း။ တရား၌စောင့်ခြင်း။ ပညာရှိစကားကိုနာလွယ်ခြင်း။ အမျိုး၌စောင့်ခြင်းများကိုမြဲမြံစွာ စောင့်ထိန်းတော်မူပါလော့။ ထိုစကားကို ပုဏ္ဏားရှစ်

ယောက် ဆိုဝ်ပြီးသော် မင်းကြီး ထိပ်ထက်၌ ဘိသိက် ရေကို သွန်းလေ၏။ ထိုသို့နောက်မှ အရိုးမှန်သော သဌေးရှစ်ယောက်တို့သည် ခရုသင်း၌ ဂင်္ဂါငါးရပ်ရေကို ထည့်ပြန်၍။ လက်နှစ်ဖက်စုံလျက် ကောင်းမွန်ရိုသေစွာမင်းကြီးဥက္ခောင်း၌ ရိုက်ပြန်လေ၏။အရှင်မင်းကြီး။ခပ်သိမ်းသောသူတို့အား ကိုယ်တော့်အသက်ကို စောင့်သကဲ့သို့ စောင့်တော်မူပါလော့။အရှင်မင်းကြီး။ ခပ်သိမ်းသော သူတို့၏ စီးပွါးဥစ္စာကို ကိုယ်တော့်စီးပွါးကဲ့သို့ ထိန်းခြင်း။ပြည်ထောင်မင်းတို့အား အမျက်မလွန်ခြင်း။ ပြည်သူလုပ်စာအခွန်ဘဏ္ဍာခံယူရာ၌ တရားနှင့်လျော်ညီအောင်။ စောင့်ထိန်းခြင်း။ တရားမသိပြန်းဖျင်းသွမ်းသွပ်သောသူတို့ကို ရှောင်ကြည်ခြင်း။ ပဏ္ဍိတော၊ အသိအမြင်လိမ္မာသောသူ၏စကားကို နာလွယ်ခြင်းများကို ပြုတော်မူပါလော့။ ယင်းသို့ ဆိုပြီးသော် မင်းကြီးထိပ်၌ဘိသိက်ရေကိုသွန်းလေ၏။ ယင်းသို့နောက်မှအရိုဝ်းမှန်သောသူကြွယ်ရှစ်ယောက်တို့သည် ခရုသင်း၌ဂင်္ဂါငါးရပ်ရေကိုထည့်ပြန်၍ လက်နှစ်ဖက်စုံလျက် ကောင်းမွန် ရိုသေစွာမင်းကြီးဥက္ခောင်း၌ ရိုက်ပြန်လေ၏။အရှင်မင်းကြီး။ခပ်သိမ်းသောသူတို့ကို ဆုံးမခြင်း။နသဘာ၊ သဘာင်မဟုတ် သူယုတ်တို့နှင့် သဘာဝမပြုခြင်း။ သစ္စာ၊ မှန်သောစကားကိုဆိုခြင်း။ ပြည်ထောင်မင်းတို့နှင့် မိတ်ဆွေချစ်ခင်ခြင်း။ တရား၌လိမ္မာတော်မူ၍ ပြည်သူချမ်းသာခြင်းများကို ပြုတော်မူပါလော့။ ယင်းသို့စကားဆို၍ထိပ်ထက်၌ဘိသိက်ရေကိုသွန်းကုန်၏။ ယင်းသို့နောက်မှတုံသော်ကား မင်းသွီး ပုဏ္ဏားသဌေး သူကြွယ်တို့ဆိုပြန်သည့်ကား။အရှင်မင်းကြီး။ အကျွန်ုပ်တို့ သွန်းလောင်းသော ဘိသိက်ရေစင်ကိုခံတော်မူ၍။ အကျွန်ုပ်တို့ဆိုသော စကားအတိုင်းကို ကျင့်တော်မူ၍။ ပြည်သူလုပ်ခွန်ဆယ်ဖို့တဖို့ကို ခံယူစားသုံးတော်မူ၍။ မင်း၏စည်းစိမ်ကိုခံစားပြီးသော်။ ပြည်သားတို့အား တရားသဖြင့် စောင့်တော်မူပါလော့။ အရှင်မင်းကြီး။အကျွန်ုပ်တို့ဆိုသောစကား အတိုင်း ကျင့်တော်မူပါသော်ကား။ ပစ္စုပ္ပန်

သံသရာ နှစ်ဖြာသောအကျိုး တက်တိုးလေလျက်။ ထွက်သစ်သောနေဝန်း ထွန်းသစ်သောလကဲ့သို့ တနေ့တပါးကြက်သရေတော် ပွင့်လင်း၍၊ ပြည့်ထောင်မင်းအပေါင်း။ ဥကျောင်း ညွှတ်လာ။သဒ္ဒါပြည့်ဖြိုး။သူဆိုး ထားမြဲ။ မထ ချမ်းငြိမ်းသာယာ။ သာသနာတော် စည်ထွန်းပါ၍။ ရေစာမရှား။ မင်းအားပြည်သူ။ဆုယူနေ့တိုင်း။ ကောင်းကြီးပေးလျက်။ သက်တော် ရာကျော်။စံတော်မူရာသည် ဖြစ်စေသောဝ်၊ ယင်းသို့ခဟုတ်။ အကျွန်ုပ်တို့စကားအဘိုင်းမတည်။ မင်းကောင်းမင်းမြတ်တို့ ခံဝန်သောဘိသိက်သဗ္ဗာပျက်သော် ကမ္ဘာဆူဝေ။ လေမုန်တိုင်းဆင်၊ ငလျင်တော်လဲ။မြေကြီးကွဲ၍၊ငရဲမီးလျှံ။တဖန်ပြောင်ပြောင်။တောက်လောင် ကြေညက်။သူပျက်သူလောင်။ ထောင်ထောင်လွှားလွှား။ ခိုဝ်းသားဒန္တ။စသည်ထွေထွေ။နေလဘုံခွန်။ကြသ်ပျံ့ဌက်သုတ်။ ရုန်းဖုတ်တစ္ဆေ၊နန်းထက်နေ၍၊ မွှေမွှေလှန့်ချောက်၊မွှေဟောက်ငန်းကျား။ တက်၍စားသည် ဖြစ်စေသောဝ်။ ယင်းသို့ဆိုသတ်သော်။ ပြည့်ရှင်မင်းကြီးကသည်း ပိဋကတ်တော်ကို လက်နှစ်ဖက်စုံကိုင်တော်မူလေ၍။ မြတ်စွာဘုရား မကြိုက်တော်မူသောအမှုတို့ကို မပြုပါပြီဟူ၍ ဆိုတော်မူလေသည်၊ [၁] ယင်းသို့ဆိုတော်မူပြီးမှလာတော်မူရင်းအတိုင်းအစည်နှင့် ဝင်တော်မူလေသည်၊ မင်္ဂလာမဏ္ဍပ်သုံးဆောင်တို့ကိုမူကား တစမကျန်သရဒ္ဒြာသို့ထုပ်၍ပို့ရလေသည်။ [၂] ။

တရံသောအခါ၌။ တန်ဆောင်းမိဘုရားသည်။ သာသနာပိုင်ပုဏ္ဏားကို အနောက်တံခါးကသွင်း၍ ဟူးရားပေးပြီးသော် အဆောင်လက်ဖွဲ့တောင်းလျှင်။သာသနာပိုင်ပုဏ္ဏားလည်းမိဘုရားသို့လက်ဖွဲ့ပေးကြောင်းများကိုသိတော်မူသောရာ။ ယင်းသို့သော

---

၁—ပြည့်ရှင်မင်းကြီးကလည်း သာသနာတော်အညစ်အကြေး မှတပါး။ ပြည်သူသတ္တဝါကိုအား အသက်ဇီဝိတ်ခြွေကို ခွင့်ပေးတော် မူရလေသည်။—ပုံ။

၂—ကဿပနဒီမြစ်သို့ချမျှောရလေသည်။—ပုံ။

အကြောင်းများသည်။ဘုရားကက်ာမရှိသူ [၁] ဖြစ်သည်။ ပုဏ္ဏားလည်း ဘိသိက်ဆက်မင်္ဂလာရ ပုဏ္ဏား အင်္ဂါ ပျက်သည်။ အနောက်တံခါးမှူးနှင့် မိန်းမစိုးမောလိတ်တို့လည်း ရှေးထုံး မသိ။ ယင်းသို့ လေးဦးသား အပြစ်ရှိကြောင်းနှင့် အမတ်ကြီး မဟာပညာကျော်ကိုမေးတော်မူရာ။ အမတ်ကြီးလျှောက်သောထုံးမှုကား။ အရှင်မင်းမြတ်။မိဘုရားတို့အင်္ဂါ ကို ရှေးပညာရှိတို့ဆိုဝ်ခဲ့သည်မှာ။ ရာဇဒေဝီ၊မိဘုရားသည်။ သီလဇာဂံ၊အကျင့်သီလဖြောင့်မှန်ခြင်း။မံသံ၊အသားနူးညံ့စွာနှင့်သစ္စာရှိခြင်း။ [၂] လက္ခဏာပါဒံ၊ လက်ခြေသေးသွယ်နူးညံ့ခြင်း။ ကေသာမယှံ၊ ဆံပင်နက်၍ကောင်းခြင်း။ ရူပံ၊ အဆင်းလှခြင်း။ သဒ္ဒံ၊ အသံသာယာဖွယ်ရှိခြင်း။ ဗဟုကာ၊ များသောမောင်းမတို့ ချစ်ကြောက်ဖွယ်ရှိသောစကားကို ဆိုတတ်ခြင်း။ ထိုသို့ထုံးဟောင်း လောကီကျမ်းဂန်ဆိုဝ်သည်နှင့်အညီ ပြည့်စုံသော အင်္ဂါရှိလျှင် မိန်းမမြတ်ဖြစ်ပါသည်။ ယခုအရှင်မိဘုရားသည်။ ဇာဂံ၊အကျင့်ဇာဂမမှန်။သွမ်းသော့ချေသည်။မိဘုရားမင်းသွီးမင်းသားတို့ သွမ်းသောအမှုတို့ကိုပြုထုံးမရှိပါ။ အနောက်တံခါးကယောကျ်ားကိုမင်းမိန်းမထံယူ၍မသွင်းရာထုံးသက်သေရှိပါလျက်တံခါးမှူးနှင့်မိန်းမစိုးမောလိတ်တို့မိဘုရားအလိုသို့ပါသည်မှာလည်း။ မင်းသုံးသောကျေးကျွန်တို့သည် မင်းခွင့်မရမူလျက် မင်းမိဘုရားအလိုဝ်သို့အမှုအပေါက်တို့ကိုမလျှောက်မထားရာ။ရှေးပညာရှိထုံးစံရှိလျက်။လွန်၍ကျင့်သောသူအားမင်းမသုံးအပ်။ဘိသိက်တော်မင်္ဂလာပုဏ္ဏားတို့မှာလည်း။ကနံတာတို့အကျင့်သွမ်းသောအမှု။ပုဏ္ဏားဟူးရားဗေဒင်သင်၍။ဟူးရားတတ်ပုဏ္ဏားများကဲ့သို့။ အင်းမန္တန်လက်ဖွဲ့လုပ်ဆောင် ပေးကမ်း ဟောပြောပြုပြန်သည်မှာ။ ထိုပုဏ္ဏား၌သိက္ခာမရှိပါပြီ။ထိုပုဏ္ဏားသွန်းသောဘိသိက်ကိုမခံအပ်။ရှေးသူ

---

၁—မိဘုရားအင်္ဂါမရှိသူ—ပုံ။

၂—ပဥ္စာကင်းခြင်း၊—ပုံ။

တော်ကောင်းတို့ ဆိုခဲ့သော လောကီမှ ကျမ်းဂန် လာသည်မှာလည်း။ ရဋ္ဌ၊တိုင်းပြည်ကို အစိုးရသော။ ရာဇာ၊ မင်းတို့လည်းကောင်း။ရာဇဒေဝီ၊ မင်း၏ မိဘုရားသော် လည်းကောင်း။ ရာဇပုတ္တံ၊မင်း၏သားသွီးသော်လည်းကောင်း။ ရာဇပုရောဟိတံ၊မင်း၏ ပုဏ္ဏားသော်လည်းကောင်း။ ရာဇအမစ္စော၊ မင်း၏ အမတ်သော်လည်းကောင်း။ အလိဒေါဟိန်ဇာဂံ။ မဟုတ်မမှန် ယုတ်သောအကျင့်ကိုကျင့်ကြံလေအံ့။တထာ၊လာခြင်းမကောင်းသောသူတို့ရှိသော။ ရဋ္ဌ၊ အကြင်တိုင်းပြည်၌။ ဗဟူ၊များသောသတ္တဝါတို့သည်။ အနီဃော၊ ဆင်းရဲဒုက္ခနှင့်အနေမငြိမ်း ဖေါက်လွဲဖေါက်ပြန်ယူမိယူရာ။ မသမာသော ပညာထွန်းလေ၍။ စည်းစိမ်မတည်။ အရှည်မကောင်း။ပျက်စီးလေရာသည်။ဥတုရာသီမညီမဖြောင့်။ဓာတ်လေးပါးချောက်ချားလျက်၊ ယမုနာစသောမြစ်၊ကန်၊ရေတွင်း၊ချောင်း၊မြောင်း တို့သည်လည်း ခန်းကုန်အံ့။ ငန်သော အရသာရောက်အံ့။ ပထဝီမြေသည်လည်း တုန်လှုပ်ကြွေးကြော်အံ့။ မင်္ဂလာမရှိသော တိမ်မိုးကြိုး လောင်မီးစသော အနိဋ္ဌာယုဂ်၊[1] မကောင်းသောအကြောင်းတို့သည်ဆိုက်ရောက်ထင်မြင်အံ့။ အရှင်မင်းမြတ် ဘုန်းပညာကြက်သရေသုံးပါးပြည့်စုံတော်မူသော ဘေးတော်စည်လာ ခမည်းတော်တို့ ကျင့်ထုံးကျင့်တမ်းတို့သည်။ ဘုန်းကြီးသက်ရှည်ကြက်သရေတော်ထွန်းကြောင်း ထုံးဟောင်းဖြစ်ပါသည်။ သူတော်ကောင်း တရားနှင့် အမတ်ကြီး လျှောက်လေသော်။ ပြည့်ရှင်မင်းမြတ်အမိန့်တော်ရှိပြန်သည်ကား။ ငါတို့မင်းမျိုးဝိလုပ္ပနက္ခတ်စဂ်လ[2] မဟုတ်။သာကီယဝံသစဉ်လာမဟာမြင့်မြတ်သောအမျိုးဝင်းမှန်သည်။ အမတ်ကြီးလျှောက်သောစကားသည် ရှေးပညာရှိတို့ထားခဲ့သောထုံးဟောင်း သူတော်ကောင်းသူမြတ်တို့ ကျမ်းဂန်နှင့်ညီလေသည်။ ကျမ်းဂန်လာသည်မှာလည်း။

---

၁—အနိဋ္ဌရုပ်—ပုံ။
၂—နိဂ္ဂဏ်လဝိလုပ္ပန္တ—ပုံ။

သက္ကျရုပ်ပုရေသန္တံ၊ မယာသိပ္ပံနသိက္ခိတံ။
ကိစ္စာဝုတ္တိအသိပ္ပဿ၊ ဉာတိပစ္စာနုတပ္ပတိ။ [၁] ။

ထိုသို့ကျမ်းဂန်ထွက်သည့်အတိုင်း။ သူတော်ကောင်းစကား ဖြစ်လျှင် ကျင့်အပ်သိအပ် ယူအပ်သည်ပင်၊ သူယုတ် ထားခဲ့ သော မတရားအဓမ္မထုံး အဘိဏ္ဍာဗျာပါဒ မိစ္ဆာဒိဋ္ဌိ။ ထိုသို့စ သောအမှုပါချေလျှင်သာ ပယ်သင့်သည်။ မင်းတို့ကျင့်ရာကမ္မာ ဦးတရား၌။

ဒါနံသီလံပရိစ္စာဂံ၊ အဇ္ဇဝံမဒ္ဒဝံတပံ။
အက္ကောဓံအဝိဟိံသဉ္စ၊ ခန္တိဉ္စအဝိရောဓနံ။ [၂] ။

ဤသို့ရှေးဦးစွာကပင် တိုင်းပြည်ကို အစိုးရသော မင်းတို့ ကျင့်ထုံး။ ဘုရားမြတ်စွာ ဟောတော်မူခဲ့ကြောင်းကို အထင်အ ပေါ်ကျမ်းဂန်လာလျက် ရှိပါသည်။ သူတော်ကောင်းထုံးကို ယူ သောအကျိုး။ သူယုတ်သူမိုက်ထုံးကိုကြိုက်သောအဖြစ်ရောက် ကြောင်းကိုမူလည်း။ အဇာတသတ် မင်းသည် သူယုတ်တို့နှင့် ပေါင်းမိ၍ အဘကို အသေသတ်လေပြီးသည်မှ ဘုရားမြတ်စွာ ကို ပြစ်မှားလေသည်။ နောက်မှပညာရှိ ဇီဝကစကားကို နာခံ မိ၍ ဘုရားနှင့်တွေ့လေရာကံကြီးမှလွတ်ကြောင်း ကျမ်းဂန်ရှိပါ သည်။မိဘုရား၊ပုဏ္ဏား၊ တံခါးမှူး၊ မိန်းမစိုးမောလိတ်တို့သည်။သူ ယုတ် အကျင့်အကြံအဝင်ကိုကျင့်ကြံကြသူများဖြစ်သည်။ မင်း မသုံးအပ်ပြီ အမိန့်တော်ရှိ၍။မိဘုရားကိုဥယည်မှာ ဖြည့်တော်မူ လေသည်။ ပုဏ္ဏားကို ပန်းတင်အစို့မှာ ဖြည့်၍။ မိန်းမစိုးမှာသစ် ချတ်အရာအရမှာဖြည့်တော်မူလေသည်။ တံခါးမှူးကိုရေခပ်စိ ရိအစို့မှာ ဖြည့်တော် မူလေသည်။ ယင်းသို့ပြီးမှ အမတ်ကြီး ကျော်ပြန်သည်ကား။ အရှင်မင်းမြတ်။ ဖြည့်ရှင်မင်းတို့၌ဘုန်း တပါး ကြက်သရေတပါးရှိပါသည်။ ဘုန်းကြက်သရေနှစ်ပါးစုံ

၁—ဒွါဒသနိပါတ်မဟာဇနသန္ဓဇာတ်၌ လာသောဂါထာတည်း။
၂—ဓမ္မနီတိရာဇဓမ္မကထာ၌လာသောဂါထာတည်း။

ရှိသောမင်းသည်စည်းစိမ်ရှည်ကြောင်း။ဘုန်းသာရှိ၍ ကြက်သရေမရှိသော မင်းတို့မူကား စည်းစိမ်တိုဝ်ရာသည်။ ဘုန်းပညာကြက်သရေနှင့် ပြည့်စုံသော မင်းတို့ထိန်းသော။ ရဋ္ဌ၊ အကြွင်တိုင်း ပြည် သတ္တဝါသည်။ အနိစ္စော၊ ငြိုဝ်ငြင်ခြင်း။ ဒုက္ခော၊ ဆင်းရဲးသည်။နတ္တိ၊မရှိပြီ။ ရှေးပညာရှိအမှာကျမ်းဂန်လာသည်မှာလည်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။ သဗ္ဗရသံဓမ္မရသောဇိနာတိ။ သဗ္ဗံရတိံ ဓမ္မရတိဇိနာတိ။ တဏှက္ခယော သဗ္ဗဒုက္ခံဇိနာတိ။ ။

ယင်းသို့သူတော်ကောင်းတရား ကျမ်းဂန်အလာနှင့် အမတ်ကြီးလျှောက်ပြန်လေရာ။ ပြည့်ရှင်မင်းမြတ်လည်း ကြိုက်တော်မူလေ၍အမတ်ကြီးသို့ငွေထွေးခံသနားတော်မူလေသည်။ ။

တရံသောအခါ၌ပြည်ရှင်မင်းကြီးသည် မဟာမုနိဘုရားကိုအဖူးထွက်တော်မူလေသော်။ ဝတ်တော်မူသော ပတ္တမြားလက်စွပ်သည်ကျွတ်၍ရေသို့ကျလေရာ။ ငါးတခုရ၍မျိုလေသည်နှင့်။ တလရှိမှ ထိုငါးကို တံငါတယောက်ရလေလျှင် ထိုငါးဝမ်း၌လက်စွပ်ကိုရပြန်လတ်သော်။ တံငါ ကြောက်လန့်လျက်နှင့် ထိုလက်စွပ်ကိုငါးနှင့်အတူ ဆောင်ယူလာ၍ မင်းထံမှာ ဆက်လှာလျှင်။ မင်းကြီးက အမတ်မဟာပညာကျော်ကို မေးတော်မူလေသော်။ထိုဝ်အမတ်ကြီးလျှောက်ထုံးမူကား။အရှင်မင်းမြတ်လက်စွပ်တော်သည်ရေသို့ကျသောအခါ၌ ငါးဆယ်ယူသိမ်းထားပြီးသော် ထိုငါးမှတုံလည်းမိမိအသက်ကိုအသေခံလျက်တံငါထံဝင်ရောက်လှာက။ ထိုတံငါလက်စွပ်တော်ကိုရ၍ ဆက်ရသည့်အလိုဝ်တုံသော်ကား။ မှန်တိုင်းလျှောက်သော် ဉာဏ်နည်းသူတို့ငြိုငြင်ရာသော အကြောင်း ရှိပါသည်။ အရှင်မင်းမြတ် ဘုန်းကြက်သရေကြီးကျယ်ကြောင်း။ပြည်သူတို့သိထင်စေပြီးမှခုနစ်လနှင့်ပြီးအောင်စီရင်ပါမည် မင်းအားလျှောက်ပြီးသော်။ ထိုပတ္တ

၁—ဓမ္မပဒပါဠိတော်။တဏှာဝဂ်၌လာသော ဂါထာတည်း။

မြားကို သားတစ်အတွင်းမြှုပ်၍။ အလုံးငယ်အောင် အတန်လှီးလျက် ထိုပတ္တမြားရှိသော သားတစ်နှင့်အတူ သားတစ်အများကြဲ၍ထားလေလျှင်။ ဂျိုးစွန်အများလာပြီးသော် ချီယူကြလေရာပတ္တမြားရှိသောသားတစ်သည်ပါသွား၍ ဆယ်ရက်ခန့်ရှိသော်ထိုစွန်ကိုငှက်ခတ်သားတို့ရပြန်လေရာ စွန်ဝမ်း၌ပတ္တမြားကိုတွေ့လျှင် ငှက်ခတ်သားတို့ စွန်ကောင်နှင့်တကွ မင်းထံ ပတ္တမြားကိုဆက်ရောက်လှာပြန်သည်။ယင်းသို့နောက်မှမထင်မရှားသောသူတယောက်အား ပတ္တမြားကိုအပ်၍ ရောင်းစေရာ အသပြာတရာပေးလျက် ကုလားတယောက်ဝယ်ယူပြီးလျှင်။ ထိုကုလားရွှေနှင့်ကွင်းမည် ပန်းထိမ်အထံအပ်လေသော်။ ထိုလက်စွပ်ကွင်း၍အပြီး။ကုလားထံမအပ်မှီ။ပန်းထိမ်အိမ်၌ သူခိုးခိုး၍ပါသွား၏။ ကုလားကလက်စွပ်ကို ရလိုကြောင်းနှင့် မင်းထံလျှောက်၍။ ထိုအမတ်ကြီးသို့အပ်ပြန်လှာသော်။အမတ်ကြီးလည်းအမှုကိုစစ်ဆေး၍ထိုလက်စွပ်အကြောင်းကိုသိလေရာ။ ပြီးအောင် စီရင်မည်ဟုနေသည်နှင့်။ထိုင်ခိုးသူတို့အကြည်သည် * မြစ်ဆိပ်၌ရေချိုင်းသောအခါ လက်စွပ်ကို ချွတ်ထားလေလျှင်။ ထိုလက်စွပ်အပါးတွင်းကထွက်၍ ကြွက်လက်စွပ်ကိုတွေ့လေရာ။ ယူလျက်တွင်းသို့ဝင်သွားလေသည်။တရားသူကြီးကျွန်တယောက်သည်ကြွက်သားစားလို၍ ကြွက်တူးသွားလေရာ ထိုကြွက်တွင်းကိုမြင်သောအခါတူးလေရာပတ္တမြားလက်စွပ်ကိုရလေသော် ထိုသူမထားဝံ့၍တရားသူကြီးသို့ ပေးလေသည်။တရားသူကြီးလည်း လက်စွပ်ကိုမြင်လျှင်ပြည့်ရှင်မင်းလက်စွပ်အမတ်မဟာပညာကျော်ခနစ်လနှင့်တံငါမှု၊ပန်းထိမ်မှု၊ ကုလားငှက်ခတ်မှု များကို စီရင်မည်မင်းထံ လျှောက်သူဖြစ်သည်။ အထက် အမွေမှုတွင်လည်း ဓမ္မသတ်ကိုပယ်၍ ငါတို့စီရင်သောစကားကို ဖျက်သူဖြစ်သည်။ခနစ်လလွန်မှ မင်းထံဆက်မည်ကြံလျက် လုံစွာ ထိုလက်စွပ်ကိုထားရာ။တရားသူကြီးအခြားသို့သွားခိုက်ထိုလက်စွပ်ကို မယား

*—ထိုလက်စွပ်ခိုးသောသူသည်—ပုံ။

ထုတ်၍ကြည့်လေသောအခါ လက်စွပ်ကိုအပါးတွင်ထားလျက် အိပ်မိလေရာ။ လက်စွပ်ကို ကျီးချီယူသွား၍ မိမိအသိုက်၌ထား လေသည်။ တရားသူကြီး ရောက်လတ်သော် ထိုလက်စွပ်နေရာ တွင်မရှိသောကြောင့် မယားအားမေးလျှင်။ မယားလည်း ကွယ် ပြက်သဖြင့်ရန်ရှက်တင်၍ကွာလိုဝ်သောကြောင့်မင်းထံဩျောက် လေသော်အမတ်ကြီးသို့အပ်၍စီရင်စေရာ။ အမှုရင်းကိုတရားသူ ကြီးမယားအားအမတ်ကြီးကမေးသော်။လက်စွပ်ပျောက်သည့် အကြောင်းကို ပြောဆိုဝ်၍သိလျှင် စီရင်မည်ဆိုင်းဦးဆိုဝ်လျက် နေသည်နှင့်။ ထိုလက်စွပ်ရှိသော ကျီးသိုက်သို့ ကျောင်းသားလူ ငယ်တယောက်တက်လေ၍ ထိုလက်စွပ်ကိုရလေမှု ဆရာဘုန်း ကြီးသို့ပေးလေသည်။ ထိုဘုန်းကြီးမှုလည်းရတနာဖြစ်သည်။ငါ တို့ရဟန်းနှင့် မအပ်မတန်။ မင်းထိုက်သောဥစ္စာ မင်းအားဆက် မည်ဟူ၍ ပြည့်ရှင်မင်းထံ ဆက်လေသော်။ မင်းကြီးလည်း အ မတ်မဟာပညာကျော်ကိုခေါ်၍ ပြတော်မူလျှင်။ အမတ်ကြီးက လက်စွပ်ကို သားတစ်၌ထည့်၍၊ ဌက်စာကျွေးသောရက်ကာစ၍ စစ်သော် ရက်ပေါင်းတရာ့ကိုးဆယ် ရှိကြောင်းကို သိလတ်မှု။ စီရင်ရန်ရက် ၂၀ သာ လိုတော့သည်။ စီရင်ပါမည် မင်းထံ ဩျောက်၍။ လက်စွပ်ကိုဆက်သောဘုန်းကြီးအားမေးသော်။တ ပည့်လူငယ် ရကြောင်းနှင့်။ ထိုသူငယ်ကိုမေးသော်။ကျီးသိုက် တွင်ရသည်ဟူလျက်အမတ်ထံဩျောက်ဆိုလေရာ။ ရသောကျီး သိုက်ကို ထိုသူငယ်ပြ၍သိလတ်လျှင်။ ညအခါ ကျီးဖိုဝ်မကိုရ အောင်ဖမ်း၍ လက်စွပ်တော်နှင့် တူအောင်။ လက်စွပ်တဘွင်း လုပ်ပြီးသော် ကျီးနှုတ်သီး၌ မြဲစွာချည်လျက် နံနက်ကိုလွှတ်၍ အသီးအသီး မင်းစေလွှတ်၍ လိုက်လှည့် ကြည့်စေရာ။ ထိုကျီး သည်လည်းတရားသူကြီးအိမ်၌ စားနေကျဖြစ်၍ နားလေသော်။ တရားသူကြီးမယားက ပျောက်သောလက်စွပ်ကို ကျီးနှုတ်သီး တွင် ပါလာသည်ဟူလျက် အုတ်အုတ်ကျက်ကျက် လိုက်ကြ၍ ကျီးကို ဘမ်းသောအကြောင်းကို။ မင်းစေတို့ အမတ်ကြီးထံ

လျှောက်လေသော်။ တရားသူကြီးလင်မယားကိုခေါ်၍ကျိုးနှုတ် သီး၌ပါသောလက်စွပ်ကိုသင်တို့အဘယ်မှာရသနည်း မေးလေ လျှင်။ စေစားသည့်ကျွန်ကပေး၍ရကြောင်းနှင့်ထွက်ဆို၍။ ထိုစ် ကျွန်ကိုအပ်စေ၍မေးလတ်သော် ကြွက်တွင်းတူးရာ၌ရကြောင်း ကိုလျှောက်သည်။ထိုစ်ကြွက်တွင်းကိုပြ၍သိမှုထိုအရပ်၌မပြတ် လူစောင့်နေစေ၍ကြည့်သော်။ အထက်ခိုးသားသည် ရေချိုးအ လာတွင်သည်အရပ်၌လက်စွပ်ချထားရာပျောက်သည်ဟူလျက် မိမိတို့ပြောဆိုကြသောစကားကိုမင်းစေကြားလျှင်။ခေါ်ယူသွား ၍အမတ်ကြီးထံလျှောက်သော်။သည့်အရပ်တွင်ထားရာပျောက် သော လက်စွပ်သည် အဘယ်မှာရသနည်း၊ မှန်စွာဆိုပ်ရမည် မေးလေသော်။ ပန်းထိမ်အိမ်တွင် ခိုးရာရသော လက်စွပ်ဖြစ် ကြောင်းနှင့် လျှောက်လေသော်။ ထိုပန်းထိမ်ကိုလည်း မေးရာ သင်္ဘောသား ကုလားက အပ်ရာတွင် ရကြောင်း။ ကုလားမှာ လည်း အသပြာ-၁၀၀-ပေး၍ဝယ်ကြောင်းများကို အမတ်ကြီး သိလေ၍။ ထိုအကြောင်းစုံလင်သောအခါမှ မင်းထံဝင်လျက်ထို အကြောင်းများကိုမင်းအားလျှောက်ပြီးမှ အမှုကိုစီရင်ထုံးသော် ကား။လက်စွပ်တော်ရေသို့အကျတွင် မြေလက်မခံဝံ့၍ငါးသိမ်း ထားပြီးသော်။ ထိုငါးကို တံငါရသည်။ ထိုတံငါလက်စွပ်ကို မြင်လျှင် မထားဝံ့၍မင်းထံဆက်လှာသည်များမှာမြေပိုင်ရေပိုင် တိုင်းနိုင်ငံအတွင်း၌ရှိသောသူတို့သည် အစိုးရအရှင့်ကျွန်တစေ သာဖြစ်ကြသည်။ လက်စွပ်တော်ကို တံငါ ဆက်၍ ရသည့် နောက် ထိုလက်စွပ် မင်းလက်သို့ မရောက်။ ပျောက်လေသော် တံငါကံပေး၍ရသောကြောင့် မင်းဘုန်းသိလတရားမရှိ။ လက် စွပ်တန်ဖိုးကိုတံငါသို့ မင်းကပေးသင့်သည်။ တံငါဆက်လှာ သည့်နောက် ထိုလက်စွပ်ကို သင်္ဘောဝါ မျိုးစုံထံရောက်၍မှ မ ပျောက်မဆုံး ဆက်ရောက်လှာပြန်ရသည်။ တရားကျမ်းဂန်၌သူ တော်ကောင်းဥစ္စာကို။ ရေမှာပစ်လည်းမနစ်။ မီးမှာပစ်လည်းမ ခြစ်။ ယင်းသို့ထုံးဟောင်းပညာရှိတို့ဆိုဝိခဲ့သောစကားရှိသည်။

အရှင်မင်းတရားကြီး ဘိသိက်ခံတော်မူရာ အင်္ဂါပြည့်စုံ တရား စောင့်ထိန်းတော်မူသည်ဖြစ်၍ လူနတ်ကြည်ညိုဝ်သောကြောင့်။ သုံးကြိမ်တိုင်အောင် လက်စွပ်တော်ကို နတ်ပို့ညွှန်ရာ လူလာ၍ ဆက်သွင်းလှာရသည်။ ရဟန်းသော်ကား တရားနှင့် လျော်ညီ သည်ဖြစ်၍ ပဏ္ဍည်းလေးပါး မြဲစေသင့်ပါသည်။ တံငါနှင့်ငှက် ခတ်သမားမှာကိုယ်နှင့် မထိုက်သောအရာကိုသိတတ်သောသ ဘောရှိသူဖြစ်၍ မင်းဘဏ္ဍာ ထိန်းအပ်သော ကျွန်ကောင်းလက္ခ ဏာဝင်သည်။တရားသူကြီးမှာကြွက်နှင့်တူသည်။ ပန်းထိမ်မှာ စွန်နှင့်တူသည်။ ကုလားမှာငါးနှင့်တူသည်။ ခိုးသူမှာကျီးနှင့်တူ သည်။ ထိုသတ္တဝါလေးကောင်တို့ဒဏ်ရောက်သည့်နည်းထိုသူ လေးဦး မင်းပြစ် သင့်ရာသည် စီရင်လေသော်။ နွေကာလစင် လျက် သည်းထန်စွာ မိုးရွာလာသောကြောင့်။ ပြည့်ရှင်မင်းကြီး လည်းအားရတော်မူ၍ဆင်တော်မူသောလက်ကောက်ကိုမဟာ ပညာကျော်အမတ်သို့တရားဆုပေးတော်မူလေသည်။ ။

အခါတပါးလည်း။ ကျောင်းနေပုဂ္ဂိုလ်ရဟန်းတဦးသေလွန် လေသော်ငွေသပြာ—၂၀၀။[1] ရွှေသပြာ—၁၀[2] ကျန်ရှိ၍။ထိုဥစ္စာ ကိုရဟန်းမိဘဆွေမျိုးတို့ကရလိုသည်။ ထိုကျောင်း၌ရှိသော ရဟန်းသာမဏေတို့လည်းရလိုသည်။ကျောင်းတကာကလည်း ရထိုက်သည်။ သုံးဦးသားတို့အငြင်းအခုံနှင့် မင်းထံရောက်လေ သော်။ ပြည့်ရှင်မင်းကြီးကမဟာပညာကျော်အမတ်ကိုအပ်လေ မူ။အမတ်ကြီးစီရင်သည့် ထုံးသော်ကား။ ရတနာသုံးပါး အဝင် သင်္ဃာတော်မြတ်ဖြစ်သော ရဟန်းတို့နှိုက် ဘုရားသခင် ခွင့်ပြု တော်မူသည်မှာ။ ကျောင်း၊ သင်္ကန်း၊ဆွမ်း၊စတုမဓု ဖျော်ရည် ဆေး။ သည်လေးပါးကိုသာသုံးဆောင်အပ်ကြောင်း။ထိုမှတပါး ကဟာပဏ စသော ရွှေများမှာ။ ဘိက္ခုသံဃာ။ သံသရာကို ကြောက်တတ်သော ချစ်သား ရဟန်းတို့။ နကပ္ပတိ၊ မအပ်ပြီ။ ပညတ်တော်မူခဲ့သောကျမ်းဂန်နှင့်မညီ။ ကဟာပဏစသောရွှေ

---

၁—နှစ်ထောင်—ပုံ။ ၂—တရာ—ပုံ။

ငွေများကို ဆည်းဘူးထားခဲ့သည်မှာ။ ဘုရားအာဏာတော်ကို ဆန့်၍ကျင့်သည်။လူတို့၌လည်းမင်းအာဏာကို ဆန့်သော် မင်း ဒဏ်ထိုက်ရာသည်။ ရဟန်းတို့မှာလည်း ဘုရားအာဏာတော် ဆန့်သောသူတို့သည်။ သာသနပဋ္ဌိက သူယုတ်။ ရတနာသုံး ပါးအဝင် သင်္ဃာတော်မဟုတ်ပြီ။လူတို့အလေ့ကျင့်သောသူ လူ တို့နည်းသပြိုဟ်စေရာသည်။ထိုသူ့အမွေရွှေငွေစသောကဟာ ပဏတို့မှာ ထိုသူရှိစည်ရဟန်းသင်္ဃာတော်အမှတ်ထင်၍မအပ် သောအလှူကိုရိုက်မှားသဖြင့်လှူမိကြလေသည်။အလှူမမြောက်။ လူချင်းပေးသကဲ့သို့သာဖြစ်သည်။ မိမိတို့ပေးသော ဥစ္စာထင်ရှား ရှိလျှင်အသီးအသီးယူကြစေ။ ထိုသူအလျောက် ကျူးသန်းရောင်း ဝယ်ရာမိုး၍ရသည့် ကဟာပဏစသော ရွှေငွေရှိရစ်သည်များ မှာထိုသူနှင့်အတူနေရင်းစီးပွါးရှာဘက်ရဟန်းတို့အမွေကိုလိုဝ် လျှင်လူဝတ်လဲ၍ ထိုသူမိဘ၊သားချင်းတို့နှင့် ညီမျှခွဲးယူကြစေ။ ရဟန်းသုံးဆောင်ထိုက်သော ပစ္စည်းလေးပါးမှာ မြတ်စွာဘုရား ပညတ်တော်မူသောသိက္ခာတော်ကိုကြည်ညိုစောင့်ထိန်းသော ရဟန်းသင်္ဃာတော်တို့ကကောက်ယူသုံးဆောင်စေ။ ကျောင်းတ ကာမှာ ပလပ်စေ။ ယင်းသို့စီရင်လေသောအခါ။ အမတ်ကြီးရှေ့ မင်းရင်ပြင်နှိုက်ပန်းပေါက်ပေါက်တို့သည် ကြဲလျက် ကျလတ် သော်။ ပြည့်ရှင်မင်းကြီးလည်း အလွန်ကြည်ညိုဝ်လျက် ထွက် စည်ဝင်စည်ကို။ အမတ်ကြီးသို့ တရားဆု ပေးတော် မူလေ သည်။ ။

တရံသောအခါသော်လည်းလူတဦးသည်မည်သည့်အရပ်၌ ငွေအိုဝ်းရှိသည် စာညွှန်းတွေ့၍ မိမိမသွား။ တယောက်သားကို ပြောဆိုဝ်လွှတ်လေသော်။ ထိုသူသည်လည်းသူတထူးအားဆေး မြစ်ထူးရာလိုက်ခဲ့ပါ။ ငါးသပြာပေးမည်ဆိုလျက်ခေါ်သွား၍။ထို စာညွှန်းအရပ်၌ တူးစေလေရာ ငွေသပြာ—၃၀၀၀—ရလေလျှင်။ ထိုသူသုံးဦး မညီမညွတ်။ ငွေဝေသော ပုဿာမှုကြောင့် မင်းထံ ရောက်လတ်သော်။ ပြည့်ရှင်မင်းကမဟာပညာကျော်သို့အပ်၍စီ

ရင်စေရာ အမတ်ကြီးစီရင်သော ထုံးသော်ကား။ ရေမိုင်မြေမိုင်တွင်ရသမျှဥစ္စာမင်းဘဏ္ဍာနှင့်မကင်းဆယ်ဖို့တဖို့မင်းထိုက်သည်။ရသော အသပြာ ၃ ထောင်မှ ၃-ရာ အသပြာကို မင်းဘဏ္ဍာ ဆက်သွင်းသင့်သည်။ ထိုမှကြွင်းသော သပြာတို့မှာမူလည်း မည်သည့်အရပ်တွင်ရှိသည်ညွှန်သောသူကား အဘာနှင့်တူသည်။ သွား၍ယူသည့်သူမှာအမိနှင့်တူသည်။ ငါးသပြာကိုလို၍ လိုက်သွားတူးသူမှာ ကျွန်နှင့်တူသည်။ ထိုသူတကိုယ်ဘိုးသာရသင့်သည်။ စာထွက်နှင့်ညွှန်သူသွား၍ယူသူတို့မှာ အပြစ်အတူရယူ အကျိုးပေးလည်း မကွဲသင့်။ ညီမျှ ခွဲးယူကြစေဟူလျက်စီရင်လေသော်။ ကနက္ကဒဏ်ထီးဖြူသည် အလိုဝ်လိုဝ်ပွင့်သည်။ထိုအကြောင်းကိုပြည့်ရှင်မင်းကြီးသိလေရာ။ အမတ်ကြီးမယားသို့ မိဘုရားလတ်အဆောင်အရွက်ကို တရားဆု ပေးပြန်လေသည်။ ။

တရံသောအခါ၌ သီပိုဋ္ဌကောလပ္ပမင်းက ရွှေပေကိုလိပ်ပြီးသော်။ အနားတွင်နှစ်လုံးအက္ခရာစာကိုရေး၍။ ထိုရွှေပေကိုဖြန့်လျက်သေချာစွာထည့်ပြီးမှ။ သံစေလွှတ်ရောက်လာသော်။ ထိုရွှေပေကိုကြည့်လေရာ စာတလုံးမျှမရှိလေမူ။ ပြည့်ရှင်မင်းကထိုရွှေပေကိုအမတ်ကြီးသို့အပ်တော်မူလေသည်။အမတ်ကြီးကလည်းသီပိုဋ္ဌမင်းသည် ပညာစမ်းသော အကြောင်းသာ ဖြစ်ချေသည်ကြံလျက် ရွှေပေကိုလိပ်၍ ပွတ်လေရာ။ စာလုံးညီလတ်လျှင်။နှစ်လုံးသော အက္ခရာစာကိုတွေ့လေသည်။ ယင်းသို့တွေ့လေသော်။ မင်းထံဝင်လျက်ဆက်လေ၍။စာနှစ်လုံးမှုကား။မိုး၊ရေ။ သည်သာပါလာသည်။ ထိုအကြောင်းကို အမတ်ကြီး အဓိပ္ပါယ် ဖေါ်၍လျှောက်သည်ကား။အရှင်မင်းမြတ်၊ ရှေးပညာရှိတို့စကားပုံသုံးရပ်အဆိုဌ်။မိုးလွန်သော်ခြစ်သည်။ရေလွန်သော်ပြစ်သည်။ယင်းသို့အရ–ရာဇပျိုတွင်လည်း။ ။ပြည်ကြီးဝန်ကို။အိုဝ်းတန်ဆန်ခတ်။မင်းကျင့်ဝတ်နှင့်။လျှောက်ပတ်သင့်စွာ။ စီရင်ရာသည်။ ထိုသို့အလားသီပိုဋ္ဌမင်းကပေးသောအက္ခရာနှစ်လုံးသည် ပြည့်ရှင်

မင်းကိုအမေးမီးကဲ့သို့ကျင့်သည်။ ရေကဲ့သို့ကျင့်သည်။ ပြည့်ရှင်မင်းမီးကဲ့သို့ ပြင်းစွာဘုန်းအာဏာရှိမှု ပြည်သူ ပင်ပန်းရာသည်။ ရေကဲ့သို့ကျင့်သော် မှူးမတ်ပြည်သူတို့ မလေးမခန့်ပြုရာသည်။ ရေမကြီး၊ မီးမလွန် ကျင့်ရကြောင်းပေးသောစာဖြစ်ပါသည် အမတ်ကြီးချောက်လေရာ။ သီပေါ်ဗတမန်တို့သည် အလွန် ကြည်ညိုဝ်၍ ပြည့်ရှင်မင်းကိုလက်စွပ်-၁၀-ကွင်း။ အမတ်ကြီးမှာ-၅-ကွင်း။ ဆက်သပူဇော်လေသည်။ သီပေါ်ဗတမန်အပြန်၌ထိုရွှေပေတွင်နေ၊လ။ ဟူသောအက္ခရာနှစ်လုံးကို အမတ်ကြီးကရေး၍ပေးလိုက်ရာဆောင်ယူပြန်ကြလေသည်။ ။

တရံသောအခါ၌သီပေါ်ဗကျွန်းနေ။ တမွှုလသဒ္ဒေးမြေးဂဏ်ဘိသတ်လာရောက်၍။ ထိုတမွှုလသဒ္ဒေးသည်လည်းမြောက်ဦးမြို့ ဘေးတော်လက်ထက် သဘော်နှင့် ရောင်းဝယ်မည် ရောက်သောအခါ။ ပေါင်းထွတ်သဘော်ဆိပ် သဒ္ဒေး ဒုံလာသံနှင့် ချစ်ကြည် ယုံမှတ်ကြ၍ သပြာတသိန်း အပ်ထားခဲ့သည်။ သဒ္ဒေးဒုံလာသံအမွေကိုဆက်ခံသူမြေးဒေါ်သလိ ¹ ပေးသင့်ကြောင်းနှင့်ပြည့်ရှင်မင်းထံ ချောက်လေသော်။ မင်းကြီးက အမတ်မဟာပညာကျော်သို့ အပ်လေရာ။ အမတ်ကြီးစီရင်သော ထုံးမှုကား။ ဒုံလာသံမြေး သဒ္ဒေးဒေါ်သလိကို မေးလျှင်။ အပ်သည် မအပ်သည်ကိုမသိ။ မင်းသုံးဆက်မြောက် နှစ်တရာကျော် အစည် အဆက်လည်း မကြားဘူးရပါဆိုလတ်မူ။ ဂဏ်ဘိသတ်ကလူကြီးနှစ်ဦးယုံမှတ်အပ်ပေးကြလေသည့်ကာလ။ သဝံသကလဟူသောတောင်ထိပ်၌ ညောင်ပင်ရင်းတွင် နှစ်ဦးလက်မှတ်စာ ကျောက်ဖျာကြီး၌ ရေး၍။ ထိုညောင်ပင် မြောက်ပါးဝယ် မြှုပ်ထားခဲ့ကြောင်းအဘိုးတမွှုလသဒ္ဒေး ရေးထားခဲ့သည့် လက်မှတ်စာပါသည်ဟူလျက် ပြလေသော်။ ထိုစာညွှန်ရာ တောင်သို့သွား၍ကြည့်စေရာ။ကျောက်ဖျာမရှိ။ညောင်ပင်သော်ကားခုတ်သည့်အ

---

၁-ဒေါ်တလိ-ပုံ။

ငုတ်ရှိလျက်တွေ့လေသည်။ ယင်းသောအခါပေါင်းထွတ်သင်္ဘောဆိပ် အကြီးကိုခေါ်၍ သဝံသကလတောင်ထိပ်၌ ညောင်ပင်ကို မည်သည့်ကာလမည်သူခုတ်လှဲသည်။ ထိုတောင်က ကျောက်ခဲအုတ်ခဲတို့ကိုမည်သူယူသည်။ အကြီးဦးကိုင်တို့အင်္ဂါသိရာ မှတ်ရာသည် အမတ်ကြီးကမေးလေရာ။ သဌေးဒေါ်သလီအဘ ရှာလင်[၂] တိုက်တည်သည့်ကာလ ကျောက်ဖျာကြီး တခုချယူ ဘူးပါသည်။ ညောင်ပင်မှာသင်္ဘောသားတို့ ထင်းခုတ်ယူကြ၍ သေကြောင်းကို ထွက်ဆိုလျှင်။ ထိုကျောက်ဖျာကို အဘဘယ် မှာထားခဲ့သနည်း။ သားသဌေးဒေါ်သလီ သိရာသည် မေးလတ် သော်။ အဘလက်ထက်သင်္ဘောဆိပ်တွင် ကျောက်ဖျာတခုခင်း ၍ထားခဲ့သည်ပြဿန်လေရာ။ ထိုကျောက်ဖျာကိုလှန်၍ကြည့်လေ သော်။ သဌေးနှစ်ယောက်လုံး လက်မှတ်စာကို တွေ့လေသည်။ ယင်းသို့ကာလမှ အပ်ထားခဲ့သည်မှန်ပြီ။ မင်းသုံးဆက် မြောက် နှစ်ပေါင်း တရာကျော်ပြားသော်လည်း မင်းရိုး မင်းမျိုးသာ ဆက်တော်မူသည်။ ထီးကျိုးစည်ပေါက် မဟုတ်။ ကျမ်းဂန်လာ သည်မှာလည်း။ ကပိလဝုယော၊ ကပိလဝတ်ပြည်၌။ စတုရာသီတိ သဟဿရာဇာနော၊ ရှစ်သောင်းလေးထောင်သောမင်းတို့သည်။ ဘောရိ ဆတ္တကောနာမ၊ ထီးကျိုး စည်ပေါက် မည်သည်ကား။ နတ္ထိ၊ မရှိ။ ရာဇဂဟော၊ ရာဇဂြိုဟ်ပြည်၌လည်းကောင်း။ မိထိလနဂ ရေ၊ မိထိလာပြည်၌လည်းကောင်း။ ဧဝမေဝ ထိုအတူလျှင်တည်း။ ဝေသာလိယံပန၊ ဝေသာလီပြည်၌ မူကား။ ပဥ္စကောရဇာ၊ ပဥ္စ ကမင်းလည်းကောင်း။ နန္ဒကော၊ ခိုးမှူး နန္ဒာလည်းကောင်း။ ဝိ လုပ္ပတ္တော၊ လုယက်ဖျက်ဆီးသည်ဖြစ်၍။ ဘောရိဆတ္တကောနာမ၊ ထီးကျိုးစည်ပေါက်ခြင်းသည် ဖြစ်ကုန်၏။ ဟူလျက်ဘုရားမြတ် စွာ မိန့်တော်မူလျက် ကျမ်းဂန်လာသည်။ ထိုမှတပါးစာများမှာ သညာ အမှတ်အယူအသိနှင့် ရေးမှတ်လုပ်ပြု အက္ခရာ ထားခဲ့ သော်လည်း။ မြတ်စွာဘုရားပညတ်တော်မူခဲ့သည် ကျမ်းဂန်ကို

---

၂—ရှားအလင်း—ပုံ။

လွှန်၍ မယူသာ။ သုံးဆယ့်တဘုံသော သတ္တဝါတို့အထွတ်အထိပ်ဖြစ်တော်မူသောဘုရားသာသနာကိုကြည်ညိုဝ်သမျှတရားတော်မြတ်ကျမ်းဂန်စကားသာထွန်းသင့်သည်။ ရက္ခပူရတိုင်း၌လည်း။ ရှေးမင်းတို့လက်ထက် လုယက်ဆိုးသွမ်း မင်းကြမ်းမျိုးခြား–၉–ဆက် ဖြစ်ဘူးသည်။ ဘေးတော်စောမွန်မင်းလက်ထက်တော်လည်း ပြည်ထမ်းပိုင်း ကျိုးလေသည်။ ယင်းသို့ အကြောင်း ကြုံသော ကာလတို့၌သာ ထိုအမှုတို့ကို လပ်စေရာသည်။ မင်းရိုးမင်းမျိုး မပျက်စိုးဆက်ရှည်ကြာ ကမ္ဘာ ပတ်လုံးတည်လျှင်လည်း။ ထိုပြည်၌ထိုးကျိုးစည်ပေါက်မရှိ။ သာကီဝင်မင်းမျိုးရိုးမှန်သည်။ အပ်နှံ့ရောင်းဝယ် လုယက်ခိုးဖွက်သမျှပစေမဆိုသင့်။ သို့ရာတွင်ထိန်းသူထင်ရှားရှိ၍ တောင်းကြပေးကြလျှင်သဘောအတူ အပေးအယူနှင့် နေစေသင့်သည်။ ထိန်းရင်းအပ်ရင်းသူချင်းမဟုတ်လေ။သားတဆက် မြေးတတန့်ထိန်းသိမ်းလျက်နှစ် ၁၀၀ ကျော်ထိုဥစ္စာပျောက်ဆုံးလျှင်လည်း ပေးလျော်ရမည်ပင်ဖြစ်လေသည်။တသောင်းသပြာကိုထိန်းသူရစေ။ ကိုဝ်းသောင်းသပြာကိုသိပ္ပိုင်ပြည် သဌေးရတ္တဘိသတ်သို့ပေး၍။ အထက်အဘိုးနှစ်ဦးထားခဲ့သော သက်သေ လက်မှတ်ကျောက်စာကိုဖျက်သိမ်းကြစေ စီရင်လေသော်။ နွေကာလမိုးသည်းထန်စွာရွာလတ်၍ သဌေးနှစ်ဦး ကြည်လင်စွာ။ သပြာ ၁၀၀၀ စီအမတ်ကြီးသို့ ပူဇော်ကြလေသည်။ပြည့်ရှင်မင်းကြီးကလည်းပတ္တမြားလက်စွပ်တကွင်း တရားဆု အမတ်ကြီးသို့ ပေးတော် မူပြန်သည်။ ။

အခါတပါးမှုလည်းသဌေးတဦးကမြေနှိုက်သပြာတသောင်းမြှုပ်၍ထားသည်ကို။ လူတဦးသိလေရာ တူးဖေါ်ယူလေသည်။ သဌေးလည်း ကြည့်မြဲကြည့်လေသော် ထိုချောင်း၌ငါးရှာသောသူနှစ်ယောက်ကိုတွေ့လေ၍။ နေရာတွင်ငွေလည်းမရှိသောအခါငါးရှာသောလူနှစ်ယောက်ကိုခေါ်ခဲ့လျက် ရိုက်နှက်စစ်လေမူ။ယူ

သည်မှန်၏။ ထိုငွေကိုမြစ်လယ်သို့ချမိပါသည်အဆိုဝ်နှင့်မင်းထံ ဆက်ပို့လေရာ။ မင်းကြီးလည်းရိုက်ပုတ်သောဒဏ်ကိုမြင်တော်မူလေလျှင်။ သဌေးထံသူတို့ဆိုခဲ့သော စကားသည် အမှန်မယူသင့်ဆင်ခြင်တော်မူလျက်။ အမတ်ကြီးမဟာပညာကျော်သို့အပ်တော်မူလေသော်။ အမတ်ကြီး စီရင်သောထုံးမှုကား။ ထိုသူနှစ်ယောက်တို့ထားသော နှောင်အိမ်သို့ အရေး၌လိမ္မာသော သူတယောက်အား ထိုဝ်နည်းတူအပြစ်ရှိသည်ဆိုလျက်။ စကားကုန်စင်အောင် မှာထားပြီးသော် ထိုသူတို့နှင့်အတူ ထားလေသည်။ ဆယ်ရက်ခန့်ရှိမှ အမတ်ကြီးက ထားသောသူအား ခေါ်၍မေးလေရာ။ သူနှစ်ဦးသားတို့ ယူသည် မဟုတ်ပေ။ အမတ်ကြီးထံ လျှောက်လေမူ။ ထိုသူနှစ်ဦးကိုယုံသောသူတို့ထံအပ်၍ လွှတ်ပြီးသော်။ ထိုသဌေးနေသည့်အရပ်ပတ်လည်ကျေးရွာများကိုလှည့်၍မင်းစေလွှတ်လျက် ကြည့်စေသော် လူတဦး သဘင်နှင့်အလှူပေး၍ တွေ့ခဲ့မူ။ ထိုသူကိုခေါ်စေ၍ မိတ်ဆွေဖွဲ့ပြီးမှ။ သပြာတထောင်တန်သော လက်စွပ်တကွင်းကို သပြာငါးရာနှင့်ရအောင် ရောင်း၍ပေးပါဟူလျက်အပ်လေသည်။ ထိုသူယူသွား၍အခြား၌ ပြလေသော် သပြာတထောင်တန်သည် ဖြတ်ဆိုဝ်ကြရာ။ အဘိုးသင့်ရပြီအထင်နှင့် ထိုသဌေးငွေဖေါ် ရသည့်အသပြာကငါးရာကို ရောင်း၍ရသည်ဟူ၍ အမတ်ကြီးထံ ပေးလှာလေသော်။ အမတ်ကြီးလည်းယူ၍ထားပြီးမှု။ ထိုသူပြန်သည့်နောက် ဥစ္စာရှင်သဌေးကိုခေါ်လျက်ထိုငွေကိုပြလေရာ။ သဌေးကကျွန်ုပ်ဥစ္စာမှန်သည်လျှောက်လေလျှင်။ ထိုသူကိုခေါ်၍မေးစစ်လေသော်။ ယူပေသည်အမှန်ဆိုသောအခါ စီရင်သည့်ထုံးသော်ကား။ ငါးရာသော သူနှစ်ယောက်တို့ကို သဌေးကကျင်နာစွာ ရိုက်ပုတ်ပြီးမှ သူခိုးဖြစ်သည်ပို့ဆက်လှာသောအပြစ်။ အသပြာတထောင် လျော်ပေးစေ။ ထိုဝ်ခိုဝ်းသူအလှူပေးမည်ရှိလတ်သော်။ အရပ်အိမ်နီးအကြီးဦးကိုင်တို့က ထိုသူ၏လက္ခဏာရှေးနောက်နှိုင်းညှိဆင်ခြင်၍သို့သော ဥစ္စာအဘယ်မှာရသည်။ ရှေးနှင့်မတူထိုသူအဘယ် ကုန်

ရောင်းဝယ်၍ နှစ်လခကြာမြတ်စွန်းရသည်။ မိဘမျိုးဆွေအရပ်နေအိမ်နီးခေါင်းအကြီးတို့မရှုးမစမ်း နေကြလေသည်မှာ။ အလိုပါရောက်လေသည်။လှူ၍ကုန်သချကို လက်သည်လုပ်သူကိုင်သူစားသောပရိသတ်တို့က ပေးလျော်စေ။ ခိုးသူမှာမင်းဒဏ်ခံစေစိရင်သောခါ။ မြောက်ဦးနတ်နေသော ညောင်ပင်တခွက်ခလွတ်ကတော့လေသော်။ ပြည့်ရှင်မင်းကြီးက တရားဆုဆင်ပေါက်နှစ်စီးအမတ်ကြီးသို့ပေးတော်မူသည်။ ။

အခါတပါးမူလည်း။ သခက်တော်သံတွဲးစားသေလွန်၍။သံတွဲးမြို့ကို ပြည့်ရှင်မင်းကြီးက အခတ်သံတိုင်းနောင်[1] သို့ပေးမည်ရှိသောအခါ။ အမတ်ကြီးမဟာပညာကျော် ကျောက်သည့်ထုံးမူကား။ သံတွဲးမြို့သည်အစွန်အဖျား။ပြူတသိုင်းတို့နှင့်အနီးအစပ်။ အခတ်တော်သံတိုင်းနောင်မှာ လက်ရုံးရည်သာ ရှိသည်။ ကောက်လိမ်ဆန်းကြယ်သော ဉာဏ်မရှိ။ ရှေးသူဟောင်းစကားတွင်လည်း။ ပြူကိုအမြောက်။ တသိုင်းကိုအကောက်၊ကုသားမှာမိးပေါက် ဆိုဝ်ရိုဝ်းရှိပါသည်။ တဘိုင်းတပြည်သို့ သံတခန့်စေသောအခတ်။ တိုင်းဖျား ပြည်ဖျားထားသော အခတ် တို့နှစ်ဦးသည်၊ လက်ရုံးရည်မှာ အတန်သာဆိုဝ်ပါသည်။ လက်ရုံးရည်လွန်ခဲ့သော် နှစ်ပြည်ရန်စစ်ကြီးစွာ ထိုသူကြောင့် ဖြစ်တတ်ပါသည်၊ နှစ်လုံးရည်သော်ကား လွန်တိုင်းအကျိုး ရှိကြောင်းကျမ်းဂန်ထွက်သည်မှာ။ ရာဇာ၊မင်းတို့၏။ ခန့်၊ ဥစ္စာမည်သည်ကား။ အခစ္စာဗလံ၊ ပညာရှိသော အခတ် လျှင်တည်း။ ယင်းသို့ထုံးဟောင်းနှင့်အညီ။ သူကအကောက်အကွေသာခဲ့သော်၊ ကောက်လိမ်ဆန်းကြယ်သောဉာဏ်ဖြင့် နှိပ်နင်းချိုးဖျက်နိုင်မှ အောင်ရာသည်။ နှစ်လုံးရည်ရှိသောသူ၌ လက်ရုံးရည်မှာ အလွန်ရှိအောင်ပြုနိုင်ကြောင်း။ အသကခင်းအမတ်နန္ဒသေနကိုဆိုသော နိပါတ်တော်၌ ထင်ရှားရှိပါသည်။ သံတွဲးမြို့စား ထားရန် အခတ်တော်လေးမြို့စားသည်၊ လေးတူဘောင်ပေါ်သား တရားမရှိ သူ့စည်း

စိမ်းကို ဖျက်လိုဝ်ဖျက်ဆီးတတ်လျက် အလွန်ဆိုးသွမ်းယုတ်မာ နိုင်မိနိုင်ရာ သတ်ညှစ်နှိပ်စက် ပြုတတ်သော အမျိုးကိုတုံသော်လည်း။ ယည်ကျေးစေမှုနှစ်လုံးရည်လက်နက်တို့ဖြင့်။ ယည်ကျေးစေတတ်သော ပညာဗလရှိသူဖြစ်ပါသည်။ လေးမြို့စားဝိန္ဒသူကို သံတွဲစားပေး၍။ ဝိန္ဒသူသားကျော်သူကို လေးမြို့စားပေးတော်မူလျှင်သင့်လှပါသည်။ အရှင်မင်းမြတ်။ လက်ရုံးရည်မှာသူမိုက်အတတ်။ နှစ်လုံး၏အစေကျွန်သာဖြစ်ပါသည်။ နှလုံးရည်ရှိသောသူအား အမှုအပေါင်းပြီးကုန်ပါသည်လျှောက်လေသော်။ မင်းကြီးလည်းကြိုက်တော်မူ၍လေးမြို့စားဝိန္ဒသူကိုသံတွဲမြို့စားအရာပေးတော်မူလေရာ။ တနှစ်ခန့်ရှိလျှင် ပုသိမ်မြို့ ဟိုင်းကြီးတွင် ရှိသော တလိုင်း၊ ပြူ၊ ကုလား လူဆိုး—၅၁၀၀—ကျွန်ခံ သံတွဲမြို့သို့ဝင်ရောက်လှာရသည်။ ။

အခါတပါး၌ သားတော်သံတောင်စားငစုံသည်မြုံတို့အရပ်က လင်းကဲ့၊ မြုံ၊ သက်တို့နှင့် ပူးပေါင်း၍ခြားနားပြီးသော်။ ဒါဂါမြို့စား ကောင်းညွန့်သူကို အလိုပြည့်လျှင် ပြည်ပိုင်အမတ်ကြီးခံ့မည်။ ဒါဂါမြို့သို့စေလွှတ်ပြောဆိုစေရာ။ ကောင်းညွန့်သူကြံသည်ကား။ တောသတ္တဝါကိုလိုလျှင် အိမ်သတ္တဝါနှင့် ရင်းနှီးဖမ်းမှုရသည်။ သားတော်ငစုံသည် ဆိုးသွမ်းသောအကြံဖြင့် ကျင့်ကြံပြန်သည်မှာ။ အလိုဝ်ပါလိုက်၍ ဖမ်းမှသာရမည် ကြံလျက်။ သံတောင်စားငစုံက စေလွှတ်သောသူအား သင့်ပါသည်။ ရဲမက်လက်နက်များမှာလည်း အသင့်ရှိပါပြီ။ မည်သည်ကိုမျှ စိုဝ်းရိမ်တော်မမူပါလင့်။ လက်ဆောင်ပန္နာလျှောက်စာနှင့်လူထည့်လိုက်သည်။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီး ကြားသိတော်မူ၍ အမတ်မဟာပညာကျော်ကို မေးတော်မူသော် အမတ်ကြီးလျှောက်ထုံးသော်ကား။ ဒါဂါမြို့စားကောင်းညွန့်သူ ဘေးဘိုး အစည်အမျိုးမှူးရိုးမတ်ရိုဝ် ဖြစ်ပါသည်။ ထီးနန်းမင်းဆက်အဝေးအနီးထားသမျှ မည်သည့်ကာလတွင်မျှ။ သူပုန်သူကန်လူဆိုးလူသွမ်းတို့နှင့် ပေါင်းဘက်၍ အရှင်မင်းအား မိုက်မှားဘူးသည်မရှိပါ။ ခမည်း

တော်ဘုရားလက်ထက်ကုလားပြည်ကိုသိမ်း၍ ပြန်တော်မူသော အခါ။ ဒါဂါမြို့စားကောင်းညွန့်သူ့အဘ သတိုးဖြူ အမတ်သည် စီးသောလှေ၌ စစ်ချီစဉ်က ပေးသနားတော်မူသော ဖောင်းဖြူကို ဆင်လျက် စီးသည်ကို မြင်တော်မူလေသော်။ စစ်ချီသာ ငါပေး တော်မူသည်။ စစ်ပြန်လျှင် သိမ်းသင့်လျက် သတိုးဖြူသည် မာန် မြောက်၍ လွန်သူဖြစ်သည် မျက်တော်မူလျက်။ အပြစ်တော်နှင့် မာန်အောင်မြို့သို့ပို့တော်မူ၍တနှစ်ကျော်နေရသောအခါ။အရှေ့ပြူ မင်းတလိုင်းမင်းတို့ကစေလွှတ်ခေါ်စေရာ။မှူးကောင်းမတ်ကောင်း တို့အင်္ဂါနှင့် စုံညီစွာပေးလိုက်သောစာမှုလည်း။ ဝိဒေဟာရာဇ်အ မတ် မဟောသဓာကို။ ပဉ္စာလမင်းကခေါ်သော်။ ကျေးဖူးသစ္စာ ရှင်မှစ၍ သားမြေးဆက်ကာမှန်သမျှ စိုးမိုးလျှင်။ ကျေးဖူးသစ္စာ စောင့်အပ်သောထုံးဟောင်းနှင့်ညီအောင် စာပေးလိုက်သည်။အ မျိုးအရိုးကို ဒါဂါစားကောင်းညွန့်သူ ဖျက်မည်မဟုတ်ပါ။ အ ကြောင်းဆိုက်ရာကိုဉာဏ်ရှာ၍ ဒါဂါစားကြံသည့် အမှုသာဖြစ် ပါသည်။ အပြစ်ပေးထားသော သားတော်သံတောင်စား လင်း ကဲ၊ မြုံ၊သက်တို့နှင့် ပူးပေါင်းဆိုဝ်းသွမ်းသည့်အရာမှာလည်းအ ရေးမလောက်ပါ။ အမတ်တော် ဒါဂါစားကောင်းညွန့်သူ တ ယောက်နှင့်ပြီးကုံပါလိမ့်မည် လျှောက်လေရာ။ ပြည့်ရှင်မင်းကြီး လည်း မည်သို့မဆိုနေတော်မူလေသည်။ ယင်းသို့အမတ်ကြီးဆို သောစကားကို ဒါဂါစား ကောင်းညွန့်သူ ကြားလေရာ။ငါနှိုက် အရေးရောက်ပြီ ကြံလျက်။ သံတောင်စား မှာသောနေ့ ရောက် လတ်သော်။ရဲမက်လက်နက်ဗိုလ်ခြေစည်းကြပ်လျက်သံတောင် စားရှိရာသို့ချီသွားလေသည်။ တွေ့ကြုံကြသောအခါ ဒါဂါစားက ဆိုသည်ကား။ အရှင်မင်းသား တပ်ဦး ချီတော်မူပါ။ ကျွန်တော် နောက်ကွပ်၍ စစ်အားပေးပါမည် ဆိုလေသော်။ သံတောင်စား လည်း အားရ၍ ချီသွားကြသည်နှင့်။ သက်၊မြုံ၊ လင်းကဲ တို့ တောင်ခြေသွား ကျွမ်း၍။ လှေမှုရေမှုမှာ မကျွမ်းသည် ဖြစ်လေ လျှင်။ မယုမြစ်ဝသို့ရောက်ကာလ ဒါဂါစားက တပ်တောင်တာ

လှေတက် အသင့်ထားပြီးသော်။ မြို့နှင့်လည်း နီးပြီဖြစ်သည်၊ သံတောင်စားနှင့် တိုင်ပင်ရန်ရှိသည်ဆိုလျက် တပ်ဦးသို့လာခဲ့၍။သံတောင်စားလည်း ယုံမှတ်သောနှစ်လုံးဖြင့် နောက်ပါ လူအတန်သာခေါ်၍ ဒါဂါစားလှေကိုတက်လေသောအခါဒါဂါစားက ရှေ့နောက် လှေပိတ်ဆို့စေပြီးမှ ဖျားအတက် ကြိမ်လတ်ရာ သောင်းသောင်းပြောလျက်။ သံတောင်စားကိုဖမ်း၍ ရေတက်ဝင်သွားလေသော်။နံနက်မြို့သို့ရောက်လျှင်သံတောင်စားကို မင်းထံဆက်လေသည်။သက်ခေါင်းအကြီး၊မြုံ၊လင်းကဲ့ခေါင်းအကြီး။ သံတောင်စားအပါအဝင် လူတို့ကိုလည်း။ ဒါဂါစားသမက် သောင်းထိုပ်စား [1] အပ်၍ဆက်လှာပြန်ရာ။ ယင်းသို့သောအခါအမတ်ကြီးမဟာပညာကျော်လျှောက်သည့်ထုံးကား။အရှင်မင်းမြတ်။ဘုရားသခင်တကာတော် ဖြစ်တော်မူသော ဗိမ္ဗိသာရမင်းကြီး မိဘုရားနှင့်။ အဇာတသတ်ကိုပဋိသန္ဓေစွဲးသောကာလ မကောင်းသောတိတ်နိမိတ်ထင်သဖြင့် အကြိမ်ကြိမ်သန္ဓေကို ဖျက်ကြောင်းကိုမင်းကြီး သိတော်မူလေသော်။ မိဘုရားအားမြစ်တော်မူ၍ အမိန့်တော်ရှိသည်ကား။ ရှင်မိဘုရား။ သံသရာဝဋ်ဒုက္ခရှိသော လူသတ္တဝါတို့သည်။ မိကြီးဘကြီး ဆွေမျိုးစသောသူအား အပြစ်ထိုက်ပြားသော်လည်း။ အမျိုး စောင့်သော တရားကို သူတော်ကောင်းတို့မဖျက်ရာချေ။ မိဘုရားကမွေးဖွားသောသားသည်တရားမစောင့်အဇာတသတ် [2] ဖြစ်ခဲ့၍၊ ငအားမှားလိုပ်ပြားသော်လည်း။အသက်သာသေစေရာသည်။ သူ့အားမှားသော အမှုဖြင့်တရားမလွတ်ကောင်းရာလေ မိန့်တော်မူကြောင်းကို ကျမ်းဂန်အထွက်ရှိပါသည်၊ ထိုမှတပါးလည်းမင်းတို့ဘုန်းလက်ချုံးကြက်သရေတော်။ရတနာခုနစ်ပါးလူတို့အားမည်သည်ကိုကျမ်းဂန်ဆိုပ်သည်မှာ။ ရာဇာ၊မင်းတို့၏။ ဓနံ၊ဥစ္စာမည်သည်ကား။ အမစ္စောဗလံ၊ ပညာရှိသောအမတ်လျှင်တည်း။ ပုရိသာနံ၊ ယောကျာ်းတို့၏။ ဓနံ၊ ဥစ္စာမည်သည်ကား။ အတိဂုဏော၊ ပညာဥာဏ်လျှင်

---

၁—ရသောင်းတီးစား—ပုံ။ ၂—အဝဇာတသား—ပုံ။

တည်း။ဣတ္ထိ၊မိန်းမတို့၏။ခန့်၊ဥစ္စာမည်သည်ကား။ရူပဇာကာံ၊အဆင်းအကျင့်တည်း။သပ္ပေါ၊မြွေတို့၏။ ခန့်၊ဥစ္စာမည်သည်ကား။ဝိသံ၊အဆိပ်လျှင်တည်း။ဘိက္ခုနံ၊ ရဟန်းရသေ့တို့၏။ခန့်၊ဥစ္စာမည်သည်ကား။ သီလံ၊သီလအစရှိသော ကိုယ်ကျင့်တရားလျှင်တည်း။ဗြဟ္မဏာနံ၊ပုဏ္ဏားတို့၏။ခန့်၊ဥစ္စာမည်သည်ကား။ဝိဇ္ဇာ၊အတတ်ပညာလျှင်တည်း။မင်္ဂလာတရားဦးတွင်လည်း။ မာတာပိတု၊အမိအဘတို့သည်။ ပုတ္တဒါရဿ၊သားမယားတို့၌လည်းကောင်း။ပုတ္တဒါရဿ၊ သားသမီးတို့သည်။ မာတာပိတု၊မိဘတို့၌လည်းကောင်း။ ဉာတကာနဉ္စ၊ ဆွေမျိုးတို့၌ လည်းကောင်း။သင်္ဂဟ၊ကျွေးမွေးပေးကမ်းမစသင့်သည်။ တကြောင်းမှုလည်း။မဟာရာဇ၊ အရှင်မင်းမြတ်။ မာတာပိတာစ၊ မိဘနှိုက်လည်းကောင်း။ ဂုရုစ၊ဆရာ၌လည်းကောင်း။ ဉာတကာနဉ္စ၊ ဆွေမျိုး၌လည်းကောင်း။အမစ္စေ၊ မင်းအကျိုးကိုလို၍ ဆောင်တတ်သောအမတ်လည်းကောင်း။ဥမ္မတ္တကော၊ အရူးလည်းကောင်း။ဘိက္ခု၊သံသရာဘေးကိုရှုလေ့ရှိသောရသေ့ရဟန်းလည်းကောင်း။ ပဏ္ဍိတော၊ပညာရှိသော သူတော်ကောင်းလည်းကောင်း။ သတ္တမေဝ၊ထိုခုနစ်ပါးသော သူတို့အား။ရာဇာ၊မင်းသည်။ ဒေါသံ၊အမျက်ထွက်သဖြင့်ဇိဝိတ်ခြွေသေစေသောပျက်ခြင်းကို။ နပဿေယျ၊မပြုအပ်။ ထိုသို့အကြောင်း ထုံးဟောင်း သက်သေကျမ်းဂန် လာသည်ဖြစ်၍။ သားတော်သံတောင်စားမှာ ဇမ္ဗုပတိမင်းနှင့်တူပါသည်။ သားတော်ကိုပါအောင်ခေါ်ဆောင်ယူခဲ့နိုင်သော အမတ်ဒါဂါစားမှာ မာဃတမန်နှင့် တူပါသည်။ အရှင်မင်းမြတ် တို့သော်ကား ဘုရားသခင်နှင့် တူပါသည်။ ယင်းသို့အကြောင်းထုံးဟောင်းရှိသည့်အတိုင်းပြည့်ရှင်မင်းကြီး မတိမ်း မစောင်းရစေ။ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးရှိလှ၍ ဘုရားစသောသူတော်ကောင်း ပညာရှိချီးမွမ်းစေရာ။ မှူးကောင်းမတ်ကောင်းအင်္ဂါစုံစွာ ပညာဗလအားကြီးသော အမတ်ကြီး လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးက ငရုံငယ်သည် အလိမ္မာမရှိသူ ဖြစ်

သည်။ လိမ္မာအောင် သွန်သင်ပြသ ဆုံးမစေခိုင်း သိမ်းထားလေ တော့ အမိန့်ရှိ၍ အမတ်ကြီးမဟာပညာကျော်သို့ အပ်တော်မူ လိုက်သည်။ ဒါဂါစား ကောင်းညွှန့်သူကိုမူကား သားတော်သံ တောင်စား အဆောင်အရွက် အဝတ်တန်ဆာ ပေးတော်မူလေ သော်။ ဒါဂါစားလည်းအသနားတော်မြတ်ကိုသာခံ၍ မဆောင် မသုံးပြည့်ရှင်မင်းကြီးသို့ဆက်ပြန်လေရာ။ ဒါဂါစားကလျှောက် သည်ကား။ အရှင် မင်းမြတ်။ မျှုးမတ်ကျေးကျွန်ကို သဒ္ဒါတော် မူ၍ သားတော်သွီးတော်တို့နည်း ပေးသနားတော်မူသော်လည်း အရှင့်သားတော်အဆောင်နှင့်တူအောင် မသုံးဆောင်အပ်ပါ။ မျှုး မတ်အသုံးအဆောင်ကိုသာ သုံးဆောင်လိုက်ပါသည်။ လွန်၍ပြု ချေသော် အလိမ္မာမရှိသောသူတို့ကို တန်ဆာဆောင်၍ မာန်မြင့် တတ်ပါသည်။ သနားတော်ကိုခံရလျှင် သုံးဆောင်ရသကဲ့သို့တ ထေဝတူသည်။ ရှေးသူဟောင်း ပညာရှိထားခဲ့သော ထုံးနှင့်ဖြစ် ပါသည် လျှောက်လေလျှင်။ မင်းသားအဆောင်အရွက်ကို သိမ်း တော်မူ၍။ အမတ်ကြီးတို့နည်းအဆောင်အရွက်ပေးသနားတော် မူလေသည်။ သားတော်သံတောင်စားအဝင် သက်-လင်းကဲး-မြုံ တို့ အကြီးခေါင်းများကိုလည်း အသက်မသတ်။ ကုသိုလ်တော် ရတနာသုံးပါးရေးမှာလှူတော်မူသည်။ ။

တရံသောအခါ ရှုံပြည်ပသိကုလားမင်းက။ ရက္ခပုရတိုင်း၌ သာကိဝင် မင်းဖလောင်းကြီးသည် ဘုန်းကြက်သရေ ပညာနှင့် ပြည့်စုံ၍ အမတ်ပညာရှိများကြောင်း ကြားသည့် အတိုင်း။ မှန် သည်မမှန်သည်ကို သိစေရာသောအကြောင်း စုံစမ်းရမည်။ အ ရေး၌ လိမ္မာသောကုလားအမတ်တယောက်ကို သဘော်နှင့် စေ လွှတ်လိုက်ရာရောက်လာ၍။ ထိုကုလားအမတ်ဒါသုစိက ဆက် ရန် လက်ဆောင်တော် ပတ္တမြား ခုနစ်လုံးသည် ပါသည်ဆို၍။ ထိုအထုပ်ကိုပြလေသော်။ အမတ်မဟာပညာကျော်ကငါတို့အ ရှင်ကို အတိုင်းတိုင်းအပြည်ပြည်က ဆက်ရောက်လာသမျှ။ ပွဲ သဘင်ကြီးစွာခံပြီးမှ သွင်းမြဲဖြစ်သည် ဆိုပြီး၍။ ထိုပတ္တမြား

ထုပ်ကိုသံတဲးပေါ်၌ အစောင့်အနေထားလျက်ရှိစေပြီးသော်။ အမတ်မဟာပညာကျော် မင်းထံ လျှောက်လေသည်ကား။ အရှင်မင်းမြတ်။ ကုလားမျိုးတို့တွင် ပသီကုလားသည် အကောက်အလိမ်အဆိုဝ်းအညစ်ထူလှပါသည်။ ယခုလာသည့်ဒါကုစီလည်း ပသီကုလား။ သင်းတို့ အရှင်လည်းပသီမင်းဖြစ်ပါသည်။မည်သို့စေကြောင်း၊ ဆက်ရန် လက်ဆောင် များလည်း မည်သို့ပါကြောင်းများကိုသိသာအောင်စုံစမ်း၍ပြီးမှ။ ရွှေတော်သို့ဝင်စေရပါမည် လျှောက်လေသော်။ မင်းကလည်း ကြိုက်တော် မူလေသည်။ယင်းသို့အခါအမတ်ကြီးက ထိုအထုပ်ကို ကြည့်လေရာ။ ရွှေကြည်ဖြင့် ယက်သည့်ပမာ လုံစွာထိုး၍[1] မြင်လတ်မူအမတ်ကြီး မဟာပညာကျော် ကြံသည်ကား။ ဤကဲ့သို့ ထည့်ရိုဝ်း မရှိသည်ကိုထည့်ခဲ့သော် ထိုအထုပ်၌ အကြောင်းထူးပါသည်ဆင်ခြင်လျက်။အဘိုးသပြာ-၁၀၀၀ တန်ပရိကပါရာဟူသော ပိတ်အုပ်ကို ခဝါသည်သို့အစုတ်မပါပြပြီးသော်။ အခေါက်အတွင်း ခဝါသည်မမြင်သောအရပ်၌တိတ်တဆိတ်ကတ်ကျေးနှင့်ကိုက်ပြီးသော်။ဂုံညင်းခန့်ထားလိုက်၍ ထိုအထည်ကိုခဝါသည်သို့ပေးလိုက်လေသည်။ ခဝါသည်လည်း အိမ်သို့ ရောက်လျှင် ထိုပိတ်အုပ်ကိုရေဆွတ်လျက်ဖွပ်လျှော်၍ လှမ်းသောအခါ ထိုအပေါက်ကိုမြင်လေရာအလွန်ကြောက်သည်နှင့်။ သဘောဲဆိပ်သို့သွားပြီးမှ။ထိုအပေါက်ကိုဖါတတ်သောသူအားရှာလေသော် သဘောဲကအပ်လျှိုသမားကိုရခဲ့၍ဖါစေရာ။ ထိုအထည်သားနှင့်အတူ အပ်လျှိုသမားဖါပြီးမှ။ခဝါသည်ကအမတ်ကြီးသို့အပ်လျှင်။ အမတ်ကြီးလည်း ထိုပိတ်အုပ်ကို ဖြန့်၍ ကြည့်လေသော်။ အစုတ် အပေါက်မရှိ၍ရှာမရသောအခါ၌။အမတ်ကြီးလည်းကိုက်ယူထားသောပိတ်စကိုခဝါသည်အား ပြလျက်မေးလေမူ။ ခဝါသည်ကဖါသူကို ဆိုလေသော်။ အမတ်ကြီးကြံပြန်သည်ကား။ မရမာကို

[1] လုံစွာတုပ်၍–ပုံ။

ပျာဒါ ကုလားမှာမနာ။ ၁ ဈေးသူဟောင်းတို့ ဆိုဝ်ရိုဝ်းရှိသည်။ ထိုကုလားကိုခေါ်၍ ပေးရမည် ကဝါသည် ဆိုလေလျှင်။ ကဝါသည်လည်း ထိုကုလားကိုခေါ်၍ ပေးလေရာ၊ အကြောင်းကိုမေးမြန်းသည့် ကာလ။ သူထုပ်သောအထုပ်မှန်ကြောင်း။ ထိုအထုပ်တွင် အဖိုဝ်းမထိုက်သော ပတ္တမြားအမျက်ခုနစ်လုံး ပါကြောင်းနှင့်ပြောဆိုလေသော်။ တပါးသူအား ယင်းသို့မေးကြောင်းကိုမသိစေနှင့် ဗိတ်လျှက် သပြာတထောင် ၂ ကုလားသို့ ပေးပြီးမှ။ထိုကျောက်ထုပ်ကို တိတ်တဆိတ် ယူလေပြီးသော်။ ပြည့်ရှင်မင်းထံဝင်လေ၍။ထိုကျောက်ထုပ်ကိုဖွင့်ကြည့်လေရာ။ချက်ကျောက်ပတ္တမြားခုနစ်လုံးပါသည်ကို မြင်သောအခါ။ အမတ်ကြီးက အသပြာ တထောင်စိတန်သော ပြည့်ရှင်မင်း ပတ္တမြား ကျောက်ကောင်းခုနစ်လုံးကိုထိုအထုပ်၌ ထည့်၍။ ချက်ကျောက်ခုနစ်လုံးကိုယူထားပြီးသော်။ အထက်အတိုင်းသေချာစွာ ထိုကုလားကိုထိုးစေသည်။ ပြီးမှထားမြဲနေရာသော်မော်သို့ထားစေလေသည်။ ထိုသို့အကောက်လာသောအမှုကို အကောက်ဥာဏ်ဖြင့် အောင်စေပြီးမှ။ ကုလားအမတ်ဒါကုစိကို မင်းထံသို့လက်ဆောင်တော်ဝင်စေသည်။ ရွှေတော်သို့ရောက်၍ ထိုကျောက်ထုပ်ကို ကုလားအမတ် ဒါကုစိသို့အပ်လျှက် ဖွင့်စေသော်။ အဖိုဝ်းအများထိုက်သော ပတ္တမြားကျောက်ကောင်း—၇—လုံးကို ကုလားအမတ် မြင်လေသော်၊ ခဒါအရှင် အမှန်ဖြစ်ပေသည်ဟူ၍ ကုလား အလွန်ကြောက်လန့်ရှိသေစွာနှင့်။ မကာဘုရား ကုလားတို့ အထွတ်အထိပ်ရှင် မှန်ပေသည်။ သို့ဆိုလျှက် အကြိမ်းများစွာ ဘာသာရှိခိုဝ်းခြင်းဖြင့်ရှိခိုးလေသည်။ထိုကုလားအမတ်ဒါကုစိပြန်သောအခါသော်ကား။ အမတ်ကြီးကအစ်ကိုဝ်တို့အရှင် ရုံမင်းသို့လည်း ပတ္တမြားကျောက်မြတ် ခုနစ်လုံးပေးလိုက်မည်။ ကျောက်ကောင်းခုနစ်လုံးကိုကုလားသို့ပြပြီးသော် အမတ်ကြီးသို့ ထိုကျောက်ကို အပ်လိုက်တော်မူလေသည်။ အမတ်ကြီးလည်း မင်းအပ်သော

---

၁—မြန်မာကုံ့ပြဲဒါး၊ကုလားကိုမဲနာ—ပုံ၊ ၂—သပြာတရာ—ပုံ။

ပစ္စည်းမြေားချနစ်လုံးကို ထိုကုလားအမတ်ဒါကုစီရှေကောင်းမွန်စွာ ထုပ်လေ၍။ထိုကုလားမရှိနေဘက်မှုကား ကုလားတွင်ပါရင်းချက်ကျောက်ချနစ်လုံးကို။ ထိုအထုပ်နှင့် တူအောင် ထုပ်စေပြီးမှ ကုလားအမတ်သို့အပ်လေသည်။ ထိုအမတ်လည်းကောင်းမွန်ရှိသေစွာဆောင်ယူပြန်လေ၍။ မိမိအရှင်ရုံမင်းထံဆက်လေသော်ထိုအထုပ်ကို ဖြေ၍ကြည့်လေရာ။ ပေးလိုက်ရင်းချက်ကျောက်ကိုမြင်လတ်မှု။ကုလားမင်းက အကြောင်းကိုမေးသောအခါ။ အမတ်ဒါကုစီတို့ သိတိုင်းမြင်တိုင်း အရပ်ရပ်စကား လျှောက်လေသော်။ ကုလားမင်းကမကာဘုရားခဒါအရှင်အမှန်ပင်ဖြစ်သည်။ ဖူးသင့်သည်။သို့ဆိုဝ်ပြီးလျှင်ရုံမင်းကိုယ်တိုင်လက်ဆောင်ပဏ္ဏာအများသင်္ဘောတရာနှင့်လာရောက်ဆက်သပြီးသော် မရမာဘာသာစာများကိုသင်၍ခြေရင်းတော်တွင် ကျွန်တော်ခံပါမည်လျှောက်ပြီး။ ရုံမင်းသားအလတ်ရှာအလင်ကိုစေသုံးရန်ကျွန်တထောင်ပေးအပ်ထားခဲ့ပြီးမှရုံမင်းပြန်လေသည်။ပြည့်ရှင်မင်းကြီးကလည်း။ ရုံမင်းသားရှာအလင်ကို စားကျေးကုလားရွာ ဂေါတော်ပလင်ကို ပေးတော်မူပြီးမှအမတ်ကြီးသို့အပ်တော်မူ၍မရမာဘာသာအက္ခရာများကိုသင်ပေးစေသည်။ ။

တရံသောအခါ၌လည်း အရှေ့ပုဂံမြို့နေဆို၍ ရဟန်း တဦး ရောက်လာရာ။ယိုးကျွန်းအမရာတောင်ထက် နေလေသည်။ ထိုရဟန်းအားယိုးကျွန်းသားတို့ လှူဒါန်းလျက် မပျက်ကြည်ညိုဝ်နေကြလေသော်။ စည်းချောင်းစား သတိုးအောင်သည် ထိုတောင်ကြား၌သခင်လိုက်မည် သွားလေသော်။ ထိုရဟန်းနှင့် တွေ့လေရာသဘာဝနှီးနှောပြောဆိုဝ်ပြီးမှပြန်လာခဲ့၍။ပြည့်ရှင်မင်းကြီးထံ ရဟန်း သူတော်ကောင်း ပုဂံသားတဦး ယိုးကျွန်းအမရာတောင်ကြားနိုက်သတင်းသုံးနေသည်ကိုတွေ့ခဲ့ကြောင်း ပြည့်ရှင်မင်းထံ လျှောက်လေသော်။ ထိုအကြောင်းကိုမင်းက အမတ်မဟာပညာကျော်ကိုမေးတော်မူလေရာ။မဟာပညာကျော်လျှောက်ထုံးသော်ကား။ အရှင်မင်းမြတ်။ စည်းချောင်းစား သတိုးအောင်သည် သူ

တော်ကောင်းကို သိနိုင်မည့် ပညာရှိအံ့ မထင်ပါ။ ရှေးသူတော်ကောင်းတို့စကားတွင်လည်း။ အမှုတကာကို ယုတ္တာယုတ္တိနိုင်းညှိမသိတတ်သူအား။ မနုဿဗာလ။ သူမိုက်။ ထိုသူမိုက်၌ အင်္ဂါလေးပါးရှိကြောင်း။ လေးပါးဟူရာနိုက်။ မေထုန်မှီဝဲခြင်း။ ဝစွာစားခြင်း။ အိပ်စက်ခြင်း။ အသက်မွေးမှု ဥစ္စာရှာမှီးခြင်း။ ထိုအကြောင်းနှင့်သာ အလေ့ရှိသော သူသည်သူမိုက်။ ထိုသူမိုက်တို့သည်အစားမတတ်။ ဝစွာစားလေရာသည်။ ခရီးမသိ။အရောက်သွားလေရာသည်။စကားမတတ်။ဇလိုက်ပြောလေရာသည်။ကျိုးပြစ်မသိ။ ဆိုမိဆိုရာဆိုလေရာသည်။ ယင်းသို့ထုံးသက်သေရှိပါသည်။ အမတ်တော် စည်းချောင်းစားသတိုးအောင်သည်လည်း။ ပညာရှိထံ ဆည်းကပ်သောသဘောမရှိ။သူယုတ်တို့နှင့်ရောပြွမ်းပေါင်းဘက်၍။သောက်စားယစ်မူး၊ သားငါးထိုးသတ်ပျော်ရွှင်မှုကိုသာပြုလျက် နေသောသူဖြစ်ပါသည်။ စည်းချောင်းစားတွေ့ခဲ့သောသူသည် စည်းချောင်းစားနှင့် တူသောသူသာဖြစ်တန်ရာပါသည်လျှောက်လေသော်။ မင်းကြီးလည်းမည်သို့မဆို နေတော်မူလေလျှင်။ ကာလမမြင့်မှီထိုရဟန်းသည် အမရာတောင်ထိပ်၌ရှိသောခေတ်တော် ဇာတိ[၁] ကိုဖျက်ဖြိုတူး၍။ရှေးမင်းတို့ဌာပနာခဲ့သည့်ရွှေငွေကိုအကုန်ယူ၍ထွက်ပြေးလေရာ။ ယိုးကျွန်းသားတို့လိုက်လံလေသော်။ မူဆမြင်ကမာတောင်ကြား၌တွေ့မှီရခဲ့၍ ထိုရှင်ယောင်နှင့် ရွှေငွေပါမင်းထံဆက်လှာလျှင်။ ထိုအကြောင်းကိုအမတ်ကြီး မင်းထံလျှောက်ပြန်သည်ကား။ အရှင်မင်းမြတ်။တရားကျမ်းဂန်လာသည်မှာ။ ဗုဒ္ဓါကုဿေန။ ဓမ္မာကုဿေန။ သင်္ဃာကုဿေန။ ထိုသုံးပါးသော ရတနာမြတ်အား။ ပြစ်မှားသော သူသည် မိမိ၌ အပြစ်သံသရာဝန်လေးစွာ သူယုတ်အား သူတော်ကောင်းတို့ ရှောင်ရှားအပ်ကြောင်း ကျမ်းဂန်လာရှိပါသည်။ ထိုသူယုတ်ကိုပင်သူတော်ကောင်းအမှတ်ထင်၍ သဘာဝယိုးကျွန်းသားတို့ပြုလေရာ ရှေးမင်းတို့ကောင်းမှုပျက်စီးလေသည်။ လော

---

၁—စေတီ—ပုံ။

ကဋ္ဌသူခိုးလက်ခံသူနှင့် ယိုးကျွန်းသားတို့မှာတူပါသည်။သင်းတို့၌လည်း သံသရာ၌အပြစ်ထိုက်ရာသည်။ယင်းသို့ရာတွင် မိမိတို့ဆရာဖျက်သော ဓာတ်တော်ဇာတိကို အထက်နည်းတူအောင်။ ကောင်းမွန်စွာ ထိုရှင်ယောင်ယူခဲ့သော ရွှေငွေ ဒွါပနာများကို ထည့်မြဲထည့်၍။ ယိုဝ်းကျွန်းသားတို့ကတည်လုပ်စေရပါမည်။ ထိုဓာတ်တော် ဇာတိ ပြီးအောင်ကိုလည်း အမတ်တော် စည်းချောင်းစားကြီးကြပ်ရပါမည်။ ထိုပုဂ်သားရှင်ယောင်မှာ အများသိထင်စိမ့်သော၌ါ စာထိုးပြီးလျှင် မိမိနေရာအရပ်သို့ ထုတ်နှင်လိုက်ရပါမည်လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးလည်းကြိုက်တော်မူ၍ အမတ်ကြီးလျှောက်သောစကားအတိုင်းအသီးအသီးစီရင်လေသည်။ စည်းချောင်းစား သတိုဝ်းအောင်လည်း နောက်နောင်အမတ်ကြီးကမတော်သမျှကို ဆုံးမတော်မူပါဝန်ချလျှက်။ ဝတ်စုံတန်ဆာနှင့်အမတ်ကြီးကိုကန်တော့လှာရချေသည်။ ။

တရံသောအခါ၌မိးချောင်းစားသေလွန်ရာ။ ပေါင်းတုပ်ကျွန်းနေကုလားများလိက သပြာတထောင်မိဘုရားကြီးသို့ဆက်၍။ မိးချောင်းစားအရာကိုခံလေသော်။မိဘုရားကြီးလည်း ပြည့်ရှင်မင်းကြီးထံ လျှောက်လေသော် မင်းကြီးအမိန့်တော်ရှိသည်ကား။ နံနက်မင်းပွဲခံရာန္တိက် လျှောက်စေတော့ အမိန့်တော် ရှိသည်နှင့်။ နံနက်မင်းပွဲခံရာ၌ (မိဘုရားကိုယ်ရပ်တန့်လျှက်)ကုလားများလိလျှောက်လေရာ။ ယင်းသောအခါ အမတ်ကြီးမဟာပညာကျော်လျှောက်သည့်ထုံးသော်ကား။ အရှင်မင်းမြတ်။ မရမာနှင့်ကုလားသည်လူချင်းသာတူပါသည်။ စိတ်ချင်းမတူပါ။ မရမာတို့မိရိုးဖလာအရိုး ၁ အကျင့်မှာ။ဘုရား၊တရား၊သဃ်ာ။ဤသုံးပါးရတနာမြတ်ကို ကြည်ညိုမြဲမြဲ စောင့်ထိန်းမှ သာသနာတော် တည်သည်။ ယင်းသို့သောတရားနှင့် ကုလားအယူ မတူချေ။ ရုပ်ပွါးဆင်းတုဓာတ်တော်မွေတော်များကိုလည်းအဋ္ဌလိလက်အုပ်ချီမိ

( ) အရေးတော်ပုံ၌မပါ။ ၁—အယု—ပုံ။

အံ့။ လက်ကိုဖြတ်၍ပစ်စေ။ ယင်းသို့ကုလားဘုရား အမှာကျမ်းဂန်ရှိသည်ဆိုဝ်လျက် အယူနှင့်နေသူများဖြစ်ပါသည်။မရမာတို့မင်းကျင့်ဝတ်သင်္ဂဟတရားလေးပါး၌လည်းမြတ်စွာဘုရားအယူတော်ကို ပြည်သူတို့အား ညွှန်ပြဆုံးမတတ်မှသာ မင်းကောင်းမင်းမြတ်ဟူ၍ မရမာတို့ဘုရားအမှာ ကျမ်းဂန်လာပါသည်။ ကုလားနေရပ်ကျေးရွာမှာမရမာမှူးမတ်တင်လျှင်ကုလားအယူကွဲ၍မရမာသို့ရောက်အောင် သွေးဆောင်ပါသမျှသည်။ မင်းမှူးမင်းမတ်မင်းနှိက် အကျိုးလိုရာရောက်ပါသည်။ မင်း၌လည်းသင်္ဂဟတရားတည်ပါသည်။ ယင်းသို့မဟုတ် မရမာတို့၌ကုလားကိုမှူးမတ်တင်လေသော်။ ကုလားတို့အယူကိုပါအောင်သွေးဆောင်၍ပြုလေရာ။ မရမာတရားကွယ်လျက် ကုလားအကျင့်သို့ ပါလေသော်။ ပြည်သူအားသနားခြင်းမရှိ။ အမျိုးမစောင့်။မင်းမတရား။ ထိုဝ်မင်းကိုယ်၌သင်္ဂဟတရားမရှိ။ထိုမင်းအစိုးရသောနိုင်ငံနှိက်မိုးမမှန်။အသီးအပွင့်အရသာမရှိ။ဥတုရာသီမဖြောင့်။ ခေတ်လေးပါးချောက်ချားကြောင်းရှေးပညာရှိတို့အမှာရှိပါသည်။မျာလိကိုကျေးစားရွာစားမြို့စားပေးလိုလျှင်။ တိုင်းပြည်တော်တွင်ကုလားမြို့ရွာအများရှိပါသည်။ မိမိတို့ အကျင့်အယူတူရာသဘာဝချင်းသာ ကျေးစားရွာစားပေးရပါမည်။ အရှင်မိဘုရားလည်းသိက္ခာတော်ရှစ်ပါး [၁] စသော သာရနရတရားကို လွှတ်တော်မမူသင့်ပါချောက်လေသော်။ ပြည့်ရှင် မင်းကြီးကလည်း မိဘုရားကြီးသည်တခါတရားလွှတ်ချေသည်။ အမတ်ကြီးက အကျိုးအပြစ်ပြ၍ဆုံးမလျှောက်ထားရမည် အမိန့်တော်ရှိလေသော်။ မိဘုရားလည်းအလွန်ရှက်လှ၍။ကုလားမျာလိသို့ ငွေတထောင်ပြန်တော်မူပြီးလျှင်။ အမတ်ကြီးကိုခေါ်စေ၍ နောက်နောင်မတော်သမျှသမီးအမှတ်ထား၍ ဆုံးမပါအမိန့်တော်ရှိပြီးသော်။ အမတ်ကြီးသို့ဝတ်စုံတန်ဆာဆုပေးတော်မူလေသည်။ ။

---

၁—ခုနစ်ပါး—ပုံ။

တရံသောအခါ၌ တောနေရဟန်းတဦးကို မိန်းမတယောက် မပြတ်ဆွမ်းပို့လှူလေရာ။ ထိုမိန်းမသည်ကျောင်းစည်းခြံပြင် သစ်ပင်အောက်တွင်အစည်အိပ်လျက်နေပြီးမှအိမ်သို့ပြန်လာခဲ့သည်။ ကာလရှည်၍ ထိုမိန်းမပဋိသန္ဓေရှိလတ်မူ။ ထိုရဟန်းကိုသင်္ကာမကင်း စွဲချော်လေရာ။ ထိုသူမြတ် သင်္ဃာတော်ကလည်း မဟုတ်မမှန်မမှားမယွင်းရအဆိုနှင့်။ ပြည့်ရှင်မင်းထံရောက်လေမူ။ မင်းကြီးက အမတ် မဟာပညာကျော်သို့ ထိုအမှုကို အပ်လေသော်။ အမတ်ကြီးစီရင်သောထုံးမူကား။ စာဘုဇ္ဇတ္တိစသော မိန်းမလေးမျိုးတို့၌ဟတ္ထရနီ၊ စိတ္တရနီ။ ထိုမိန်းမနှစ်မျိုးသည်။ ဒွေဇာတ္တိ ဇာဂကုလံ၊ ယုတ်သောမိန်းမမျိုး။ ဟတ္ထရနီကုလယက္ခဇာတကံ။ စိတ္တရနီကုလဗျဿဟိနံ။ ဟူ၍ဈေးပညာရှိတို့ အမှာရှိသည်။ ဟတ္ထရနီ မိန်းမသော်ကား။ ယက္ခာ ဘီလူးစိတ်နှင့်တူ၍ အစားလွန်၏။ စိတ္တရနီမိန်းမကား။ ဗျဿါကျားစိတ်နှင့်တူ၍အအိပ်လွန်၏။ ယင်းသို့ လောကီကျမ်းဂန်လာသည်။ ဤမိန်းမသော်လည်း။ စိတ္တရနီလက္ခဏာဝင်ချေသည်။ အအိပ်လွန်ရာသော အကြောင်းအင်္ဂါရှိမည်။ဉာဏ်ဖြင့်အမတ်ကြီးဆင်ခြင်လျက်။အမှုကိုလည်း ပြီးအောင် စီရင်မည်။ ဆွမ်းကိုလည်း ပို့မြဲပို့စေဆို၍။ ထိုမိန်းမ ဆွမ်းမပြတ်ပို့ရလေသော်။ အမတ်ကြီးက ထိုမိန်းမနောက်ရောင် လူထည့်ကြည့်စေလေလျှင်။ ဆွမ်းပို့၍အပြန်တွင် အိပ်မြဲသစ်ပင် အောက်၌ အိပ်လေရာ။ ထိုသစ်ပင်ထက် မျောက်ကြီးတခုသည် သက်လွှာ၍ ထိုမိန်းမကို စပ်ယှက်ကြောင်းကို မင်းစေတို့မြင်လေသော်။ ထိုအကြောင်းကို မင်းစေတို့က။ အမတ်ကြီးထံလျှောက်လေလျှင်။ ထိုမိန်းမကိုခေါ်၍ဟယ်မိန်းမကျောင်းကန်ကိုဆွမ်းပို့၍ အပြန်တွင် အိပ်သောသစ်ပင်ထက်၌ နင့်လင်ရှိသည်။မွေးသော အခါထိုသူငယ်မျက်နှာတွင်အမွေးပေါက်၍မျောက်ခေါင်းကဲ့သို့ ပါလာမည်။တစုံတခုထူးမည်။ ယင်းသို့ဆိုဝ်၍ ထိုမိန်းမသန္ဓေလ စေ့လတ်ရာ။ ဖွါးသောသူငယ်သည်ခေါင်းမှာ မျောက်ခေါင်း။ခြေမှာလူခြေ၊လူလက်ဖွါးမြင်လေသော အကြောင်းကို ပြည့်ရှင်မင်း

ကြီးသိတော်မူလေသော်။ အမတ်ကြီးသို့ တရားဆု အသပြာတထောင် ပေးတော်မူ၍။ ထိုတောနေအရှင်မြတ်အားလည်းပစ္စည်းလေးပါးတကာပြည့်ရှင်မင်းကြီးခံတော်မူလေသည်။ ။

တရံသောအခါ၌ ပကိုးမင်းကျော်ထင်နေဘ်ရထာသည်ယိုဒယားပြည်ကို ချီသွားတိုက်ဖျက်လေရာ။ ယိုးဒယားမင်းဗျာသာတိရာဇာအမတ် အန်စောမိုင် [1] လက်လွတ် ထွက်ပြေးလှာ၍မြောက်ဦးမြို့သို့ရောက်လှာသော်ခါ၌ ပြည့်ရှင်မင်းကြီးကအစားအသုံးအဝတ်မှစ၍နေရာအိမ်တို့ ပေးတော်မူပြီးမှ။ အမတ်မဟာပညာကျော်နှင့်ထွက်ဝင်ခစားစေအမိန့်တော်ရှိလေသည်။ နောက်ငါးလခန့်ရှိလတ်မူ ယိုးဒယားမင်းအမတ်အန်စောမိုင် အရိပ်အခြေ [2] ကိုသိတော်မူလေလျှင်။ အမတ်ကြီး ကျောက်သော ထုံးမူကား။ အရှင်မင်းမြတ်။ ယိုးဒယားအမတ်အန်စောမိုင်သည်လက်ရုံးရည်ထက်နှစ်လုံးရည်အလွန်ရှိသူဖြစ်ပါသည်။ မောဟတရားကိုယ်အားကြီးသူမဟုတ်ပါ။ မှူးမတ်လက္ခဏာပညာရှိ အင်္ဂါစုံသောယောက်ျားမင်းသုံးရန်တို့တွင်လိမ္မာသောဉာဏ်ရှိသူဖြစ်ပါသည်လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးလည်း ထိုသူနှစ်လုံးရည်ကိုငါလည်း သိတော်မူသည်ဖြစ်သည် အမိန့်တော်ရှိ၍။ အမတ်တော်ဒါဂါစားသို့ကိုယ်လုပ်တော်မင်းညို ကိုထုတ်၍ထိမ်းမြားစေတော်မူပြီးသော်။ ကန်သာမြို့ကိုပေးတော်မူလေသည်။ တနှစ်ခန့်ရှိလျှင် ကန်သာမြို့မြောက်တလက္ကာတွင်ရှိသောကမ္ဗုဇ [3] မြို့မင်းကိုလည်းယည်စေအောင်နှစ်လုံးရည်ဖြင့်ဖျည်ဖြောင်း [4] ၍ကန်သာမြို့စား အန်စောမိုင်နှင့် မိတ်ဝင်ကြလေရာ။ ကမ္ဗုဇမင်းမာရဝတွန်သမီးနာရီမာလာကိုဆက်သွင်း၍။ ခါးလှံမကျိုးကမ္ဗုဇမင်းခြေတော်ရင်းသို့ဝင်ရောက်လှာရလေသည်။ ။

တရံသောအခါ၌ ပကိုးမင်းကျော်ထင်နေဘ်ရထာကစေဟာန်နှင့်လူနှစ်ယောက် ကြံမ်တလီလမ်းသို့သွားရာ၊ ထိုသူနှစ်ယောက်

---

၁–တွန်စောမြိုင်း–ပုံ။
၂–အရည်အချင်း–ပုံ။
၃–ကမ္ဗေါ်ဇ–ပုံ။
၄–ညှဉ်းဖြောင်း–ပုံ။

တို့ကို တောင်ခွင်စားက ခေါ်စေသော်။ အတွေ့မခံ။ စာကိုချုပ်စ်
ထားခဲ့၍ထွက်ရှောင်ပြေးလေမူ။ ထိုစာကိုဆောင်ယူခဲ့လျက်ပြည့်
ရှင်မင်းထံဆက်လျှင်။ စာထည့်သောစာထုပ်လက်မှတ် တံဆိပ်
ကိုဖြေ၍ဖတ်ကြည့်စေရာပါလာသည်ကား။ အမတ်အန်စောမိုင်
သည် ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေစွာအမှုတော်ထမ်း
ဆောင်၍ ရက္ခပူရတိုင်း အလိုတော်ပြည့်လျှင်။ ပိတ်ခလုပ်မြို့ကို
အပိုင်စားသနားတော်ခံစိမ့်မည်။မင်းတို့စကားကို ဆင်စွယ်ပမာ
ဖေါက်ပြန်ခြင်းမရှိဂတိထားတော်မူ၍ ရက္ခပူရတိုင်းသို့စေတော်
မူလိုက်သည်။ သုံးနှစ်ကျော်ရှိပြီ။ မည်သို့အကြောင်းအရာ၊ မည်
သည့်ရက်လ ချီတော်မူလာလျှင်အရေးတော်ကုံမည်။ ထိုပြည်၌
မှူးမတ်မြို့စားမည်သသူတို့နှင့် ပေါင်းဘက်ညီညွတ် မိသည်များ
ကိုနှစ်လုံးရည်ပြည့်ဝသည့်အတိုင်း။ စေလူရောက်ချိန်သင့်လျက်
မရောက်မလာသည်မှာ။ မပေါက်မရောက် မစေသာ၍သာ ကြာ
လေသည်။ ယိုးဒယားမင်းအမတ်ပင်ဖြစ်သော်လည်း မှူးကောင်း
မတ်ကောင်းတို့အင်္ဂါပြည့်စုံသူဖြစ်၍။ပညာအလျောက်ယုံကြည်
စေသုံးတော်မူသည်။ အမှုကိုဉာဏ်ဖြင့် ကြံပြီ သော်။မှာတော်မူ
ရင်းအမှု စကားရောက်အောင် ချောက်တင် စေလွှတ်မှ ပညာရှိ
အင်္ဂါမြောက်မည်။ယင်းသို့စာတွင်ပါလာသည်ကို ကြားတော်မူ
လေရာ၊ အမတ်ကြီးမဟာပညာကျော် ပြည့်ရှင်မင်းထံချောက်
ထုံးမူကား။အရှင်မင်းမြတ်။မင်းနှင့် အမတ်တို့၌။ ဝက်တရိဘောဒ။
ကြံခြင်းနည်းဖြင့် ကြံရာသော အကြောင်းသည်လည်း။ ဥပ္ပကာပ်
ဉာဏ်သည် ဥပါယ်တမည်ဖြင့်စည်းလုံး၍အမှာအထားစကား
ရောက်ပေါက် ရှိသည်ဟူလျက်။ တိုင်းပြည်၌ ရှိသောမလိုသူတို့
ကို သေစေကြောင်းစကား အမှာအထားစာပေးချ၍ ကြံခြင်း။ ပ
ယောဂဉာဏ်သည်ကား။အင်းမန္တံ ဆေးဝါး မတရား ¹ ပြု၍ထို
သူအား သေစေမှုကြံခြင်း။ ထိုသို့နှစ်ပါးရှိပါသည်။ တကြောင်းမူ
လည်းအကြည်တော်ကျော်ထင်နေ်ရထာမင်းသည်။တလိုင်းတို့

---

¹ —ယတြာ—ပုံ။

နိုင်ငံနိုက်မင်းပြုလျက်။စစ်မက်အလိုဝ်ကြီးစွာ။ သတ္တဝါအပေါင်း သေကြေပျောက်ဆုံး။ လက်ရုံးမာနထောင်လွှား။ မတရားအကျင့် အကြံ။ ဘုရားစသောသူတော်ကောင်းတို့မနှစ်လိုသော အယူနှင့် နေလေသော်။ ထိုမင်းအား မိမိတိုင်းသူ ပြည်သား တို့လည်း ကောင်း။အခြားတိုင်းတပါးသူတို့သော်လည်းကောင်း ငြိုငြင်ကြ ၍ ပျက်စီးစေလိုခြင်းရှိသော နှစ်လုံးဖြင့် ဖန်လေသော ဥာဏ်။ချုံ ထဲခဲပစ်ပြုသော အကြောင်းလည်း ရှိရာပါသည်။ ယင်းသို့အ ကြောင်းတခုနှင့်စာသာဖြစ်ပါသည်။ ကန်သာမြို့စား အန်စောမိုင် ကျေးဇူး သစ္စာတော်ကိုဖေါက်ပြန်စဉ်းလဲသဖြင့်။ထိုစာတွင် ပါ သည့်အတိုင်း။ ကျင့်ကြံဝင်ရောက်လှာသူမဟုတ်ပါလျှောက်လေ သော်။ ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍။ ကန်သာမြို့စား အမတ်အန်စောမိုင်ကိုခေါ်၍မှူ မေးတော်မူ။ သို့ သံ—ဟူသောအ မည်ကိုသာထပ်၍ပေးပို့သနားတော်မူလေသည်။ ။

တရံသောအခါအမ်းစားချစ်သူသေလွန်၍ ပြည့်ရှင်မင်း ငယ် ကျွန်ငလုံးတင်က အမ်းစားအရာကို မင်းထံ လျှောက်လေသော်။ ပြည့်ရှင်မင်းကအမတ်ကြီးမဟာပညာကျော်ကို ဆိုချေတော့အ မိန့်တော်ရှိလေရာ။ ငလုံးတင်လည်း အမတ်ကြီးထံလာ၍ ထိုအ ကြောင်းကိုဆိုလှာသော်။ အမတ်ကြီးကဆိုသည်ကား။ယခုစား ၍နေသည့်ခွန်သေရသောသဘောကောင်းသာကောင်းသည်။ အမ်း စားအရာနှင့်မတော်။ ယင်းသို့ ဆိုလိုက်သည်ကို။ ငလုံးတင်မနေ ငယ်ကျွန်ဖြစ်သောဂုဏ်ကို ကိုးစားလျက် နံနက်မင်းပွဲးခံရာနိုက် လျှောက်လေသော်။ အမတ်ကြီးသို့ပြည့်ရှင်မင်းကြီးကမေးတော် မူလေလျှင် လျှောက်သောထုံးမူကား။ အရှင်မင်းမြတ်။ရေမြေကို အစိုးရသောမင်းတို့၌ အနီးအဝေးမရွေးသာချေ။ ပြည်ကျိုးမင်းမှ ထိုနှစ်ခုကိုသိတတ်သောသူအား။ မင်းပါး၌လည်းကောင်းအဝေး ကျေးစားမြို့စားထားရာနိုက်လည်းကောင်းပြည်ကြက်သရေရှိ၍။ ပြည့်ရှင်မင်းနိုက် ပစ္စုပ္ပန်သံသရာ နှစ်ပါးသောအကျိုး ကြီးလှပါ သည်ပင် ဖြစ်ပါသည်။ယင်းသို့မဟုတ်။ အလိမ္မာမ့ရှိသော သူတို့

ကျိုးပြစ်မသိ မိမိစိတ်ကြိုက် မင်းလိုလိုက်သည် ဟူလျက် ပြည်ထက်မလျော်။ပဏ္ဍာခံယူစားသုံး။ ပြည့်ရှင်မင်းနှင့်နှစ်လုံးသင့်စွာ။ ပေးကမ်းမြှောက်ပင့်ပြုလေရာ။ ပြည်ရွာမသာ သတ္တဝါပင်ပန်းချေက။ ထိုသူကြောင့် ထိုမင်းအပါယ် လားရာသည်။ တကြောင်းမှုလည်း တယောက်အားသဒ္ဓါတော်မူ၍တရွာတမြို့ပြည့်ရှင်မင်းတို့အပျက်မခံကောင်းပါ။ ကျွန်တော်မျိုးငလုံးတင်သည် ပညာရှိနှင့်ပေါင်းဘက်ခြင်းမရှိ။ ကြက်တိုက်အန်ခတ် စောင်းငြင်း ပတ္တလားသောက်စားပျော်ရွှင်မှုနှင့်သာနေမိနေရာ၊ ဆိုဝ်မိဆိုဝ်ရာ၊ပညာမရှိပါ။ ထိုသူအားတမြို့တရွာထားချေသော်။ မြို့ရွာပျက်၍သတ္တဝါပင်ပန်းခြင်းသို့ရောက်မည် အမှန်ဖြစ်ပါသည်။ အပါးတော် တွင်သာ ဝမ်းစာဝရုံပေးလျက် ထားသင့်ပါသည် လျှောက်လေသော်။ ပြည့်ရှင် မင်းကြီးလည်း ကြိုက်တော်မူ၍ ငလုံးတင်ကို စားမြဲသဘော်ကောင်းနှင့်သာ ထားတော်မူလေသည်။အမ်းစားအရာကိုမူကား ကန်သာမြို့စားသို့ သံညီဖြကွန်ဆိုင်ကို ဖြသဝန် [1] အမည်နှင့်ပေးတော်မူလေသည်။ ။

တရံသောအခါ၌ထားဝယ်သား၊ မလောမှုသည္ဇွန် [2] သည် လူပေါင်း ယောကျ်ားမိန်းမ ၁၀၀၀ ခန့်နှင့် ဝင်ရောက်လာသောအခါအမတ်ကြီးမဟာပညာကျော် လျှောက်သည့်ထုံးမူကား။အရှင်မင်းမြတ်။ သည္ဇွန်တို့သည် ဇရေးဘေးတော်မင်းများလက်ထက်မရိပ်မချောင်းနေ မြုံကိုးခေါင်းသားအမျိုးတို့ ငြိမ်သက်စွာ မနေ။ တမြို့တရွာကိုသာ တိုက်ဖျက်၍ အစဉ်ပြုကျင့် ဆိုးသွမ်းသောကြောင့်။ထိုအရပ်ကသင်းတို့ကိုခေါ်၍ဘိတော်ဒသရာဇာမင်းကမာန်အောင်ကျွန်းတွင် ချထားတော်မူရာ။ တနှစ်ခန့် ရှိသောအခါထွက်သွားလေ၍။ ဒသရာဇာမင်းနှင့် [3] ပဲကူးတို့နှစ်ပြည်အခြားတွင်နေလေရာ။ မြုံကိုထားဝယ်တွင်လေသည်။ သဇင်ကိုဇားအချင်းပမာ [4] သော်ကား။ တောနိုက်ကြီးမြင့်သော သတ္တဝါကို လူ

---

၁–ဖြသမ္ဗန်–ပုံ။ ၂–အလောမှုတတ်ညွှန်–ပုံ။
၃–ယိုးဒယားနှင့်–ပုံ။ ၄–ယင်းသို့ဇာတိရင်းပမာ–ပုံ။

ယူ၍မွေးထားလေသော်။ တပါးသော အကောင် ဖြစ်လျှင် ယည် ကျေးပျော်ပိုက်ကြသည်ပင်။ တောကြက်အမျိုးသည်လုံ့ဝှာ ထား မှုနေပါသည်။မလုံထွက်ချေမူ မိမိတောသို့သွားလေသည်။ ထိုအ ဇူမြုံ့ထားဝယ် အချူ[1] လေးတူးချင်း။လင်းကဲ။ကချင်မျိုးသားတို့ သည် တောကြက်နှင့်တူပါသည်။ တိုက်ယူလုယက်စားသောက် မပြုရသော် အရှင်း[2] နေမည့် လူမျိုးမဟုတ်ပါ။ သင်းတို့စိတ် ကြိုက်လုယက်တိုက်ဖျက်နေရမှပျော်ပိုက်ရှည်ကြာမည့် လူမျိုး ဖြစ်ပါသည်။ လူရှိသော မြို့ရွာအနီးအပါး ချထားချေမူ။ သင်းတို့ သွေးဆောင်ရာပါလေ၍ လူဆိုးကြောင့် လူကောင်းပျက်တတ်ပါ သည်။သင်းတို့ချည်း တစုတည်း အခုန်းကျွန်းမှာချထား၍။အခုန်းသီး ဘဏ္ဍာကိုသာ နှစ်စည် သင်းတို့က ဆက်သွင်း စေပါရမည် ဩှောက်လေသော်။ ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍မြုံ့ ထားဝယ်တို့ကိုအခုန်းကျွန်းမှာချထားလေသည်။ ။

တရံသောအခါ၌ ဒါဂါစားသို့ ကုလားသဗွေး အလင်ကာ[3] ဆိုသူက၊ အထက်မင်းဗကြီး[4] ကုလားဘင်္ဂါ-၁၂-မြို့ကို ချုပ် သိမ်းတော်မူသည့်ကာလ။ နေတော်မူခဲ့သည့် နန်းတော်ရာတွင် တိုက်တည်လိုဝ်ကြောင်းနှင့်။ ရွှေသပြာ တထောင် လက်ဆောင် ပေး၍ပြောလေသော်။ ဒါဂါစားက ဘုရားခမည်းတော် စံခဲ့သော နန်းတော်ရာဖြစ်ပါသည်။ နေတော့မဆိုဝံ့သေး။ သဗွေးရွှေသပြာ တထောင်ကိုမင်းထံဆက်၍ဩှောက်တင်စေဦးမည်။ ယင်းသို့ဆို ပြီးမှ ထိုအကြောင်းကို ပြည့်ရှင် မင်းကြီးထံ ဩှောက်တင်လှာ သော်။ မင်းကြီးလည်း မည်သို့မဆို။ မဟာ ပညာကျော်ကိုသာ ကြည့်တော်မူလေရာ။ ထိုသောအခါ အမတ်ကြီး ဩှောက်ထုံးမှု ကား။အရှင်မင်းမြတ်။ ရှေးကာလ၌ဝါသုဒေဝမင်းသည်အယုဇ္ဈပူ ရတိုင်းဒွါရာဝတီမြို့တွင် မင်းပြု၍ဇမ္ဗူဒီပါကို အစိုးရဖြစ်လျှက်။ ထိုမင်း ပျက်ချိန်တန်လတ်သော် အမျိုး၌ စောင့်ခြင်းမရှိ။ မင်္ဂလာ

---

၁-ထားဝယ်ဗသျှူး-ပုံ။ ၂-အရှည်-ပုံ။
၃-အစလင်ခံ-ပုံ။ ၄-မင်းသားကြီး-ပုံ။

တရားမှလွတ်ခြင်းကြောင့် ထိုမင်းသေခြင်းမလှ သေရလေသည်။ ဝေသာလီ ပြည်တွင်လည်း ဗြဟ္မဏီမင်း[၁] အနွယ်တော် နှစ်ဆယ့်ခြောက်ဆက် အဆုံးဗြဟ္မဒတ်မင်း[၂] သည်။ မိမိတို့အမျိုးပျက်ချိန်ရောက်လတ်မူကား ထိုမင်းတို့ဘိုးဘအသုံးအဆောင်တို့ကိုဖေါက်ပြန်၍။ ရှေ့မင်းတို့အသွားအနေ အစားအသောက် အပြောအဆိုဝ်မတူ။ ရှေးထုံးယုတ်လွန်နှင့်ရှိလေရာ။ ကပ်ဥပဒ်ကြီးဆိုက်ရောက်၍ ပျက်စီးကြောင်း။ ဧညဝတီမြို့သည် မာရယမင်းအနွယ် ငါးဆယ့်ငါးဆက်အဆုံးဖြစ်သော မင်းငယ်ပြောလှစည်သူသည်။ ကျိုးပြစ်မသိတတ်သောသူယုတ်အမတ်စကားကိုနာ၍။ ဘေးတော် ဘိုးတော်ခမည်းတော်တို့အားပြစ်မှားလျက်။ ကန်သုံးဆင့်မြို့ပျူ၍တည်ပြီးသော်။ ရှေးမင်းတို့လုပ်ခဲ့သော အခမ်းအနားဘုရားပထိုးဂူကျောင်း ဇရပ်များကို ဖျက်ဆီး၍ ပြုမိပြုရာထိုသူယုတ်အမတ်တို့နှင့်ပေါင်းဘက်လေ၍။ အမျိုးဌလည်းစောင့်သောတရားမရှိ။ ယင်းသို့ဖြစ်လတ်၍ ပြည်သူပြည်သား ငြိုငြင်ခြင်းရှိသောခါ ထို အမတ်ယုတ်တို့ ပုန်စားလော်ရာ။ ထိုမင်း သေလွန်၍ အမတ် သုံးယောက် မင်းမူကြလေသည်။ လူတို့ဌ မိကြီးဘကြီး လုပ်ဆောင်ထားခဲ့သော အခမ်းအနားအဆောက်အအုံကိုမဖျက်ကောင်းပါ။ ဖျက်ဆီးချေသော် အကျိုးမရှိ။ အပြစ်သာ ရောက်ကြောင်း ထုံးဟောင်း သက်သေ ရှိပါသည်။ ထိုသို့ အမတ်ကြီးကျောက်လေသော်။ ပြည့်ရှင်မင်းကြီး အမိန့်တော် ရှိသည်ကား။ ခမည်းတော်ဘုရား ဂုလားပြည်ကို ချီတော်မူသည့် ကာလ။ စံတော်မူခဲ့သော စခန်းနန်းရာများတွင် ကျေးရွာ ချထားတော်မူခဲ့သည့်အတိုင်း မပျက်စေရ။ ကြီးကျယ်အောင်ကိုသာပြုရစေ။စစ်တကောင်းဒါဂါများတွင်တည်ထားခဲ့သည့်မြို့နန်းများကိုလည်းမပျက်မစီးစေရ။ကောင်းမွန်စွာအစောင့်အနေနှင့်ထားစေ။ ယင်းသို့ အမိန့်တော်နှင့်ပညတ်တော်မူလေ၍။ ဒါဂါစားက ဆက်သောရွှေကိုလည်းပြန်ပေးတော်မူလေသည်။ ဒါဂါစားကလည်း ထိုရွှေကို

---

၁—ဗြဟ္မဏာရာဇာမင်း—ပုံ။ ၂—ဗြဟ္မဒိန္နမင်း—ပုံ။

သဋ္ဌေးကြီးအားပေးပြီးမှ အခွန့်ရှည် တည်ထွန်းအောင်နန်းတော်ရာတွင်ကျောက်မော်ကွန်းတိုင်စိုက်ထားလေသည်။ ။

တရံသောအခါ၌ ပဲကူးမင်းကျော်ထင်နော်ရထာချီလာသည်ဟူလျက်ကြားလတ်သော်။ ပြင်မြို့ကြီးကိုကောင်းမွန်စွာပြုလုပ်၍။ တံခါးပြအိုဝ်းကျုံးမြောင်များကိုလည်းလုပ်ဆောင်ရမည်။ ပြည့်ရှင်မင်းကြီးက အမိန့်တော်ရှိ၍ လုပ်ဆောင်ရသောအခါ။ လက်ဆေးကန်နှင့် အိုင်တို့အကြား မြို့တဇာတဇ ကာလျှက် [၁] လုပ်ရလေသည်။ ကျောက်အုတ်မလောက်ရှိလတ်မှ ပြည့်ရှင်မင်းကြီးက ပန်းဆေးမြောင်းများ တောင်ဘက်နိုက် မြို့နှစ်ထပ်ရှိသည်မှာပြင်မြို့သည် ရေကာလုပ်ဆောင်ထားခဲ့သောအရာသာဖြစ်သည်။ မြို့တံတိုင်းအဝင်မဟုတ်။ ပြင်မြို့ကိုဖျက်၍ ယူစေ အမိန့်တော်ရှိလေသော်။ အမတ်ကြီးမဟာပညာကျော်ဩွောက်ထုံးမှုကား။ အရှင်မင်းမြတ်။ဘေးတော်ဘိုးတော်ခမည်းတော်တို့ သင့်လျော်တင့်အပ်သောအမှုလုပ်ဆောင်ထားခဲ့သမျှကို မဖျက်မဆီးကောင်းပါ။ တကြောင်းတုံလည်းလူတို့၌ အရှင်အထိပ်အထွတ်ဖြစ်သောမင်းကြောဇာတို့စံနေတော်မူရာ။မြို့၊ နန်းထီး၊ဗဟိုစည်၊နာရီ။ထိုလေးပါးတို့သည်။ စတုစက်ထွန်းရာမင်္ဂလာချည်းဖြစ်၍ အဟောင်းအနွမ်းဟူသမျှကို ရှေးမင်းတို့ သုံးဆောင် ဘူးသည့်ထုံးမရှိ။မသုံးမဆောင်သင့်ပါ။ဥပမာသော်ကား။ အပင်ထက်ပွင့်သောပန်းသည်ထိုအပင်ကကြွေလေမူတဖန်ထိုအပင်သို့ထိုပန်းပွင့် မရောက်နိုင်ပြီသကဲ့သို့။ရှေးသူတို့လုပ်ဆောင်ထားသမျှကို မိမိနေရာတွင်သာဟောင်းနွမ်းဆွေးစေရာသည်။နောက်သားယူ၍ မင်္ဂလာမပြုအပ်ပါ။တကြောင်းမှုလည်း ရေမြေသနင်းမင်းတို့တင်ရာ [၂] အဓိပတိသုမ်းရပ် ရှိပါသည်။ မင်းစက် တော်မူသော ကြက်သရေ နန်းဆောင်။သဘင်ခံရာဇပလ္လင်ရှိသောနန်းဆောင်။ ဘေရီစည်ကြီးဗဟိုရှိသောနန်းဆောင်။ ထိုသုံးရပ် အဓိပတိတို့သည်လည်း ပြည့်

၁—မြို့တထပ်စီကာလျက်—ပုံ၊ ၂—မင်းဘို့ကျင့်အပ်-ပုံ။

ရှင်မင်းရှိလျက် မဆိတ်မညံအပ်ပါ။ ယင်းသို့ ထုံးဟောင်းသက်သေနှင့်အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းလည်းကြိုက်တော်မူ၍အင်းမသား[၁] ကုလားတထောင်။[၂] ဟယားကုလားတထောင်[၃] တို့ကို အဋ္ဌနနဒီမြစ်ဖျားဌ် ရှိသော ကျောက် တို့ကို ဆောင်ယူစေပြီးမှ။ လက်ဆောင်ကံနှင့်တိုင်တုံနှစ်ရုံအခြား[၄] မြို့ရိုးသုရဲးပြေး။ သုခဲးခို။ ပြအိုး။တံခါးရှိသမျှမကောင်းဟောင်းနွမ်းပျက်စီးသည်များကိုလုပ်ဆောင်၍ သုရဲးလက်နက်အစုံ။ ကြည်းရေအပြည့်စည်းကြပ်ပြီးမှ။ မော်တင်ကြောင်းလည်း[၅] ဒါဂါစားနှင့်သဘော်–၂၅–စင်းစောင့်နေလေသည်။ ညီတော် ကုလားတန်စားကိုလည်းသင်းတော်ကိုယ်ရံတော်သုရဲးငါးသောင်းပေးတော်မူ၍။ အမတ်ကိုယ်ရံကြီးနှင့်။တောင်သည်[၆] ချောင်းပေါက်တိုင်းပိတ်ဆို့စောင့်နေရသည်။ ။

*တရုံသောအခါ၌ စစ်ချီစစ်ထွက်တိတ်နိမိတ်ကြောင်း။အာကာသတိတ်။နေလနက္ခတ်၊တိမ်ခိုး။ မီးခိုးတို့ကိုပြည့်ရှင်မင်းကြီးကမေးတော်မူလေသော်။ အမတ်ကြီးမဟာပညာကျော်လျှောက်ထုံးမှုကား။အရှင်မင်းမြတ်။တပြည်သို့စစ်ထွက်သောအခါ၌။ရှေ့က မီးလောင်သည်ကို မြင်လတ်သော်။ အရိဋ္ဌတိတ်။ ထိုစစ်ချီတက်၍စစ်ပြိုင်လေမူ စစ်သူကြီးရန်သူလက်သို့ရောက်အံ့။ လက်ယာဘက်ကမီးလောင်၍မြင်မူဂဇအသတိတ်။ ဆင်ကောင်း၊မြင်းကောင်းတဖက် ရန်သူလက်သို့ရောက်အံ့။ လက်ဝဲဘက်က မီးလောင်၍မြင်မူယက္ခဝဏ္ဏတိတ်။ ထိုစစ်အောင်မြင်ပြီးကုံ အလိုလိုပြည့်စုံအံ့။နောက်ကမီးလောင်၍မြင်မူသကလာသတိတ်။ ထိုစစ်ချီရာအလုံးစုံပြီးမြောက်၍။ ထိုပြည်နှင့်တကွသမီးကညာရတနာအပေါင်းဆက်သခတ်လျှိုင်း ကျိုးနွံလျက် ဝင်လှာလေအံ့။ စစ်

၁–တင်မသမာ–ပုံ။ ၂–၃–တသောင်း-ပုံ။
၄-လက်ဆေးခံနှင့်အိုင်နှစ်ခုအကြား-ပုံ။
၅-မော်တင်ချောင်းတွင်လည်း-ပုံ။ ၆-တောင်စီး-ပုံ။
* ဤစစ်ချီထွက်တိတ်နိမိတ်-လျှောက်ထုံးကြီးမှာ။ အရေးတော်ပုံတွင် မပါ၍မူကွဲမတိုက်ဆိုင်ရပါ။

ထွက်သောအခါရေးလံနောက်သို့လဲးသော်ပြည့်ရှင်မင်းသေအံ့။ရန်သူသော်လည်းပျက်လေအံ့။ ရှေ့သို့လဲသော် ထိုပြည်မင်းသေလေအံ့။ပြည်တပါးသော်လည်းစစ်ပြု၍ရှိနှင့်အံ့။ အလံကျိုးသော်ရန်နိမ့်အံ့။ ကိုယ်ခံ၍ပြေးလှာရအံ့။ ချေဆတ်မှု ရပ်၍နေမှချိလေ၊ စစ်ထွက်သောအခါ၌ စစ်သူကြီးစီးသော မြင်းအသံပြင်းစွာမြည်မှု။ စစ်သူကြီးရန်သူ့လက်နက်ထိအံ့။စစ်သူကြီးစီးသောဆင်မြင်းတို့သည်ပြု၍အခြားကိုထိုးသော် ကန်ကျောက်နင်းကျိုးသော် စစ်သူကြီးကြက်သရေတိုးတက်အံ့။ထိုစစ်ကားပြီးကုံအောင်မြင်အံ့။စစ်ထွက်သောအခါ လက်ဝဲလက်ယာချိသွားသော ရဲမက်တပ်အမိုင်းအနင်းပြတ်၍ချိမှု ထိုစစ်ပျက်ပြေးရအံ့။ စစ်သူကြီး ဆောင်းသောထီးမှစ၍အသုံးအဆောင်တို့ကိုလေပွေဆောင်လေမှုထိုစစ်မပြိုင်ရ။ နှစ်ပြည်ထောင်သင့်တင့်ပြောဆိုဝ်ကြ၍၊ သာယာသမှုငြိမ်းချမ်း ပြေလေကြအံ့၊ စစ်သူကြီး အသုံးအဆောင် ကျိုးပျက်ပျောက်ဆုံးလေသော် ထိုစစ်သူကြီးမယားသော်လည်း သေအံ့။ ယောကျ်ား တပါးနှင့် သော်လည်း နေအံ့။ အိမ်သော်လည်း မီးလောင်အံ့။ စစ်ထွက်သောအခါ စစ်သူကြီးသော်လည်းကောင်း။ စီးသော ဆင်မြင်းသော်လည်းကောင်း လဲးလေသော် ထိုစစ်သူကြီးအိမ်သို့မပြန်လှာပြီ။သေလေအံ့။ စစ်ထွက်သောအခါ၌မိုးရွာသော် ထိုစစ်ငတ်မွတ်ရှားပါးသူရဲးဗိုလ်ခြေဆင်မြင်းသေပျောက်နာဖျားများအံ့။ စစ်ထွက်ရာ လူသေသက်ဝဲးကမြင်မှု စစ်မရှိတဖက်ရန်သူပြန်လေအံ့။လက်ယာကမြင်သော် ကိုယ့်ရဲးမက်သူရဲးကောင်းသူ့လက်သို့ရောက်လေအံ့။စစ်သူကြီးညှိုးငယ်ရအံ့။ ရန်သူနှင့်ဆက်ကြလေမှု နိမ့်သောမြေကြမ်း ရေထွက်သောမြေ စသောအမှုတို့ကို မသိသော သူတို့အား စစ်သူကြီးမခန့်ရာ။ ဤကားစစ်ကြီးစစ်ထွက်တိတ်နိမိတ်ပရိယာယ်။စစ်ထွက်သောအခါ၌တိမ်သည်နီလျက် သူရုပ်သဏ္ဌာန် လက်စွဲးကိုင် ပြလတ်မှုထိုနေ့မရပ်မဆိုင်းရာသည်။တိမ်သည်တရိုးလုမ်းမည်းပုတ်၍မြင်လတ်သော် ထိုစစ်ကြီးစွာတိုက်ရလေအံ့။ တိမ်သည်မိန်းမရုပ်ကဲ့

သို့အဝတ်ခြုံသည့်သဏ္ဍာန်မြင်လတ်မူကား ရန်သူကိုနိုင်အံ့။ တိမ်
သည် လူချုပ်ကဲ့သို့ ဥကျောင်းမပါ မြင်လတ်မူကား စစ်သူကြီး
လက်နက်ထိအံ့။ တိမ်သည် ခြသေ့်ကဲ့သို့ အရုပ်သဏ္ဍာန် မြင်
သော် စစ်အောင်အံ့၊ တိမ်သည်နွားရုပ်သဏ္ဍာန် မြင်လတ်မူကား
စစ်မပြိုင်ခင်ပျက်အံ့။ တိမ်သည် နဂါးရုပ်သဏ္ဍာန် မြင်လတ်မူ
ကား စစ်ပြိုင်လေ၊အောင်အံ့။ တိမ်သည်မြွေကဲ့သို့မြင်မူကား ထို
စစ်ရှည်ကြာအံ့။ အစာရှားပါးအံ့။ တိမ်သည်သတိုးစစ်သည်တန်
ဆာကဲ့သို့ဆင်လျက် သဏ္ဍာန် လူရုပ်မြင်လတ်မူကား ထွက်၍မ
တိုက်ရာ။ သူအလာခံ၍တိုက်လျှင်နိုင်အံ့၊ တိမ်သည် ကျေးရုပ်
သဏ္ဍာန်မြင်လတ်မူကား ရဲးမက်ဝပြောသာယာအံ့။ တိမ်သည်ဥ
ဒေါင်းရုပ်သဏ္ဍာန်မြင်လတ်မူကား စစ်သူကြီးကြက်သရေရှိအံ့။
ဆင်မြင်လန့်သော်စစ်မပြိုင်ရာ။ တိမ်သည်စိမ်းစိမ်းနှင့်ဝါဝါ ရော
လျက်မြင်လတ်သော် ကုန်သည်တို့ ပြန့်ပြောသာယာအံ့။ တိမ်
သည်အစိမ်းအပြာတန်းလျက်မြင်လတ်သော်ဆန်းစပါးပွါးအံ့။အ
နာအများနည်းအံ့။ တိမ်သည်အစိမ်းနှင့် အဖြူထောင်လျက်သိုင်း
သဏ္ဍာန် မြင်လတ်သော် တိုင်းတပါးက တမန်ရောက်အံ့။ တိမ်
သည်ပုဏ္ဏားသဏ္ဍာန်မြင်လတ်သော် မင်းဆွေမင်းမျိုးကိုပြစ်မှား
အံ့။ တိမ်သည်မိကျောင်းရုပ်သဏ္ဍာန် မြင်လတ်သော် မင်းဆွေ
မင်းမျိုးညှိုးငယ်မသာရှိအံ့။ တိမ်သည်လပိုင်ကဲ့သို့အရုပ်မြင်လတ်
သော် မင်းမိဘုရားသမီးတို့အခြားသူနှင့်နှောအံ့။ တိမ်သည်နက်
နက်မည်းမည်းတန်းလျက်ထိုအတွင်း၌ဆေးရေးသကဲ့သို့အစည်
တပိုင်း၊ အကွေ့အကောက်တပိုင်း မြင်လတ်သော်မိုးစဲးကောင်း
အံ့။မွေ့များအံ့။ တိမ်သည် နည်း၍အပြောက်အပြောက် မြင်လတ်
သော်ကြမ်းပိုးအိမ်မြှောင်။ ပိုးဟပ်။ကြွက်။ တက်တူများအံ့။တိမ်
သည် အစိမ်းအတန့်တန့် မြင်လတ်သော် မိုးဦးမကောင်း။ မိုးစဲး
လယ်မိုးစဲးနှောင်းကောင်းအံ့။ တိမ်သည် အဖြူဆေးရေးသကဲ့သို့
မြင်လတ်သော်ဆင်ဖြူရအံ့။ တိမ်သည်ထီးကဲ့သို့အရိုးအထွတ်အ
စုံနှင့် အဖြူတစေ မြင်လတ်သော် တပြည်မင်း လက်က လက်

ဆောင်ရောက်အံ့။ တိမ်သည် ဖြူကဲ့သို့ အတက် ကျိုးလျက်မြင်
လတ်သော် နန်းကပြည့်ရှင်မင်း ဆင်း၍ပြေးရအံ့၊ တိမ်သည်တံ
ခွန်ကဲ့သို့ အပြာမြင်လတ်သော် မင်းကိုအမတ်ပုန်စားပြု၍အမတ်
သေအံ့။တိမ်သည်တံခွန်ကြက်လျှာကဲ့သို့မြင်လတ်သော် ခိုးသူထူ
၍ မင်းကိုပြစ်မှားအံ့၊ တိမ်သည် အဖြူနှိုက် အပြာကွက် လှိုင်း
သဏ္ဌာန်မြင်လတ်သော် မိဘုရားကြီး ဘုန်းကြက်သရေ တိုးအံ့။
တိုင်းတပါးကမိတ်ဆွေဝင်ရောက်ဆက်သလှာအံ့။ တိမ်သည်တ
မိုးလုံးရှင့်မျက်နှာသွေးကဲ့သို့နီနီတွတ်တွတ်အကတ်အကတ်မြင်
လတ်သော် ထိုပြည်တိုင်းလုံးသတ္တဝါဥပဒ်ကြီးစွာရောက်အံ့။ စစ်
ကြီးပေါ်အံ့။ အိမ်ရှေ့မင်းသေအံ့။ တိမ်သည်နီ၍ လည်းကောင်း
တောင်ကဲ့သို့ အလုံးအဆိုင်း မြင်လတ်သော် တပြည်က သူလျှို
ရောက်လှာအံ့။ တိမ်သည်လှေသဏ္ဌာန် မှောက်လျက် မြင်လတ်
သော် သွားသောသူတို့ပျက်စီးအံ့။ တိမ်သည် အပြာတွင် အဖြူ
ပေါက်မြင်လတ်သော်ပြည့်ရှင်မင်းကြက်သရေတိုးအံ့။မှူးမတ်တို့
ညှိုးငယ်အံ့။ တိမ်သည် ဆင်ရုပ်၊ ကျားရုပ်၊ ကျွဲရုပ်၊သမင်ရုပ်၊
ယုန်ရုပ်၊ လင်းဒရုပ်၊ နဂါးရုပ်၊ မိကျောင်းရုပ်၊ လပိုင်ရုပ် များ
သဏ္ဌာန်ကဲ့သို့ မြင်လတ်မူ စင်ကလတိတ်။သတ္တဝါအပေါင်းတို့
ပြည်အမှုများအံ့။ တိုင်းပြည်မသာရှိအံ့၊ တိမ်သည်ဆင်ချွန်းကဲ့
သို့နှစ်ခဆိုင်လျက် မြင်လတ်သော် ဆင်သေမြင်းပျောက် များအံ့၊
တိမ်သည်လှေကဲ့သို့သဏ္ဌာန်တည့်မတ်စွာမြင်လတ်မူ ပြည်သူဝ
ပြောသာယာအံ့၊ တိမ်သည်အနက်နှင့်အပြာအတန့်တန့် ထောင်
လျက်မြင်လတ်သော် မိုးလောင်အံ့။ တိမ်သည်အဖြူတွင်အလယ်
နီမှဲ့၍ အနားနှစ်ဖက် ထောင်လျက် အဖျားစိမ်းရောင် မြင်လတ်
သော် မင်းမှာသားကောင်းရအံ့။ တိမ်သည်သက်တံ့ပမာကိုင်း
လျက်၊ နှစ်ခအလယ်၌အဖြူ။ အနားနှစ်ဘက် အဖျားဆင်၍ မြင်
လတ်သော် မင်းယာယီမသွားရာ။ သွားသော် ဥပဒ်ဖြစ်အံ့။ တိမ်
သည် ခရမ်းသီးသဏ္ဌာန်နှစ်လုံးပြိုင်လျက် အနီတစေ မြင်လတ်
သော် မှူးမတ်ပြည်သူတို့အချင်းချင်းအမျက်သို့၍ရန်ရှက်တင်ကြ

ဒ္ဓံ။ တိမ်သည်မွှားပွင့်ကဲ့သို့ နှစ်ခုဆိုင်လျက်အဖြူတစေမြင်လတ်
သော် မှူးမတ်တို့ညှိုးငယ်ဒ္ဓံ။ တိမ်သည် ဥဒေါင်းရုပ်ကဲ့သို့ မြင်
လတ်သော် မင်းမှာသားရဒ္ဓံ။ မင်းနိုက်ရောဂါတင်ဒ္ဓံ။ တိမ်ပြာ
တွင် တိမ်ဖြူလဝန်းကဲ့သို့ သင်္ကြာန်အတွင်း၌ ရစ်လျက် မြင်လတ်
သော် ပြည့်ရှင်မင်း အသက် ရှည်ဒ္ဓံ။ ဘုန်းကြီးဒ္ဓံ။ တိမ်သည်
ကျွဲးကောင်ကဲ့သို့ မြင်လတ်သော် မရဘူးသော လပ်လာဘရဒ္ဓံ။
တိမ်သည်သက်တင့်ပမာ။ အနီအဝါကိုလျက်မြင်လတ်သော်တ
ပြည်ကသက်ဆောင်ရောက်ဒ္ဓံ။ မြေကအနက် သပိတ်ပမာသုံး
လုံးထွက်၍ ထိုသုမ်းလုံးအတွင်း၌ ကျိတ်ခိုဝ်း အပြာထွက်သည်
ကိုမြင်လတ်သော် မြေ၌ရှိသမျှ အပင်အသီး ပျက်ဒ္ဓံ။ တိမ်သည်
တောင်ကဲ့သို့နေ၍ ထိုတိမ်ထက်လျှပ်တဝင်းဝင်းမြင်သော် မဖြိုမ
ကျိတ်မည်၏။ မင်းနှင့်ပြည်သူသတ္တုရဖြစ်ဒ္ဓံ။ တိမ်အပြာနှင့်အဝါ
ရောလျက် အကျားအကျားနေသည်ကိုမြင်လတ်သော် ထိုတိမ်၌
လျှပ်တဝင်းဝင်းခွပ်သော်။ အာကာသကျိတ်မည်၏။ ပြည့်ရှင်မင်း
ယာယီသွားရဒ္ဓံ။ ပြည်သူပြည်းသား ဥပဒ်ကြီးစွာရောက်ဒ္ဓံ။ ဤ
ကားတိမ်ပရိယာယ်။ ။

နေတွင် အနီသန်း၍မြင်လတ်မူ ပြည်သူဥပဒ်ဖြစ်ဒ္ဓံ။ နေတွင်
အဝါသန်း၍ မြင်လတ်သော် သူဌေးသူကြွယ် သေပျောက်ပျက်
စီးဒ္ဓံ။ နေတွင်အဖြူလွှမ်း၍နေရေပြုသည်ကိုမြင်လတ်သော် သူရဲ
ကောင်းသေဒ္ဓံ။ နေတွင်အထက်ကားအနီ။ အောက်ကားအဝါ။ အ
လယ်မှာ အမည်း သန်းလျက် မြင်လတ်သော် စစ်ချီလွှန်ထိုစစ်
ပျက်ဒ္ဓံ။ နေတွင်လူ့ခြေကဲ့သို့မြင်မူကား စစ်မအောင်ရာ။ နေတွင်
ဝက်ရုပ်သင်္ကြာန် မြင်လတ်သော် ခိုးသူများဒ္ဓံ။ နေတွင်အထက်
အောက်အနီ။ အလယ်အမည်းသန်း၍နေသည်ကို မြင်လတ်သော်
မင်းသားမင်းသွီးသေဒ္ဓံ။ နေမှာအလယ်အမည်း။ အနားနှစ်ဖက်အ
ဖြူသန်းသည်ကိုမြင်သော် ပြည့်ရှင်မင်း ခရီးမသွားရာ။ သွားလျှင်
ဥပဒ်ရောက်ဒ္ဓံ။ နေသည်မှင်ကဲ့သို့မည်း၍။ ပတ်လည်အနီအဝါမြီး
ရောင်ကဲ့သို့မြင်သော် မင်းကိုအမတ်ပုန်စားဒ္ဓံ။ နေတွင်ကြက်ခြေ

ဖြင်သော် မင်းအနာ ရောက်အံ့။ နေသည်တံခွန်ကြက်လျှာကဲ့သို့
ဖြင်သော် မိဘုရားမင်းသားမင်းသမီးတို့သေအံ့။နေတွင်ရဲလံကဲ့သို့
ဖြင်သော် စစ်ရောက်အံ့။ နေသည်ဖြူ၍ နေ့အထက် အဝါရောင်
ထွက်သော် အစားရှားပါး ငတ်မွတ်အံ့၊ နေသည် အထက်အနီ။
အောက် အမည်းမြင်လတ်သော် မိုးခေါင်အံ့။ နေသည်အလယ်
တွင်ဖြူ၍အနားကိုလည်းနီလျက်မီးလျှံရောင်ကဲ့သို့မြင်လတ်သော်
မိုးပည်းအံ့။နေ့တွင်အလယ်တွင်အနီအနီးအနားလေးချက်အဖျား
ကွက်၍ မြင်လတ်သော် မိုးသီးများစွာကျအံ့။ နေသည်အလယ်
တွင်အပြာ အနားလေချက် အနီကွက် မြင်လတ်သော် မိဘုရား
ကြီး ယောက်ျားတပါးနှင့်ရောအံ့။ ဂိမှန္တဥတုနိုက် နေဝါထွက်
သော် ပထဝီဓာတ်ထိုရာသီနိုက်မင်းမှုသည်။ပုပြင်း၏။ ကမ္ဘာနာ
ကျောက်ပက်သက်ထူအံ့။ ဥကြောင်းနှင့်ဝမ်းကိုသတ္တဝါတို့၌အ
နာရောက်အံ့။ ဝဿန္တဥတု၌ နေဖြူ၍ထွက်သော် ထိုရာသီ၌ အာ
ပေါဓာတ်အဓိကမင်းမှုသည်။ လူနာလူဖျားနည်းအံ့။ မိုးကောင်း
အံ့။ဟေမန္တဥတုနိုက် နေနီ၍ထွက်သော် တေဇောဓာတ်ထိုရာ
သီနိုက် အဓိကမင်းမှုသည်။ အချမ်းနည်းအံ့။သတ္တဝါတို့ခြေနှင့်
ဥကြောင်းအနာရောက်အံ့။အပွင့်အသီနည်းအံ့။အတောင်ရှိသော
သတ္တဝါ ဥပဒ်များအံ့။ ထိုရာသီသုံးပါး၌ နေသည် အပြာနှင့်အ
နက်ရောင်ရောလျက်ထွက်လတ်သော် ထိုရာသီသုံးချနိုက်ပင်ဝါ
ယောဓာတ်အဓိကမင်းမှုသည်။ ပြည့်ရှင်မင်းယာယီမသွားရာ။
ပိုးမွှားထူအံ့။ဆင်မြင်းကျွဲနွားဥပဒ်ရောက်အံ့။ မိုးရေခါးအံ့။သစ်
ပင်တကာအနာများအံ့။ ထိုဥတုသုံးပါးတွင်နေဝန်းတခြမ်းဖြူ၊တ
ခြမ်းစိမ်းမြင်လတ်သော် ထိုနေ့သည်ထန်စွာမိုးရွာအံ့။ နေနီရုံအ
ဝန်းနေလတ်မူလည်း ထိုနေ့မိုးသည်တခဏရွာအံ့။ နေသည်လ
ယောင်ကဲ့သို့ဖြူ၍ အဝန်းလျက်အစိမ်းအနီ အရောင်များပြားမြင်
လတ်သော် မင်းကိုပြည်သူတို့ပူဇော်ရအံ့။နေထွက်ရာကြယ်တ
လုံးအပါး၌နေလျက်ပါလာသော် ပြည့်ရှင်မင်းသေအံ့။ နေသည်
အစိမ်းအပြာ အိမ်ဖွဲလတသော် အမတ်ကြီးသေအံ့။ နေသည်

တွတ်တွတ်နီ၍ဝင်လတ်သော်အနာရောက်အံ့။ နေသည်ဖြူ၍အ
နက်ကြက်သရေမြင်လတ်သော်မင်းယာယီနေမှကောင်းအံ့။ နေ
ဝန်းတွင်အပြာရောင် နှစ်ဖက်မြင်လတ်သော် ထိုမြို့ထိုရွာပျက်
အံ့။မင်းတပါးသို့ပြေးရလေအံ့။ နေသည်အခိုးသုံးသွယ်ဖြာထွက်
သည်ကိုမြင်လတ်သော် တပြည်ကစစ်ရောက်အံ့။ နေဝန်းတွင်
လက်ကဲ့သို့မြင်လတ်သော် အချင်းချင်းစစ်ဖြစ်အံ့။ နေတွင်ခင်ပုပ်
ငှက်သဏ္ဍာန်မြင်လတ်သော်ခိုးသူထားမြထ၍သွေးချောင်းစီးအံ့။
နေသည်တိမ်ပြာတခြမ်း အုပ်လျက်ထွက်လတ်သော် မိဘုရား
မင်းကိုပြစ်မှားလေအံ့။ နေနှစ်စင်းထွက်သည်ကိုမြင်လတ်သော်
ရန်တိုင်းကြီးစွာလာအံ့။ မိဘုရားကြီးသေအံ့။ နေသည်အမည်း
အရောင်မြင်လတ်သော် မီးလောင်အံ့။ နေသည်အလယ်ဖြူ၍အ
နားနီသည်ကိုမြင်လတ်သော် သင်္ဃေမိန်းမတို့ပျက်အံ့။ နေထွက်
သောအခါခြင်သေ့ရုပ်ကျွဲရုပ်ဆင်ရုပ်မြင်းရုပ်ဝက်ရုပ်ဆိတ်ရုပ်
များသဏ္ဍာန်မြင်လတ်သော်ထိုပြည်မြို့ရွာမသာ။ဘေးကြီးစွာဖြစ်
အံ့။ဤကားနေပရိယာယ်။ ။

ကြာသပတေးကြယ်လသို့မြင်လတ်သော်တိုင်းပြည်ချောက်
ချား၍။ စပါး ပြောင်း ပဲ ပျက်အံ့။ လ၌အစိမ်းတဝက်ရှိ၍ မြင်
လတ်သော် မင်း၌ အနာရောက်အံ့။ လဆန်းသော် တောင်သို့
စောင်းမူ မိုးခေါင်အံ့။ အနာအများထူအံ့။ မြောက်သို့စောင်း
သော် မီးလောင်အံ့။ မိုးနှောင်းကောင်းအံ့။ လပြည့်နေ့၌တခြမ်း
မြင်လတ်သော်သူပုန်ကန်များအံ့။ လမှောက်၍ မြင်လတ်သော်
မင်းသေအံ့။ လဆန်းကိုလပြည့်ကဲ့သို့ အရစ်ကုန်ဝင်လျက်မြင်
လတ်သော် ပြည်သတ္တဝါ ဥပဒ်ရောက်အံ့။ လပြည့်၌လငယ်၍
မြင်လတ်သော် ငတ်မွတ်ကြအံ့။ လကြီး၍မြင်လတ်သော် ပြည်
သူဝပြောသာယာအံ့။ လအလယ်စည်း၍ မြင်လတ်သော် ငတ်
မွတ်ရှားပါးမြို့ရွာပျက်အံ့။ လသည်မရိုးစည်ကဲ့သို့အလယ်ကြီး
သည်ကိုမြင်လတ်သော်ထိုပြည်သာယာအံ့။ လတွင်အလယ်၌
အပေါက်နှင့် မြင်လတ်သော် မင်းကိုသူတပါး လက်ဆောင်

ဆက်ရောက်အံ့။ လထုသည့်ကိုမြင်လတ်သော် မိဘုရားကြီး၌ သားကောင်းရအံ့။လဆန်းကြီး၍ပေါ်လှာသော် ပုဏ္ဏားတို့ဥပဒ် ဖြစ်အံ့။လဆန်းငယ်၍ ပေါ်လှာသော် မှူးမတ်ဥပဒ်ရောက်အံ့။ လဆန်းအမြင်၌ လရှည်၍ ပေါ်လှာသော် သူဌေးသူကြွယ်ကုန်သည်တို့ ဥပဒ်ရောက်အံ့။ လသည် မှန်ကင်းကဲ့သို့ မြင်လတ်သော် ရဟန်းတို့ဥပဒ်ဖြစ်အံ့။လအနားကိုလည်း ငါးကြင်းကြေးကဲ့သို့ အခိုဝ်းထွက်သည့်ကို မြင်လတ်သော် ပြည်ထဲးချမ်းသာအံ့။လဆန်းလကွယ်လနှစ်ခုထပ်လျက် မြင်လတ်သော် ပြည့်ရှင်မင်းအနာကြီးစွာရောက်၍သေအံ့။လထွက်သောအခါတိမ်နီလရှေ့နေသည့်ကို မြင်လတ်သော် ကုန်းရေ သွားသွားသမျှ ခရီးသည်တို့ချမ်းသာအံ့။ လအခိုဝ်းထွက်သည့်ကို မြင်လတ်သော် မင်းနှင့် ပြည်သူတို့စစ်ဖြစ်ကြအံ့။ သောကြာကြယ်လနှင့် တွေ့သော်မင်းတို့မိဘုရားတခြားသူနှင့်ရောနှောလေအံ့။ လမွန်းတည့်တွင်တွေ့လတ်သော် ပြည်သတ္တဝါချမ်းသာ၍ အလှူဒါနများအံ့။ လမွန်းလွဲမှတွေ့လတ်သော် ပြည့်ရှင်မင်းမှာသ္မီးကညာရောက်အံ့။ လဝင်ခါနီးတွေ့လတ်သော် တိုင်းပြည်သတ္တဝါ ပူဆာညှိုးနွမ်းအံ့။လနှစ်စင်းကြယ်တွေ့လေသော် မင်းဥပဒ်ရောက်အံ့။ လနှင့်အင်္ဂါကြယ်တွေ့လေသော် မင်းတို့တိုင်းစွန်ပြည်ဖျားသူပြစ်မှားအံ့။ ဗုဒ္ဓဟူးကြယ်လနှင့်တွေ့လေသော် ဝတ်မွတ်ရှားပါးမိုးခေါင်အံ့။လနှိုက်ကျိတ်အခိုဝ်းထွက်သော် ပြည်ပျက်အံ့။ လကိုရောဟဏီ ကြက်တိုက်နှင့် တွေ့သော် တရားရှိသော မင်းကောင်းပေါ်အံ့။ ဆိုင်းထမ်းနှင့်ကြက်တိုက်လကိုထွန်း၍ သွားမူပြည်ပျက်အံ့။ကျတ္တိကာကြယ်နှင့်လတွေ့လတ်သော် ငလျင်လဆက်လှုပ်အံ့။ရေဝတီနက္ခတ်လနှင့်တွေ့လတ်သော်မင်းမိဘုရားသေအံ့။ သဘော်ကြယ် လနှင့် တွေ့သော် စကြဝတေးမင်းသော်လည်းခန္ဓာကင်းအံ့။ဖျောက်ဆိပ်နှင့် ကြက်တိုက်အကြားလသွားသော် ငလျင်ကြီးစွာလှုပ်အံ့။ သဘော်နှင့်ပုဏ္ဏာဖုသျှအကြားလသွားသော် ဆင်မြင်းကျွဲနွားသေပျောက်များအံ့။ရေဝ

တိ၊ဟာသဒ၊သတ္တာဗိသျှ၊အသလိသ၊ပြုဗ္ဗာသန်။ ထိုနက္ခတ်တို့လနှင့် လက်ျာရှည်လျက်သွား၍ တွေ့ကြလေသော် စစ်ကြီးရောက်အံ့။လမင်းလက်ျာ ဝိသာခါ၊အနုရာဓသွား၍တွေ့ကြလေသော် ပြည်ရွာပျက်အံ့။ လမင်းလက်ျာ သွာဒိ၊မာဃနက္ခတ်သွား၍တွေ့ကြလေသော် မင်းကြီးဥကျောင်းဆေးရအံ့။ မာဃ၊မူသနက္ခတ်နှင့် တွေ့ကြလေသော် ရေနေသတ္တဝါ ဥပဒ်ရောက်အံ့။ဝိသာခါနှင့် နဂါးတွေ့ကြလေသော် ငတ်မွတ်ရှားပါးလေအံ့။ စနေကြယ်၊အင်္ဂါကြယ်တွေ့ကြမူကား မြင်သောပြည်အပြစ်။ထိုမင်း-၅-လနှင့်ပျက်စီးအံ့။ စနေအင်္ဂါပြန်၍ဟာသဒ၊မူလ၊ ရေဝတီတို့ နက္ခတ် ခုနစ်ခုနှင့် ယှဉ်လတ်သော် မိုးခေါင်အံ့။ စစ်ရောက်အံ့။ဤကား လပရိယာယ်။ ။

စိတ္တရနက္ခတ် အရောင်ညှိုးသော် စမ္ပါနဂိုရ်ပြည် မငြိမ်မဝပ်ရှိအံ့။သွာဒိနက္ခတ်အရောင်ညှိုးသော် ဓညဝတီပြည်မငြိမ်မဝပ်ရှိအံ့၊ အနုရာဓနက္ခတ် အရောင်ညှိုးသော် သင်းတွဲပြည်မငြိမ်မဝပ်ရှိအံ့။ ဇေဋ္ဌနက္ခတ်အရောင်ညှိုးသော် ကမ္ဘောဇပြည် မငြိမ်မဝပ်ရှိအံ့။ မူလနက္ခတ် အရောင်ညှိုးသော် တက္ကသိုလ်ပြည်မငြိမ်မဝပ်ရှိအံ့။ ပြုဗ္ဗာသန်နက္ခတ်အရောင်ညှိုးသော်ပဉ္စာလရာဇ်ပြည် မငြိမ်မဝပ်ရှိအံ့။ ဥတ္တရာသန်နက္ခတ် အရောင်ညှိုးသော် စမ္ပာပြည်မငြိမ်မဝပ်ရှိအံ့။ ဝိသာခါနက္ခတ်အရောင်ညှိုးသော် ဝေသာလီပြည်မငြိမ်မဝပ်ရှိအံ့။ သတ္တာဗိသျှအရောင်ညှိုးသော် ကောသမ္ဗီပြည် မငြိမ်မဝပ်ရှိအံ့။ ပြုဗ္ဗာပုရပိုက် နက္ခတ်အရောင်ညှိုးသော် ရာဇဂြိုဟ်ပြည် မငြိမ်မဝပ်ရှိအံ့။ သရဝဏ်နက္ခတ်အရောင်ညှိုးသော် မောရပြည်မငြိမ်မဝပ်ရှိအံ့။ ဓနသိဒ္ဓနက္ခတ်အရောင်ညှိုးသော် သိဿိုဝ်ပြည်ရှမ်းပြည်မငြိမ်မဝပ်ရှိအံ့။ ရေဝတီနက္ခတ် အရောင် ညှိုးသော် ဇမ္ဗုပတ္တနဂိုရ်ပြည်၊ ကုသိနာရုံပြည်မငြိမ်မဝပ်ရှိအံ့။အဿဝဏီနက္ခတ်အရောင်ညှိုးသော် ပုဂံပြည်မငြိမ်မဝပ်ရှိအံ့။ ဘရဏီနက္ခတ် အရောင်ညှိုးသော် ကပိလဝတ်ပြည် မငြိမ်မဝပ်ရှိအံ့။ကြတ္တိကာနက္ခတ် အ

ရောင်ညှိုးသော် ရွှံပြည်မငြိမ်မဝပ်ရှိအံ့။ မိဂသီနက္ခတ်အရောင်ညှိုးသော်ယွန်းပြည်မငြိမ်မဝပ်ရှိအံ့။ ပုဏ္ဏဗ္ဗသျှုနက္ခတ်အရောင်ညှိုးသော်ကလိင်ရစ်ပြည်မငြိမ်မဝပ်ရှိအံ့။ အဿလိဿနက္ခတ်အရောင်ညှိုးသော် ဇင်းမယ်၊ သထုံ မငြိမ်မဝပ်ရှိအံ့။ မာဃနက္ခတ် အရောင်ညှိုးသော် အမြဝတီပြည် မငြိမ်မဝပ် ရှိအံ့။ ပြုဗ္ဗာပရဂုံဏီနက္ခတ်အရောင်ညှိုးသော် ဗာရာဏသီပြည်မငြိမ်မဝပ်ရှိအံ့။ ဥတ္တရာပရဂုံဏီနက္ခတ်အရောင်ညှိုးသော် မိထိလာပြည်မငြိမ်မဝပ်ရှိအံ့။ အဿဝနီနက္ခတ်အရောင်ညှိုးသော်ပြုဗ္ဗာဝတီပြည်မငြိမ်မဝပ်ရှိအံ့။ ဗျသျှနက္ခတ်အရောင်ညှိုးသော်ပဲးကူးပြည်မငြိမ်မဝပ်ရှိအံ့။ ဤကားနက္ခတ်ပရိယာယ်။ ။

ဝိသာခါနက္ခတ် အင်္ဂါကြယ် ထိလတ်သော် လူနာ လူများများအံ့။ အင်္ဂါကြယ် အရောင်တိုး၍ ထွန်းသော် မင်း၏သားကြီးသို့ကြီးတို့ပျက်စီးသေကြေအံ့။ ရောဟနီနှင့် ဖျောက်ဆိပ်ထိကြသော်လေပြင်းစွာလာအံ့။ မိုးကြီးစွာလောင်အံ့။ သွာဒိနှင့်စိတြာထိကြ၍ရာဟုဂြိုဟ်စီးမှုန်ရောက်ရာတိုင်းပြည်မီးသို့ပူအံ့။ ငတ်မွတ်ပါးရှားအံ့။ ယောကျ်ားတယောက်ကိုမိန်းမတကျိပ် ရှာလတ္တံ့။ ကြယ်တံခွန် အရှေ့မျက်နှာက ထွက်သော် ထိုအရပ်ပျက်အံ့။ တောင်ကထွက်သော် တောင်မျက်နှာတိုင်းပြည် မြို့ရွာ စည်ကားအံ့။ အနောက်က ကြယ်တံခွန်ထွက်သော် အနောက်မျက်နှာတိုင်းပြည်မြို့ရွာမသာရှိအံ့။ အနောက်မျက်နှာကသူပုန်ပေါ်အံ့။ မြောက်မျက်နှာကကြယ်တံခွန်မြင်မူ ပြည့်ရှင်မင်း ဥပဒ်ကင်းအံ့။ တိုင်းပြည် ဝပြော စည်ပင်အံ့။ ရက်စည်ကြယ်ကို နေ့မှတ်၍ကြယ်ထွန်းသည်၊ ကြယ်နံရောက်ရာတိုင်းပြည်မြို့ရွာ စည်ပင်အံ့။ ထိုမှတပါးလည်း မြေအင်္ဂါမူ ဖြူသောမြေပုဏ္ဏားနွားနို့အစာလိုအံ့။ အနံ့သော်ကား ကြာတံဆိပ် အနံ့ရှိအံ့။ ထိုမြေတွင်နေသော် ဘုန်းကြီးအံ့။ ကျေးကျွန်များအံ့။ နီသောမြေကားမြေမင်းတည်း။ ခတောက်ပန်းသင်းသောအနံ့ရှိ၏။ ထမင်းအရသာစုံအစာလိုအံ့။ ထိုမြေထက်နေသော် မင်းဖြစ်အံ့။ အဆင်းမည်း

သောမြေကား မြေကျွန်တည်း။ သေရည်သေရက်ကိုအစာလိုဝ် ၏။ အနံ့ညှီညှီနံ၏။ ထိုမြေထက်မနေရာ။ ဥယည်လယ်တာသာ လုပ်ရအံ့။ အဆင်းဝါယောင်ရှိသောမြေကား အနံ့သော်မှုပုတ် နံ့ရှိအံ့။ အစာသော်ကားဆင်သားလိုအံ့။ ရဟာန်းနေအပ်၏။ အ ယင်များယောင် ရှိသော မြေကား ကေသပံသုသေလောဒက မြေမည်၏။ အစာသော်ကားသားတစ်လိုဝ်အံ့။ မြို့တည်၍မနေရ သောမြေ။ အနံ့သော်ကားပဒုမ္မာကြာပွင့်အနံ့ရှိ၏။ ထိုမြေ၌လ ပြည့်ဝန်းပမာစည်မျက်နှာကဲ့သို့ရှိ၏။ ညီညွတ်သောမြေ၊ ဒူးလေး ကိုင်းကဲ့သို့ရှိသောမြေ၊ တလခြမ်းကဲ့သို့ ရှိသောမြေ။ နွားခေါင်း ပမာရှိသောမြေ။ ထိုမြေရနစ်ရပ်သည် စီးပွါးချမ်းသာ ဥစ္စာတိုး တက်ကြွက်သရေရှိအံ့။ လိပ်ကုန်းကဲ့သို့ ရှိသောမြေ။ အိုးကင်း မှောက်ထားသည့် ပမာဏရှိသောမြေ။ မြင်းခေါင်း ပမာဏ ရှိ သောမြေ။ လျှလျှလုံးလုံးရှိသောမြေ။ ကြွက်ပမာရှိသောမြေ။ ဘီလူး ရုပ်ပမာရှိသောမြေ။ နဂါးကျစ်ကဲ့သို့ ရှိသောမြေ။ ထိုမြေရနစ် ရပ်၌မနေအပ်။ စီးပွါးချမ်းသာမရှိ။ အနာအဖျားထူအံ့။ ဖြူသော မြေ။ နီသောမြေ။ ပြာသောမြေ။ ထိုမြေသုံးရပ်၌လည်း လက်ယာ နိမ့်၍လက်ဝဲမြင့်သောမြေ။ မှူးမတ်နေသော်မင်းဖြစ်အံ့။ သူဆင်း ရဲနေသော် စီးပွါးတက်တိုးအံ့။ အရှေ့မြင့်၍ အနောက်နိမ့်သော မြေ၌သော်လည်းစည်းလဲဝန်ထိုကုန်းဆိုဝ်ကောက်ကျစ်တတ် အံ့။ အလယ်မြင့်၍ အနားနိမ့်သော မြေ၌ ရန်များအံ့။ ထိုမြေ၌ ကျောက်ခါးကဲ့သို့ရှိအံ့။ တောင်ကမြင့်၍မြောက်ကနိမ့်သောမြေ ၌နေသော် ထိုအောက်ပလ္လင်ကဲ့သို့ရှိ၏။ တောင်က အင်းရှိအံ့။ မြောက်ကရေစီးအံ့။ အရှေ့ကအိုင်ရှိအံ့။ မြေမင်္ဂလာ ဥစ္စာရွှေငွေ များအံ့။ အမှုတကာကိုနိုင်အံ့။ အနားပတ်လည်ပြန့်၍ အလယ်နိမ့် သောမြေ၌နေသော် ထိုမြေအောက်ကျောက်ရှိ၏။ အကောင်းအ ဆိုးများအံ့။ ဤကားမြေပရိယာယ်။ ။

ယင်းသို့သော အကြောင်း ရှေးပညာရှိတို့ ဆိုခဲ့လေသော်။ လောကီမှု၌ ယတြာရသဝတီကျမ်းထွက်ပါသည်။ ယင်းသို့အ

ကြောင်း တိတ်နိမိတ်တို့ကိုလည်း။ အကြောင်း ဆိုက်အံ့သော
တိုင်းပြည်တို့ကသာ ဆင်ခြင်ခြင်းရှိကြောင်း စာဟောင်း ညွှန်
လျက်ရှိပါသည်။ ထိုအကြောင်းထင်လတ်သော် မင်းကိုပြခြင်း။
မင်းမိဘုရား၊မင်းသား၊မှူးမတ်၊ရဟန်း၊ ပုဏ္ဏား၊ပြည်သူစသော
ကျွဲနွားဆင်မြင်းစသော သတ္တဝါတို့ ဖြစ်ရာအကြောင်း ခွဲဝေ
စိတ်ဖြာသိတတ်မှ အဖြစ်အပျက် ညှိနိုင်ပါသည်။ လောကမှာ
မှန်တိုင်းသိချင်သော။ လောကုတ္တရာမှုမှာလည်းမြတ်စွာဘုရား
ဆုံးမတော်မူသော တရားကို အမှန်သိ၍ ကျင့်ဆောက်တည်
ခြင်း။ ယင်းသို့ရုံမှ လောကီ လောကုတ္တရာ နှစ်ဖြာတတ်ပွန်သူ
တော်မွန်ဟူ၍ ကျမ်းဂန် ထွက်ပါသည်။ တကြောင်းတုံလည်း
ရန်သူကိုအောင်နိုင်သောအမတ်အင်္ဂါကိုဆိုခဲ့သော သေနင်္ဂပျို
အလာသော်ကား၊ ။ဆဒ္ဒန်ပြောင်မွန်။ရဟန်းနှင့်ချီး။ ချွန်ထိုးသို့။
အကျိုးရှိသင့်။ ထိုခင်မသာ။ မင်္ဂလာအောင်မြေ။ အနေသင့်ရာ။
ဗိုလ်ပါဆင်မြင်း။ သိမ်းသွင်းမပျက်။ရဲမက်မပြို။ရန်ကိုနှိပ်နှံ့။ အ
ကြံပညာ။သည်သာဖြစ်ခဲ။လူရဲမရှား။လက်ရုံးအားမှာ၊ အများ
အမှန်။အလွန်အကြူး။အရှူးအင်္ဂါ။မိစ္ဆာအကျင့်။နိမ့်မြင့်ရှုံးနိုင်။အ
ပိုင်ခဲ့ခက်။လက်နက်ဗိုလ်ခြေ။ အသေအဆုံး။ ထုံးမပြုလောက်။
ထွင်းဖေါက်မြောက်မြား။ဂုဏ်ကိုးပါးစုံ။ ပညာလုံ၍။ ဗိုလ်ခြေမ
ပန်း။ ဉာဏ်စွမ်းနှ၍။ တွင်းပြင်ရှိက။ ကြိုးဘိသခင်။ မြင်းဆင်
ရထား။ ခြေသည်အားနှင့်။ လေးပါးအစုံ။ ရောက်လှာတုံသည်။
မိုက်ခြုံပြီးစီး။ စစ်သူကြီးသို့။ ထုံးမှီးလိမ္မာ။တို့ကိုသာလျှင်။ စစ်
အင်လေးမည်။ရှေးရိုင်း။ရန်ချီးနိုင်သည်။ပညာရှင်ကြောင့်။ ရွှေ
ပြည်သာယာ။ဝတီသ်ာသို့။ ပမာတူမျှ။အသဃကမင်း။ စစ်တွင်း
ရှုံးမည်။ဆိုသည့်စကား။သိကြားစည့်လျက်၊ ပျက်စီးသည့်ထုံး။
နန္ဒိသေန။အသကမတ်။ ညီညွတ်ပြည့်ရုံ။ပညာလုံ၍။ဗိုလ်ပုံရန်
ငြိမ်။ကာလိင်္ဂရာဇ်။သူစစ်နွမ်းညှိုး။ အကျိုးမရှိ။ပန်းနှယ်ညှိ၍။ကာစိ
ကရက်။ ကြေညက်အရမ်း။ အမတ်သွမ်းနှင့်။ မင်းကြမ်းတသွန်။
မာန်တံခွန်ကို။ကဲလွန်သတင်း။ကိုယ်ရှင်းကိုယ်ဝယ်။အလမ္ပါယ်

သို့။အဥ္ဆရာယ်ရောက်။ ပြေပျောက်လမ်းမှား။ သေပျောက်များသည်။ ။တရားမရမင်းပါပ။ ။

ထိုသို့ ဆိုဝ်ခဲ့ပြီးသော ရှေးပညာရှိတို့စကားလည်း ရှိပါသည်။ ယင်းသို့ထုံးဟောင်းသက်သေနှင့် အမတ်ကြီးချောက်လေရာ။ ပြည့်ရှင်မင်းကြီး အမိန့်တော် ရှိသည်ကား။ မင်းမိဘုရား မင်းသားမင်းသ္မီး ဆွေတော်မျိုးတော်မှစ၍။ အမတ်မြို့စား ကျေးစား အတွင်းသုံး ပြင်သုံးသမျှတို့သည်။ အမတ်ကြီးမဟာပညာကျော် စကားကို နာခံပြီးမှ ချောက်ခွင့်တင်ခွင့်ရှိသည်များကိုချောက်ထားစေ ပညတ်တော်မူလေရာ။ အမတ်ကြီးလည်းမင်းမိဘုရားမင်းသားမှူးမတ်ပြည်သူဟူလျှက်မခြားအမှုသွားကိုသာ ရှေ့နောက် တိုင်းထွာ ပြသဆုံးမ၍။ မင်းထံချောက်ခွင့်များကိုချောက်လေသော်။ မည်သူတယောက်ညှိုးခြင်းမရှိ။အမတ်ကြီးစကားကို နားထောင်ကြလေ၍။ ထိုပြည်သာယာငြိမ်းချေလေသည်။ ။

တရံသောအခါ မောက်သူဇာမြို့စား ဥတ္တမကျော်ခေါင်က ဒိလိမြို့ကုလားပသီမင်းသည်။ပြည်သူတို့ကိုဝ် နှိပ်စက်ပြုကျင့်၍ တိုင်းပြည် မငြိမ်မသာ မြို့ရွာပျက်ပြားလျက် အလိုလို သောင်းကျန်းရှိပါသည်။တိုက်သိမ်းတော်မူပါလျှင် အလွယ်ရပါမည်အကြောင်းနှင့် ပြည့်ရှင်မင်းထံချောက်လာသောအခါ။ အမတ်ကြီးမဟာပညာကျော်ချောက်ထုံးမူကား။ အရှင်မင်းမြတ်။ရှေးမင်းဘိတော် ဘေးတော် ဘိုးတော် ဘတော် အရှင်များ လက်ထက်။ကုလားနိုင်ငံဖြစ်သောဒိလိမြို့သည် ရက္ခပူရတိုင်းအပိုင်မဟုတ်ချေ။ အနောက်မျက်နှာ မောက်သူဇာမြို့တွင်အဆုံး၊ အနောက်မြောက် သီလကမြို့တွင်အဆုံး။ ယင်းသို့ ကျောက်စာသမိုင်းရာဇဝင်အထင်အရှားရှိပါသည်။ ဘေးတော်မင်း စောမွန်လက်ထက်အရှေ့ဘက် ၁ မင်းစော်ကဲသားမင်းဆွေသည်။ မြတ်စွာဘုရားသာသနာတော်မှအပဖြစ်သောအကျင့်အသီးအ

ယူတို့ကိုသာ နှစ်လိုသောမင်းဖြစ်၍၊ သူတော်ကောင်းပညာရှိ စကားကိုမနာမယူ။ သူယုတ်သူမိုက်တို့စကားကိုသာလိုက်နာ ခြင်းကြောင့်တရားလွတ်လေရာ။အဓမ္မအမှုကိုသာအလိုရှိလျက် ရှေ့အညှိုးမပြေကုန်လေရာ။မင်းဆွေသားမင်းရဲကျော်စွာဖျက် ဆီးလှာသောအခါ သေးလောင်းတော် မင်းစောမွန် ^၁^ ထွက် ပြောင်၍။အနောက်ဘက်ဘင်္ဂါ-၁၂-မြို့ကိုသာရလျက်နေသည့် ကာလ။ ဒီလီမင်းကအရှေ့ဘက် ပြူတလိုင်းတို့ကို တိုက်၍ စော မွန်မင်းကို ^၂^ နန်းတင်လေရာ။ ဘင်္ဂါ-၁၂-မြို့ကို ကျေးဖူးအ သျှောက် ဒီလီမင်းနိုင်ငံ ပိုင်လေတော့ပေးအပ်၍ မင်းအဆက် ဆက်ကုလားအပိုင်ခံလျက် နေရပါသည်။ ဘုရားခမည်းတော် လက်ထက် ရောက်မှသာ ရှေးရိုးအတိုင်း ဘင်္ဂါ-၁၂-မြို့ကို သိမ်းယူတော်မူသည့်ကာလ၊တရားမရှိသောမင်းကဲ့သို့အလွန် ပြုတော်မူသော်။ဒီလီမြို့တိုင်အောင်အလွယ်နှင့် ရပါမည်ကိုသိ တော်မူလျက်။ဝိလုပ္ပန္နနိဗဂ်လမင်းကဲ့သို့ငါမပြုသင့်အမိန့်တော် ရှိ၍။ရှေးအစည်နိုင်ငံတော်အတွင်းကိုသာ သိမ်းယူပြန်တော်မူ ခဲ့ပါသည်။ အရှင်မင်းမြတ်လုယူတိုက်ဖျက်သတ်ညှဉ်းလက်နိုင် ပြုသမျှတို့သည် သူတော်ကောင်းမင်းကောင်း အမတ်ကောင်း တို့ဓလေ့မဟုတ်ပါ။ သူယုတ်လူမိုက်ပညာကင်းသောသူတို့ အ လေ့ဖြစ်ပါသည်။ဥပမာထုံးသော်ကား။ သူယုတ်တို့ အကျင့်အ ကြံသည်ခွေးနှင့်တူသည်။ သူတော်ကောင်း ပညာရှိတို့ အမျိုး သည်ကျီးနှင့်တူသည်။ ခွေးတို့လည်းမိမိတို့တတ်သောအမှုတို့ ကိုမြင်လတ်သော်ရက်ကြောက်ခြင်းကင်း၍ အမျိုးစောင့်သော အကြောင်း ခင်မင်သော အကြောင်းမရှိ။ ဒေါသ ပြင်းစွာ နိုင် ထက် နှိပ်စက်တတ်သော အလေ့ရှိခြင်း။ ကျီးတို့မှာကား အ ကြောင်းဆိုက်ရောက်ရာ ရှိလတ်မူကား မိမိတို့အမျိုး ဝန်းအုံရ ရုံးလျက်အမျိုးသားချင်းနှိပ်စက်လေ့မရှိ။ ကောင်းလည်းအတူ။ ဆိုးမူအမျှ ပြုလေ့ ရှိခြင်း။ ယင်းသို့ပမာ လူမိုက်မျိုးတို့သည်

---

၁-သေးတော်မင်းနရမိတ်လှ-ပုံ။ ၂-နရမိတ်လှမင်းကို-ပုံ။

လည်းရွေးကဲ့သို့နိုင်ထက်ပြုတတ်လေ့ ရှိပါသည်။ ရှေးပညာရှိ စကားဆိုခဲ့သောအကြောင်းမှာလည်း။ ရေမရှိသောကန်။ အဆန်မရှိသောစပါး။ တရားမရှိသောမင်းမျိုး။ အခိုးမရှိသောမီး။ ထိုလေးရသည့်အလားတူလေကြောင်းထုံးဟောင်းရှိရာ၌။ ရေမရှိသောကန်သည် သတ္တဝါတို့ မှီခိုရာမရှိခြင်းကြောင့် မစည်ကားရာ။အဆန်မရှိသောစပါးဖျင်းတို့သည်လည်း အသုံးမရှိစွန့်ရာသည်။ တရားမရှိသောမင်းမှုလည်း ဆိုဝ်မိဆိုဝ်ရာနှင့် တိုင်းပြည်သည်မစည်ကားရာ။ သတ္တဝါတို့သေကြေပျက်စီးပင်ပန်းခြင်းများရာသည်။ အခိုးမရှိသောမီးဟူသည်ကား လူတို့အသုံးအဆောင် မှန်သမျှ တို့သည် အတိုးနှင့်ချည်း။ မီးမှုအခိုးမရှိ။အကောင်း အဆိုးလည်းမသိ။ လောင်မိလောင်ရာ လောင်တတ်ခြင်း။ ယင်းသို့အနိဋ္ဌလေးပါးတူကြောင်း ထုံးဟောင်းသက်သေရှိပါသည်။တကြောင်းမှုလည်း။ ဥတ္တမကျော်ခေါင်နေရပ်မြို့နှင့် ဒိလိ ကုလားမင်းနယ် အနီးအစပ် ဖြစ်ကြ၍။ ကိုယ်နှင့်သော်လည်းကောင်း ကျေးကျွန် ချင်းသော်လည်းကောင်း ရန်ရှက်တင်ကြရာ ဒေါသအလျောက် ပျက်စီးလိုဝ်စေလျက် ချော်ကွဲလာသည့်အကြောင်းမှုလည်း ဖြစ်ရာပါသည်။ မောက်သူဇာမြို့စားမောဟလွန်လျက်ပွဲဝင်ပြလာသော [၁] သူအားထိုအရပ်၌ထား၍သင့်မည် မဟုတ်ပါ အမတ်ကြီး ချော်လေသော်၊ ပြည့်ရှင်မင်းကြီးလည်းကြိုက်တော်မူ၍။ တောင်ခွင်စားစောတသူကိုတောင်ခွင်ကနှုတ်လျက်။ မောက်သူဇာမြို့စား ပေးတော်မူလေသည်။ ကင်းစားချင်းတိုးကိုလည်း ကင်းကျေးက နှုတ်၍တောင်ခွင်စားအရာ ပေးတော်မူသည်။ ကင်းချောင်းသော်ကားထားတိုင်းနေ၊ဆိုဝ်တိုင်းနာသောလူမျိုးတို့အရပ်ဖြစ်၍ မောက်သူဇာမြို့စား ဥတ္တမကျော်ခေါင်ကို ကင်းစားအရာ ပေးတော်မူလေသည်။ ။

တရံသောအခါ အမတ်တော်ဆင်ကဲကြီး ဓေယျဗိုလ်သေ

၁-မောက်သူဇာမြို့စားမတရားသောစကားကိုချော်လွှာ—ပုံ။

လွှန်ရာ။ မှူးမတ်တို့အကြောင်းကိုပြည့်ရှင်မင်းကြီးသိတော်မူလို၍၊ ဆင်ကဲကြီးအမတ်တွင် သက်ရှိသက်မဲ့ကို စာရင်း ယူရမည်အမိန့်တော်နှင့်မသကြိုဟ်မြို့ စာရင်းယူလေရာ။ ကျေးကျွန်ကျွဲနွားလယ်ယာဥယည်။ မှူးမတ် အဆောင်အရွက်များပြင်ရွှေသပြာ ၇၀။ ငွေသပြာ တသောင်း [1] ရကြောင်းနှင့် ပြည့်ရှင်မင်းကြီးထံလျှောက်လေသော်။ အမိန့်တော်ရှိသည်ကား။ ဆင်ကဲကြီးဧယျဗိုလ်သည် ဘိတိုးဆင်းသက်၍ ဆင်ကဲအမတ်ကြီး အရာနှင့်လာသူ ခမည်းတော်ဘုရား လက်ထက်တော်ကသည့်ယခုတိုင် အသက် ၅စ်ဆယ်ကျော်မှ သေလွန်လေသည်။ သပြာ ဥစ္စာ မရှိသည့် အရာမှာ မည်သို့ အကြောင်း အရာကိုလျှောက်ရမည့်မေးတော်မူလေသော်။ အမတ်ကြီး မဟာပညာကျော်လျှောက်သောထုံးမူကား။ အရှင်မင်းမြတ်။ သာကိဝင်မင်း။ မင်းသုဓမ္မရာဇာ [2] ပညာပဏ္ဍိတောစသော မင်းကောင်းတို့၌။ လာဘောဓနံ၊ မမွန်သော ရွှေငွေသပြာတို့ကို မတရားသဖြင့် မယူခြင်း။ နသဘာ၊ သဘင်မဟုတ်သွမ်းသောအလေ့ကိုမပြုခြင်း။ ရသာဝါဒစသောအမှုတို့ကို မဆိုခြင်း။ ဟိန်ဇာဂံ၊ ယုတ်သောသဘော ရှိတတ်သော။ အမတ္တော၊ မှူးမတ်တို့နှင့် ကင်းခြင်း။ တထာဂတာ၊ အလာအသွားအစား အအိပ် အပြောအဆိုအနေတတ်သော။ ရာဇညော၊ မင်းတို့ရိုးသောနိုင်ငံသည် အလွန်သာဘွယ်ရှိ၏။ သူတော်ကောင်းတို့၌လည်း အပေါင်းသင့်ရာ သူတော်ချင်းချင်း။ သူယုတ်တို့၌မူလည်းသင်းပင်းသင့်စွာ သူယုတ်မာချင်း။ ယင်းသို့ဆိုခဲ့ပြီးသော ရှေးပညာရှိစကား။ မင်းချစ်အပ်သောသူ တကျိပ်လေး။ အမတ်ကောင်းသည် မင်းအပါယ်မှလွတ်အောင်ပြောဆိုတတ်သောသူ။ အကျင့်သီလပညာရှိသောသူ။ မင်း၏အသက်ကိုစောင့်သောသူ။ မင်းအကျိုးကို ဆောင်တတ်သောသူ။ မင်း၌အမှုရှိရာအဖော်ရသောသူ။ မင်းရန်သူကိုအောင်စေတတ်သောသူ။ မြို့ရွာကို စည်ပင်အောင် ပြုတတ်

---

[1] -တထောင်-ပုံ။ [2] -သာကိဝံသဓမ္မရာဇာ—ပုံ။

သောသူ။မင်းအကုသိုလ်၌မွေ့လျော်ပျော်ပိုက်၍ကောင်းကျိုးကို
မွေ့လျော့ရာ။ကောင်းစွာ ကျောက်တတ်သောသူ။ တည်ကြည်
သိမ်မွေ့သောသူ။အမှုကြီးငယ်ကို ပြီးစီးအောင် စီရင်နိုင်သောသူ။
သူတပါးမသွားဝံ့သောခရီးကိုသွားနိုင်သောသူ။ သူရဲကောင်းသ
သူ။အမြန်အရသာကောင်းစွာချက်တတ်သောသူ။တိုင်းတပါးမှ
ရှိသသူတို့အား ရောက်အောင်သွေးဆောင်ယူနိုင်သောသူ။ ထို
သူတို့အားမင်းပြစ်မရှိရာ။ ။ရန်အောင်သော အကြောင်းလေး
ပါးမူ။သစ္စာ၊ မှန်သောစကားကိုသာဆိုခြင်း။ ဓမ္မ၊တရားသဖြင့်
ကျင့်ကြံခြင်း။ဝီရိယံ၊ပညာဝီရိယရှိခြင်း။ လုံ့လသေခံ၊ [1] ပညာ
လုံ့လရှိခြင်း။ ။မပေါင်းအပ်သောသူ ငါးယောက်မူကား။ အ
အိပ်ကြူးသောသူ။ ယစ်မျိုးကြိုက်သောသူ။ မိုက်သောသူ။အ
မျိုးမစောင့်သောသူ။စဉ်းလဲကောက်ကျစ်သောသူ။ ။စကား
အရာအင်္ဂါလေးချက်မူကား။ သုဘာသိတဝါစာ၊ ကောင်းသော
စကားကိုဆိုတတ်ခြင်း။ပိယဝါစာ၊ တရားနှင့် ညီသောစကား
ကိုနာဘွယ် ချစ်ဘွယ်ရှိအောင် ဆိုတတ်ခြင်း။ သစ္စဝါစာ၊ မှန်
သောစကားကိုသာ ဆိုတတ်ခြင်း။ဓမ္မဝါစာ၊ တရားမှန်ကိုသာ
ဆိုခြင်း။ ။ဂတိလေးပါးမူကား။ ဆန္ဒာဂတိ၊ အမှားအမှန်မ
ရွေးမူလျက် သူ့အလိုသို့လိုက်တတ်ခြင်း။ ဒေါသာဂတိ၊အမျက်
ဒေါသနောက်သို့လိုက်တတ်ခြင်း။မောဟာဂတိ၊ မိမိမိုက်၍မှား
ခြင်း။ဘယာဂတိ၊ ဘေးကိုကြောက်၍ လိုက်နာခြင်း။ ။ထိုသို့
နည်းနာဖြင့်။ အမတ်ကြီး ဆင်ကဲကြီးသည် မှူးကောင်းမတ်
ကောင်း အင်္ဂါနှင့် ပြည့်စုံသောသူ ဖြစ်ပါသည် အမတ်ကြီး
ကျောက်လေသော်။ ပြည့်ရှင်မင်းမြတ်လည်းကြိုက်တော်မူ၍။
အမတ်တော် ဆင်ကဲကြီးကို ထိုက်တော်က ငွေ ထုတ်၍
သပြိုဟ်တော်မူလေသည်။ ။

တရံသောအခါ၌ အင်းဝမြို့နိုင်ငံကိုအမွေပြုလျက် ရန်မိုး

၁-လုံ့လခေပံ-ပုံ။

စတင်သဖြင့် လက်နိုင်ရန်မူ၍။ ပကိုး [၁] မင်းကျော်ထင်နော် ရထာကတိုက်ဖျက် ပြုလေရာ။ အင်းဝမင်းစည်သူကျော်ထင် အမတ်လောင်းရှည်စား ဗလရဲကျော်။ အမြင့်စား တုရင်မဏိ သူတို့နှစ်ယောက် ထွက်ပြေးလာ၍ရောက်လတ်မူ။ ပြည့်ရှင်မင်း ကြီးက စားရန်ရိက္ခာနေအိမ်ပေးကမ်းမစတော်မူ၍ ထားသည် နှင့်တလခန့်ရှိလတ်သော်အင်းဝမင်းအမတ်နှစ်ယောက် အရည် အသွေးကို အမတ် မဟာပညာကျော်သို့ မေးတော် မူလေ လျှင်။ယင်းသို့သောအခါအမတ်ကြီးဩွောက်ထုံးမူကား။ အရှင် မင်းမြတ်။လောကီလောကုတ္တရာ နှစ်ပါးတွင် လောကုတ္တရာမှာ တဏှာကုန်ရာ ဖြစ်သော တရားကို မြတ်စွာဘုရား ပညတ် တော်မူသည့်ကား။

အနေကဇာတိသံသာရံ၊သန္ဓာဝိဿံအနိဗ္ဗိသံ။
ဂဟကာရံဂဝေသန္တော၊ဒုက္ခာဇာတိပုနပ္ပုနံ၊ ။
ဂဟကာရကဒိဋ္ဌောသိ၊ပုနဂေဟံနကာဟသိ။
သဗ္ဗာတေဖါသုကာဘဂ္ဂါ၊ ဂဟကူဋံဝိသင်္ခတံ။
ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံခယမဇ္ဈဂါ*။ ။

ဤစကားတော်သည်ပထမတရား။

ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိ။ ဝေါဝယဓမ္မာသင်္ခါ ရာ။အပ္ပမာဒေနသမ္ပါဒေထ။*

ဤစကား တော်ကား အဆုံးတရား။ ယင်းသို့ ကျမ်းဂန်လာ သည့်အတိုင်း။သံသရာကိုအမှန်တဏှာကုန်ရာသောအကြောင်း သိခက်ရာသည်။ ။လောကီမှုမှာလည်း မင်းကောင်းမင်းမြတ် တို့နေရပ်မြို့အင်္ဂါ-၇-ပါးရှိကြောင်း။ ကျမ်းဂန်လာပြန်သည်မှာ လည်း။

---

၁–ပဲခိုး–ပုံ။
* ဓမ္မပဒပါဠိတော်စသည့်တို့၌လာသည်။
* သုတ်မဟာဝါပါဠိတော်။မဟာပရိနိဗ္ဗာနသုတ်။

သာမျှာမစ္ဆောသခါကောသော၊ ဒုဂ္ဂစ္ဆဝိဇိတံဗလံ။
ရဋ္ဌင်္ဂါနိတိသတ္တောတော၊ သိယံပကာတိယောပိစ။ *

ထိုသို့ကျမ်းဂန်လာရာ၌ တရားကိုသိ၍ လိမ္မာစွာအမျိုးစောင့်သောမင်းလည်းတပါး။ မင်းနှင့်ပြည်ကြက်သရေရှိအောင်ဆောင်နိုင်သောအကျိုးအပြစ်ကိုသိ၍ လောဘဒေါသ မောဟ စသောဂတိမလိုက် ပညာရှိ အမတ်ကောင်းလည်းတပါး။ စစ်မက်မရှိတိုင်းတပါးမင်းတို့အားမိတ်ဖွဲ့ဝင်ခြင်းလည်းတပါး။ ပြည်သူတို့အခွန်ကို မလွန်စေရ မှန်သော ဘဏ္ဍာဉစ္စာရွှေငွေဆန်ရေစပါးများခြင်းလည်း တပါး။ ကျုံးမြောင်း မြို့ရိုး ပြအိုဝ်းတန်ဆောင်းခိုင်လုံစွာမြို့တွင်းမြို့ပြင်သန့်စင်ရှင်းလင်း စက်ဆုပ်ဖွယ်မရှိစေရ။ ညီညွတ်ခြင်းလည်းတပါး။ ကျေးလက်နိုင်ငံစည်ကားခြင်းလည်းတပါး။ ရဲမက်ဗိုလ်ပါ ဆင်မြင်းစသောလက်နက်မီးပေါက်များခြင်းတပါး။ ယင်းသို့ စုံမိသော တိုင်းပြည်ကိုမှသာတိုင်းကြီး ပြည်ကြီးပြီ၍။ မင်းကောင်းမင်းမြတ်တို့နိုင်ငံဟူလျှက်ကျမ်းဂန်လာသည်။ ထိုမှတပါးပညာရှိအင်္ဂါမူလည်း။

သုစိပုဘာ [၁] ဝိနိမုတ္တာ၊ ကထံသောပဏ္ဍိတောဘဝေ။
သုစိပုဘာနမုတ္တာ၊ တသ္မာပဏ္ဍိတောဟောတိ။ ။

ထိုသို့ကျမ်းဂန်လာသော စကားလေးခွန်းအက္ခရာနှင့် ဆင်ခြင်သော် လောင်းရှည်စား ဗလရဲကျော်သည် အင်္ဂါမရှိမှုးရိုးမတ်စည်အနွယ်အဝင်တဒင်္ဂဖြစ်သောသူ၏ လက္ခဏာ မြင်ပါသည်။ အမြင့်စားတုရင်မဏိသူမှုကား။ ပညာဥာဏ် လျှောက်ပတ်စွာ။ မှုးရိုးမတ်ရိုးမတ်မျိုဝ်းလက္ခဏာရှိပါသည်။ ယင်းသို့အကြောင်းနှစ်ပါးကျမ်းလာ ထုံးဟောင်းနှင့် လျှောက်လေသော်။ ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား။ လူနှစ်ယောက် အရည်ကိုငါလည်းသိတော်မူသည်ပင်။ သို့ရာတွင်ချမ်းသာလို၍မှီခိုလှာသောသူအားချမ်းသာစေရာသည်။ သူမကောင်းမှု သူနိုက်

---

* ပါဠိအဘိဓါန်နှင့်ရာဇနီတိ။ ၁=သုစိသုဘာ-ပုံ။

သာအပြစ်။ ငါမှုကားအကျိုးသာဖြစ်မည်အခမိန့်တော်ရှိ၍ တုရင်မဏိသူမှာမီးပြကောင်း[၁] ဗလခဲးကျော်ကို ပြွန်ရှည်ကင်းစားအရာပေးတော်မူလေသည်။တနှစ်ခန့်ရှိမှ ဗလခဲးကျော်အမျိုးမရှိ၍ ကင်းခွန်ငွေကိုခိုးယူပြီးသော်။ တရွေးချောင်းလမ်း အရှေ့ပြည်သို့ထွက်ပြေးလေရာ။ ချင်းတို့ကဖမ်းမိ၍ ပို့ဆက်လှာသည်တွင်။ အမတ်ကြီးလျှောက်ပြန်သည်ကား။ အရှင်မင်းမြတ်သူယုတ်တို့ အင်္ဂါလက္ခဏာကိုကျမ်းဂန်လာသည်မှာလည်း။

အလသောစပမာဒေါစ၊အနုဋ္ဌဒေါစသံသယော။
နိဒ္ဒါတန္ဒိစကောဆိဒ္ဓေ၊သဗ္ဗသောနံဝိယောဇယေ။ ။

ထိုသို့သူတော်ကောင်းအမှာရှိပါသည်။ဝေးစွာသာရှောင်ရပါမည်။ အပြစ်မပြုအပ်ပါလျှောက်လေသော်၊ ပျော်ရာသာနေလေတော့ အမိန့်တော် ရှိ၍။ စားသုံးရန် အသပြာ–၁၀၀–ပေးတော်မူပြီးလျှင်ပြည်ကနှင်ထုတ်လိုက်လေသည်။ တုရင်မဏိသူကိုမူကား ကိုလုပ်တော်မောင်းမသဇင်ညိုကိုထုတ်၍ ထိမ်းမြားတော်မူပြီးလျှင်။ ဥသလင်ချောင်းစားပေးတော်မူပြီး၍ အမတ်အရာနှင့်ထားတော်မူလေသည်။ အခါတပါး၌ တုရင်မဏိသူဥသလင်သို့ထွက်လေရာ။မြို့တို့အရပ်၌ ထူးဆန်းသောသင်းဘောပင်ကြီးတပင်ကိုတွေ့လေမူ။ထိုအပင်နှင့်တကွအသီးများကိုခြွေချ၍ ပဒေသာပင်ရခဲ့သည်ဟုလက်ဆောင်ယူခဲ့ရာ။ ပြည့်ရှင်မင်းကြီးက အသုံးကင်းစားငလုံးတင်ကိုစေလွှတ်တော်မူ၍ ကြို့စေရာ။ရသကင်းဆိပ်[၂] တွင် ငလုံးတင်နှင့်တွေ့လေမူ။ ငလုံးတင်ရှေ့တွင် သဘော်သီးမှည့် တလုံးကြွေ၍ကျသည်ကို မြင်လတ်သော်ကင်းစားငလုံးတင် ဆိုသည်ကား။ ပေါက်ကန်ပြည်သား စကားမတည်မျက်လှည့်သည်သို့ရှေးသူဟောင်းတို့ဆိုခဲ့သောပြောင်းပြာစာတွင်သာကြားရသည်။ ယခုမှာကိုယ်တွေ့ပင်မြင်ပြန်ရသည်။ သို့ဆိုပြီးမှုထိုသဘော်သီးအကြွေကိုယူခဲ့၍ပြန်လေသည်။ ကင်း

---

၁–မင်းပြကောင်း-ပုံ။ ၂-ရလာကင်းဆိပ်-ပုံ။

စားငလုံးတင်ရောက်ကြောင်းကို အမတ်ကြီးသိလျှင်။ ငလုံးတင်သည် ဈေးထုံးတမ်းကို ကျွမ်းသူမဟုတ်။ ကောင်းကျိုးမကောင်းကျိုးကိုလည်းမသိသူဖြစ်သည်။မင်းရှေ့တော်သို့မဝင်မှီခေါ်စေ၍ရောက်လတ်သော်။ ငလုံးတင်မြင်ခဲ့သောအတိုင်းအမတ်ကြီးသို့ပြန်ဆိုလေမူ။ အမတ်ကြီးဆိုသည်ကား။ တိုင်းရေးပြည်ရေးမှုမဟုတ်။မင်းဂုဏ်သာဖြစ်သည်။မင်းထံမလျှော်သင့်။သွား၍ကြိုမြီးသာခန့်တော်မူရင်းအတိုင်းကြိုဆိုချေအမတ်ကြီးဆိုသောစကားကိုငလုံးတင်မနာမယူ။မင်းထံဝင်၍ထိုသဘော်သီးကိုဆက်လေရာ။ပြည့်ရှင်မင်းကြီးအမိန့်တော်ရှိသည်ကား။ ငလုံးတင်။ နင့်ကိုအကြိုသာလွှတ်သည်။ ထိုအပင်အသီးကို အယူလွှတ်သည်မဟုတ်။ မင်းအာဏာကို လွန်၍ ကျင့်သူဖြစ်သည်။ထိုသို့အမိန့်တော်ရှိ၍ငလုံးတင်ကိုမာန်အောင်ကျွန်းသို့ပို့လေသည်။ဥသလင်စားဆက်သော သဘော်ပင်ကိုမူကား နန်းဦးမြေတလင်းတွင်စိုက်ပြီးမူ။ရွှေဥဒေါင်းခြံ [၁] ကာလျက် ထားတော်မူရာ။ ပြည်သူအပေါင်းတို့ပူဇော်၍ မင်းဖလောင်းလက်ထက် နန်းဦးတွင် ရွှေပဒေသာပေါက်သည်ဟူ၍ရာဇဝင်တွင်ထွက်လေသည်။ ။

တရံသောအခါ၌မူလည်း ပြည့်ရှင်မင်းကြီးက ထီးငါးစင်းကိုမေးတော်မူလေရာအမတ်ကြီးမဟာပညာကျော် လျှောက်ထုံးသော်ကား။ အရှင်မင်းမြတ်။ ရှေးပညာရှိတို့ ထားခဲ့သော စာပေါင်းမှုကား။ မင်းတို့၌ထီးငါးစင်းသည် မင်းစံတော်မူသောသလွန်ထက် ဖွင့်လျက် အမြဲ စိုက်ထားသော ထီး၌ ရတနာ ၇ –ပါးသာ စီချယ်ရာသည်။ထိုထီးကိုမူကားကြငှန်းထီးဖြူ ဟူသည်။တနှစ်တကြိမ်သဘင်ခံရာဖွင့်ဆောင်းသောထီး၌နဝရတ်ကိုးပါးစီချယ်ရာသည်။ ထိုထီးသော်ကား ဥရုထီးဖြူ ဟူသည်။ထွက်ဝင်မပြတ်ဆောင်းသော ထီးဖြူကား ရွှေရိုးငွေထွတ် [၂] နှင့်တမွတ်ထီးဖြူဟူသည်။ တတိုင်းတပြည်က သံကြီး တမန်ကြီးရောက်လတ်သော်ဆောင်းသောထီးဖြူမူကား အရိုးအထွတ် ရွှေ

---

၁-ရွှေဒေါင်းပျံ-ပုံ။ ၂-ရွှေထွတ်-ပုံ။

ချယ်ရာသည်။ အရွက်တို့၌ ရတနာကိုးပါး စီချယ်၍ ထိုထီးကို သော်ကားကနက္ကဒန်ထီးဖြူဟူသည်။ ဆင်ယည်မြင်းယည်တို့၌ ဆောင်းသောထီးဖြူကိုမူကားအမျိုးအထွတ်ရွေချယ်ရာသည်။ထို ထီးဖြူကိုမူကားသမ္မုတိထီးဖြူဟူသည်။ယင်းသို့သောထီးဖြူငါး စင်းကိုသာရှေးထုံးစံရှိပါသည်။ ။မင်းကောင်းမင်းမြတ်ဘုရား လောင်းတို့ တတ်ရသော အကြောင်း ကျမ်းဂန် လာသည်မှာ လည်း။

သုတိသမ္မုတိသင်္ချာစ၊ ယောဂါနီတိဝိသေသကာ။
ဂန္ဓဗ္ဗါဂဏိကာစေဝ၊ ဓနုဗေဒါစပေါရာဏာ။ ။
တိကိစ္ဆာ ဣတိဟာသဉ္စ၊ ဇောတိမာယာစဆန္ဒတိ။
ကေတုမန္တာစသဒ္ဒါစ၊ သိပ္ပါဋ္ဌာရသကာဣမေ။ * ။

ထိုသို့ကျမ်းလာရှိပါသည်။ ။မင်းမြှောက်တန်ဆာငါးပါး ကိုကျမ်းလာသည်ကား။

ခဂ္ဂေါဆတ္တဉ္စဥဏှိသံ၊ ပါဒုကာဝါဠဗီဇနီ။
ဣမေကကုဓဘဏ္ဍာနိ၊ ဘဝန္တိပဉ္စရာဇုနံ။ * ။

ယင်းသို့အရ အနက်မူကား။ သန်လျက်လည်းတပါး၊ ထီးဖြူ လည်းတပါး။သင်းကျစ်လည်းတပါး။ခြေနင်းလည်းတပါး။ သား မြီးရပ်လည်း တပါး။ ။ပဉ္စတူရိယာငါးပါးဟူသည်ကား။

အာတတံဝိတတဉ္စေဝ၊ အာတတဝိတတံဃနံ။
သုသိရဉ္စေဝတူရိယံ၊ ပဉ္စင်္ဂိကမုဒီရိတံ။ * ။

ဟူ၍ကျမ်းပြသည်။အဓိပ္ပါယ်ကား။ တဖက်ပိတ်သောစည်။ နှစ်ဖက်ပိတ်သောစည်။ အလုံးစုံပိတ်သောစည်။ တခဲနက်အသံ ရှိသောစည်။ အခေါင်းရှိသောစည်။ ။တခဲနက်သော အသံ မှာ မောင်းကြေးနင်း လင်းကွင်းကြေးစည်။ အခေါင်းရှိသော်ကား ခုံမင်း။ခရုသင်း။နှဲ။ပြွေ။ခရာ။ တံပိုး ဟူရာသည်။ ။ဘုရားလောင်း တို့ဖြည့်သောပါရမီဆယ်ပါးကျမ်းဂန်လာသည့်မှုလည်း။

---

*လောကနီတိ။ *ပါဠိအဘိဓါန်။ *ပါဠိအဘိဓာန်။

ဒါနံသီလဥ္စ နိက္ခမံ၊ ပညာဝီရိယာပဥ္စမံ။
ခန္တိသစ္စာအဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိမေဒသ။ ။

ယင်းသို့ကျမ်းဂန်နှင့်လျှောက်သော် ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူလေသည်။ ။

တရံသောအခါ၌ သားတော် အထွေး စောနှင်ခင် [1] ကို ကျေးစား မဂဓရာဇ်မြို့ ကတူ။ဟာယ်။ မြို့တို့နေသည့်အရပ်ကို ပေးတော်မူ၍။သားတော်ကိုအထိန်းအအုပ်အကြီးအတွင်းသင်း မှူးချစ်သူကိုခန့်တော်မူမည်ရှိရာ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးမှုကား။အရှင်မင်းမြတ်။ရှေးသောအခါသီလသမာဓိ ရှိသောရဟန်းတဦးသည်နိဂုံးရွာတခုသို့ ရောက်လေ၍ထိုရွာသူ တို့သည်လည်း မိမိတို့စရိုက် မိရိုးဘလာ ကိုးကွယ်လေ့ရှိသော အလဇ္ဇီရဟန်းတို့နှင့်သဘာဝ ပြုလျက်လှူဒါန်းများစွာ ရှည်ကြာ သဖြင့်ရှိ၍။ ထိုရဟန်းကမူလည်းထိုရွာနေတို့အား မသမ္မာသော အကျင့်အယူအသိတရားကိုကြည်ညိုချေကာသသ်ရာရှည်လျက် အပါယ်၌သာလူးလာဒုက္ခဖြစ်ရာသည်။ ယင်းသို့သောစကားကို ဟောပြောလေသော်။ ရွာသူတို့မနှစ်လိုရှိလက်မူ။ ထိုရဟန်းမြတ် အားတစုံတယောက်သောသူမျှ ရောက်ပေါက်လှူဒါန်းခြင်းမရှိလေ ရာ။ ထိုသူယုတ်တို့နေသောအရပ်မှ ထိုရဟန်း ခွါစွန့်သွားသင့် လျက်။ထိုရဟန်းသည်တရားကိုမစောင့်။အသေဝနာစဗာလာနံ။ သူယုတ်တို့နှင့်ပေါင်းဘက်လေလျှင်သီလသမာဓိရှိသောရဟန်း မှတုံလည်း ထိုသူတို့နှင့် သဘာဝပြုမိလေခြင်းကြောင့် မောဟ ဖုံးလွှမ်းပြန်လေရာ အပါယ်သို့ လားရလေကြောင်းထုံးဟောင်း ကျမ်းဂန်လာပါသည်။ တကြောင်းတုံလည်းအရိန္ဒမ [2] ပြည့်ရှင် မင်းနှင့်သင်္ဂဟပြည့်ရှင်မင်းနှစ်ဦးသည်ချစ်ကျွမ်းမိတ်ဆွေဝင်ကြ လေ၍သင်္ဂဟပြည့်ရှင်ဥယည်တွင်သရက်ချိုပင်ရှိသည်နှင့်။ ထို သရက်ချိုသီးကို အရိန္ဒမမင်းနှင့်အတူ ဥပုသ်စောင့်ကြသည့်အခ

၁-စောနှောင်ခင်=ပုံ။ ၂=အရိန္ဒ-ပုံ။

တွင်းတွင်စားကြလေသော်။ အလွန်ချိုလှသောကြောင့် အရှိန္ဒမ ပြည့်ရှင်မင်းကမျိုးစေ့ပေးပါတောင်းလတ်မူ။သင်္ဂဟာပြည့်ရှင်မင်း သဝင်တို့လျက်မျိုးစေ့မပေးနေလေရာ။ အရိန္ဒမပြည့်ရှင်မင်းကအအ ရေး၌လိမ္မာသော မင်းစေတယောက်ကိုလွှတ်လိုက်၍။ထိုသရက် ချိုပင်ကိုအရသာပျက်အောင်ဖျက်ခဲ့ရမည် မှာတော်မူသည်နှင့် ထိုယောက်ျားသည်သင်္ဂဟာပြည်သို့ရောက်လေသော်။ထိုသရက် ချိုပင်ရှိသောဥယည်မှူးထံ အစေခံဝင်၍ နေလေသည်။ ထိုသူမှ လည်းထိုဥယည်၌ရှိနှင့်သောသူတို့ထက် သစ်ပင်အစိုက်အပျိုး တို့ကိုနားလည်သည်တို့ကို မြင်လတ်သော်။ ဥယည်မှူးကထိုသူ အားဥယည်တော်တွင် အပင်ရှိသည်များကိုကြည့်ရှုစိုက်ပျိုးစေ ရာ။ထိုသရက်ချိုပင်ကိုလှည့်၍ခါးတတ်သောအပင်တို့ကိုလည်း ကောင်း။ ချည်တတ်သောအပင်တို့ကို လည်းကောင်း။ ဖန်တတ် သော အပင်တို့ကို လည်းကောင်း။ စပ်တတ်သော အပင်တို့ကို လည်းကောင်းစိုက်ပျိုးလေ၍။မဲ့ဒါးရေကိုသာထိုသရက်ချိုပင်၌ လောင်းလေသည်။ ထိုသရက်ချိုပင် သီးချိန်ရောက်လတ်၍ သီး သောအခါ ရှေးနှင့်မတူ ချိုချည်စပ်ဖန်ရှိလေသည့်ကာလမှထို ယောက်ျား ထွက်သွားလေ၍ မိမိအရှင်မင်းထံ လျှောက်လေ ကြောင်း။ နတ်မင်းစားသောအဏ္ဍ ရသရက်းသီးကဲ့သို့ချိုသော အရသာရှိသော သရက်ပင်မှတုံလည်း သူမကောင်းဖျက်လျှင် ပျက်စီးကြောင်း ဇာတ်နိပါတ် သက်သေ ထွက်ပါသည်။ သင်း တော်မှူး ချစ်သူ အုပ်ထိန်းခဲ့သောသူတို့သည်လည်း အမှုထမ်း ကိုယ်တော်ရံ သင်းတော်သား လူကြမ်းရဖြစ်၍ သင်းမှူးချစ်သူမှ လည်းကြမ်းတန်းခက်ထန်သောအလေ့နှင့်သာ ရှိသူဖြစ်ပါသည်။ သားတော်ကို ချစ်သူသို့အပ်၍ ထိန်းစေသော် သားတော်လည်း ကြမ်းတန်းခက်ထန်သောသဘောရှိပါမည်။ သို့ရာတွင်ရှေးပညာ ရှိသူဟောင်းတို့စကား၌ သူတော်ကောင်းသား ယည့်ပါးသည်။ သူယုတ်သားကား ရမ်းကားသည်။ ယင်းသို့စကားကိုထောက် သော်အရှင်မင်းဧကရာဇ်သားတော်သွီးတော်တို့သည် သူနှပ်ကဲ့

သို့မဟုတ်ချေရာ။ သိမ်မွေ့ယည်ကျေးမှုသာ ကြက်သရေထွန်း၍ အရှည်ပညာရှိ အချီးအမွမ်းကို ခံရပါမည်။ ထိုသို့အမတ်ကြီး လျှောက်လေသော်ပြည့်ရှင်မင်းကြီးလည်းကြိုက်တော်မူ၍ သင်းမှူးချစ်သူကို အထိန်းအအုပ် မခန့်မထား။ လေးမြို့စား[1] ကိုအပ်တော်မူလေသည်။ထိုလေးမြို့စားအမတ်မှုကားစိန္တာကဝိမြောက်သောအမတ်မျိုးဖြစ်ခြင်းကြောင့်။ သားတော်သည်လည်းပညာရှိနည်းနာခံရလေသည့်သတ္တိကြောင့် သက်တော်ခုနစ်နှစ်အရွယ်ကပင် သိမ်မွေ့သောနှလုံးစွဲးလျက်။ သဒ္ဒါသီလစသောသူတော်ကောင်း ဥစ္စာခုနစ်ပါးနှင့် ပြည့်စုံစွာ။ ပဉ္စသီတရားငါးပါးကိုမြဲစွာဆောက်တည်တော်မူလေသည်။ ။

တရံသောအခါ၌ ပြည့်ရှင်မင်းကြီး မေးတော်မူသည်ကား။ မနုဿာနံ၊ လူတို့သည်။ မရဏံ၊သေခြင်းသို့ရောက်သောအခါ။ မချွတ်မလွဲ။ ငရဲရောက်အပ်သောသူမှုကား။ အဘယ်ကံထိုက်သောသူသည်ရောက်အံ့နည်းမေးတော်မူလေသော်။ အမတ်ကြီးမဟာပညာကျော်လျှောက်ထုံးမှုကား။ အရှင်မင်းမြတ်။ အရိယသစ္စံ၊ အရိယာစသောဘုရားမြတ်စွာ သာသနာ တော်မြတ်ကိုရွက်ဆောင်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပုနပ္ပုနံ၊ဖေါက်ပြန်လတ်၍။ယော၊အကြင်ရဟန်းသည်။ အလဇ္ဇီနော၊ အလဇ္ဇီအကျင့်ကိုကျင့်လျက်။ မရဏံ၊သေခြင်းသို့။ ဘဝေ၊ရောက်လေအံ့။ယော၊အကြင်ရဟန်းသည်။အနိဋ္ဌစာဂံ၊ဆောင်ယူသောမောဟတရားကိုမှီလေရာ။နိရယေ၊ငရဲသို့။ ဥပ္ပဇ္ဇတိ၊ရောက်လေရာ၏။ ယထာ၊အကြင်ပြည်တိုင်းကားကို အစိုးရသော။ရာဇာ၊မင်းသည်လည်း။ဒသပါရမီသစ္စံ၊မင်းတို့သစ္စာဆယ်ပါးသောအကျင့်ကို။ ပုနပ္ပုနံ၊ဖေါက်ပြန်လတ်၍။ မိစ္ဆာဇီဝံ၊ သူယုတ်တို့အလေ့ကိုပြုကျင့်ရောနှော၍။မရဏံ၊သေခြင်းသို့။ ဘဝေ၊ရောက်အံ့။ ယော၊အကြင်မင်းသည်။ အနိဋ္ဌစာဂံ၊ဆောင်ယူသော မောဟတရားမှီသဖြင့်။ နိရယေ၊ ငရဲသို့။ဌိတော၀၊ မချွတ်လျှင်။ဥပ္ပဇ္ဇ

---

[1] ၁—၄မြို့စား—ပုံ။

တိ၊ရောက်ရလေ၏။ ရဋ္ဌ၊တိုင်းပြည်ကို ဖျက်ဆီးတတ်သော သူသည်လည်းကောင်း။ မံသမစ္ဆော၊သားငါးစသောသတ္တဝါတို့ကို နှိပ်စက်သတ်ဘြစ် ပစ်ခတ်လေ့ရှိသော သူသည်လည်း ကောင်း။ မာတာပိတာစ၊ ပုတ္တဒါရသာ၊ ဉာတကာနဉ္စ၊ မိတ်ဆွေမျိုးလင်သားမယားစသောသူတို့အား သေစေမှုပြုတတ်သော သူသည်လည်းကောင်း။ဘုရားစသောအရိယာမြတ်တို့အား ပြစ်မှားသောသူသည်လည်းကောင်း။ ပါပံ၊ မကောင်းသော စရိုက်ကို။ ဇိဝိတိန္ဒြေတည်းဟူသော ရုပ်ကြာသမျှ ကာလပတ်လုံး။ ဃော၊တယောက်သော။ ပုရိသော သံဝါသော။ ပညာရှိနှင့် တွေ့သော်လည်း။ ယောနိသောမနသိကာရော။ ထိုပညာရှိသူတော်ကောင်းတို့၏စကားကို မနှာမယူမှုလျှက်။ မရဏံ၊ သေခြင်းသို့။ ဘဝေ၊ရောက်ရာလေအံ့။တထာ၊ လာခြင်းသွားခြင်း။ အမတံ၊ပြန်ခြင်းမကောင်းသော။ မနုဿ ဆပကာံ၊ အလွန် ယုတ်မာလှသော ထိုခြောက်ယောက်သောသူတို့သည်။ စတုပါယေ၊ လေးပါးသော။ ဟိန္နအနိဋ္ဌံ၊ သူမတော်တို့ နေရပ်ဖြစ်သော အပါယ်လေးဘုံသို့ ရောက်လေရာသည်။ ယင်းသို့ အမတ်ကြီး လျှောက်လေသော်။ ပြည့်ရှင်မင်းလည်း အလွန်ကြိုက်တော်မူလေသည်။ ။

တရံသောအခါ မင်းတို့တင့်အပ်သော ဘုန်းကြက်သရေကို မေးတော်မူလေရာ အမတ်ကြီး လျှောက်ထုံးမှုကား။ အရှင်မင်းမြတ်။ မင်းတို့အား တင့်အပ်သော ခြောက်ပါးသောဘုန်းမှုကား။ ဣဿရိယဟူသောအစိုးရခြင်း။ ယသဟူသော အခြံအရံများခြင်း၊ဓမ္မဟူသောပညာကြီးကျယ်ထိုးထွင်း၍သိတတ်ခြင်း။ သိရိဟူသော အသွားအနေ အစားအပြောအဆိုအဓိပ်အဝတ် အနေအထိုင်တင့်တယ်ခြင်း။ ကာမဟူသောခပ်သိမ်းသောအမှုကို အလိုတော်ရှိလျှင်ပြည့်စုံခြင်း။ ပယတ္တဟူသော ကောင်းသောလုံ့လနှင့်ပြည့်စုံခြင်း။ ။ပြည့်ရှင် မင်းကြီးတို့၌စက္ခု ငါးပါးဟူသည်ကား။ မံသစက္ခု။ပညာစက္ခု။ ဓမ္မစက္ခု။ ဒိဗ္ဗစက္ခု။ဗုဒ္ဓစက္ခု။ ထိုငါးပါး၌မံသစက္ခုဟူမှုကားမိမိ၌ရှိမြဲစက္ခု။ ပညာစက္ခုဟူ

မူကား။ မှူးမတ်ပြည်သူတို့ထက် ပညာကြီးကျယ် သိမြင်သောစက္ခု။ ဓမ္မစက္ခုဟူမူကား တရားကိုထိုးထွင်း၍ သိမြင်နိုင်တတ်သောစက္ခု။ ဒိဗ္ဗစက္ခုဟူမူကား အမှုကြီးငယ်ရောက်လှာ၍ ဆိုခွင့်ရှိလတ်မှုမမှားစေရ။ ထိုအမှုသရောကို မြင်တတ်သောစက္ခု။ ဗုဒ္ဓစက္ခုဟူသည်ကားရတနာသုံးပါးကိုကြည်ညို၍မြတ်စွာဘုရားကျေးဇူးတော်ကို သိမြင်သောစက္ခု။ ဤသို့စက္ခုငါးပါးစုံသောမင်းတို့မှာအပါယ်သို့မလားနိုင်ရာ။ ။ထိုမှတုံလည်းအရိယာဝံသဓမ္မလေးပါးမူကား။ ။စီဝရသန္တောသ၊ သင်္ကန်းနှိုက်ရောင့်ရဲ လွယ်ခြင်း။ ပိဏ္ဍပါတသန္တောသ၊ ဆွမ်းနှိုက်ရောင့်ရဲလွယ်ခြင်း။ သေနာသနသန္တောသ၊ နေရာကျောင်းအိပ်ရာတို့နှိုက်ရောင့်ရဲလွယ်ခြင်း။ ဘာဝနာရာမတာ ဟူရာနှိုက် ကမ္မဋ္ဌာန်းစီးဖြန်းရာ၌မွေ့လျော်ခြင်း။ ယင်းသို့ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောပုဂ္ဂိုလ်အားလည်းတရားစကားကိုပြည့်ရှင်မင်းသည်ဆည်းကပ်၍နာအပ်ကြားအပ်ပါသည်။ ။ထိုမှတုံလည်းမြွေလေးစင်းသော်ကား။ကဏှမုခမြွေ။ပူတိမုခမြွေ။အဂ္ဂိမုခမြွေ။သတ္ထမုခမြွေ။ထိုမြွေတို့နှင့်တူသော မဟာဘုတ်လေးပါး။ ပထဝီမဟာဘုတ်နှင့် ကဏှမုခမြွေတူ၏။ အာပေါမဟာဘုတ်နှင့်ပူတိမုခမြွေတူ၏။တေဇောမဟာဘုတ်နှင့်အဂ္ဂိမုခမြွေတူ၏။ဝါယောမဟာဘုတ်နှင့်သတ္ထမုခမြွေတူ၏။ ယင်းသို့မြွေလေးစင်းတို့ကိုလည်း ရေမြေသနင်းမင်းတို့နိုင်နင်းအပ်ပါသည်။ ။ကျမ်းဂန်၌လည်းဘုရားမြတ်စွာသည်ဆွမ်းစားအပ်ကြောင်း အရာကို လာသည်မူကား။ ဗုဒ္ဓေါနာမပစ္စန္တဇနပဒေသု အရုဏံနဥဋ္ဌာပေတိ။ သို့ကျမ်းဂန်လာရှိသောအကြောင်းမူကား။ မြတ်စွာဘုရားသည် ပစ္စန္တရာဇ်အရပ်၌ အရုဏ်ခံတော်မမူကြောင်းကို သိရာသည်။ ရေမြေပိုင်မင်းမူလည်းတင့်အပ်သောအရပ်တွင်သာစားသုံးရာသည်။ ပြည့်ရှင်မင်း၌အံ့ခြင်းရှစ်ပါး။ မဟာသမုဒ္ဒရာမူလည်းအံ့ခြင်းရှစ်ပါး။ မဟာသမုဒ္ဒရာကဲ့သို့ မင်းတို့တူရာသည်။ သမုဒ္ဒရာ၌လှိုင်းတံပိုးမကင်းခြင်း။ ကမ်းသို့ ရေမလွန်ခြင်း။ အပုတ်အနံ့အမှိုက်တို့ကို ကမ်းသို့တင်

ခြင်း။မြစ်ကြီးငါးစင်းစသောမြစ်ငယ်ချောင်းငယ်တို့သည် ပြည့်အောင်ရေဝင်စေခြင်း။ ကြည်လင်စွာရှိခြင်း။ ရတနာများခြင်း။ နတ်တို့ပျော်မွေ့ရာရှိခြင်း။ကြီးစွာသောငါးရှိခြင်း။ ယင်းသို့နည်းပင်မင်းတို့၌အံ့ဘွယ်ရှစ်ပါးမှုလည်း။ပညာထိုးထွင်း ကြီးကျယ်သည်ကိုအံ့ခြင်း။ တတိုင်းတပြည်တို့နှင့် မိတ်ဆွေဝင်သည်ကိုအံ့ခြင်း။လောကီလောကုတ္တရာ ထိုနှစ်ဖြာသော အမှုကျမ်းဂန်စသောနေသွားလသွားနက္ခတ်တာရာ။ဆေးဘိန္နော။ ထုံးဟောင်းနည်းနာ တတ်လိမ္မာသည်ကို အံ့ခြင်း။ ပညာရှိမှူးကောင်း မတ်ကောင်းရှိသည်ကိုအံ့ခြင်း။ဆင်ကောင်းမြင်းကောင်း ပေါများ၍သူရဲးသူခက်လက်နက်စုံသည်ကို အံ့ခြင်း။ ပြည်သူတို့၌ အခွန်ဘဏ္ဍာခံရာတည့်မတ်သည်ကိုအံ့ခြင်း။ပြည့်ရှင်မင်း၏ကြက်သရေကိုထွန်းစေသောအင်္ဂါငါးပါးစုံစွာ။ ရှစ်ပါးသော ကျေးဇူးရှိသော [1] မိဘုရားမင်းသားမင်းသ္မီးများသည်ကို အံ့ခြင်း။ အဝေးအနီးဟူ၍ဂတိမလိုက်ဖြောင့်မတ်တည်ကြည်သည်ကို အံ့ခြင်း။ ဤရှစ်ပါး တို့သည်။ မင်းကောင်း မင်းမြတ်တို့၏ ကြက်သရေယင်းသို့ စုံရာသည်လျှောက်လေသည်။ ။ထိုမှတပါးမှုလည်းလူတို့သာဓိကဖြစ်သောမင်း မတောင့်တအပ်သည်သုံးပါး။ရှေးပညာရှိဆိုခဲ့သောအရာနှိက် တတိုင်းတပြည်ကို အဓမ္မပြု၍ယူလိုခြင်း၎ါမတောင့်တအပ်။မေထုန်အကြိမ်များစွာ ဖြစ်စေလိုဝ်မှုမတောင့်တအပ်။သတ္တဝါတို့အသားကိုသတ်ညှစ်ညှဉ်းပန်း၍စားလိုမှု မတောင့်တအပ်။ ။မသုံးအပ်သောသူ ရှစ်ယောက်ဟူသော်ကား။အမိဝမ်းထဲကအင်္ဂါမစုံသောသူအားလည်းမင်းမသုမ်းအပ်။အနူဆယ်ပါးဝင် ရောဂါရှိသူအားလည်း မင်းမသုံးအပ်။ယောင်ယမ်းလန့်ဖျပ် ကြောက်တတ်သော သူအားလည်းမင်းမသုံးအပ်။ပျက်ချော်သွပ်သွမ်းဟော့ရမ်း စကားပြောတတ်သောသူအားလည်းမင်းမသုံးအပ်။အရွယ်လွန်၍ထိုင်းမှိုင်းသောသူအားလည်း မင်းမသုံးအပ်။ ကျိုးပြစ်မသိ ငယ်သောသူအား

၁—ပြည့်ရှင်မင်း၏ကြက်သရေကိုထွန်းစေသောအင်္ဂါကျိုးဖြစ်သိသော—ပုံ။

လည်း မင်းမသုံးအပ်။ယစ်မျိုးကို ကြိုက်တတ်သော သူအား လည်းမင်းမသုံးအပ်၊သူ့မယားကို ပြစ်မှားတတ်သော သူအား လည်းမင်းမသုံးအပ်။ ယင်းသို့သော သူရှစ်ယောက်ကို သုံးချေ သော် မင်းတန်းစိုးနည်းရာသည်။ ။မင်းတို့မတိုင်ပင်ရာသော သူငါးယောက် * သော်ကား။အရွယ်လွန်၍ထိုင်းမှိုင်းသောသူကို လည်းမင်းမတိုင်ပင်အပ်။သဘင်သည်ကိုလည်းမတိုင်ပင်အပ်။ ဟော့ရမ်းသွမ်းသွပ် ပြောတတ်သော သူကိုလည်း မတိုင်ပင် အပ်။ယစ်မျိုးကိုကြိုက်တတ်သောသေသောက်ကြူးကိုလည်းမ တိုင်ပင်အပ်။ အပြစ်ကိုမသိသော သူမိုက်ကိုလည်း မတိုင်ပင် အပ်။ ။မင်းခွင့်မပေးအပ်သောသူကိုးယောက်ဟူသော်ကား။ ရသေ့ရဟန်းကိုလည်းမင်းခွင့်မပေးအပ်။ပုဏ္ဏားကိုလည်း မင်း ခွင့်မပေးအပ်။ အရူးကိုလည်းမင်းခွင့်မပေးအပ်။မိန်းမကိုလည်း မင်းခွင့်မပေးအပ်။သူငယ်ကိုလည်း မင်းခွင့်မပေးအပ်။ ရတနာ သုံးပါးကိုအမှန်းမသိသောသူအားလည်းမင်းခွင့်မပေးအပ်။သေ သောက်ကြူးအားလည်းမင်းခွင့် မပေးအပ်။ သူမိုက်အားလည်း မင်းခွင့်မပေးအပ်။အရွယ်လွန်၍ထိုင်းမှိုင်းသော သူအားလည်း မင်းခွင့်မပေးအပ်။ ။ယင်းသို့ အကြောင်း ရှေးသူဟောင်းတို့ ပညတ်ထားခဲ့သောအရကျမ်းဂန်၌လည်း။

မဟာကမ္မံ ချန္ဒကမ္မံဝါ၊ယံကမ္မံကာတုမိစ္ဆတိ၊
သမာရမ္ဘေနကာတဗ္ဗံ၊ သီဟာရာဇာတဒါဘဝေ။ ။

ထိုသို့ ဆိုရာသော အဓိပ္ပါယ်၌။ ။မဟာကမ္မံဝါ၊ ကြီး သောလုံ့လကိုလည်းကောင်း။ ချန္ဒကမ္မံဝါ၊ ငယ်သောလုံ့လကို လည်းကောင်း။ယံကမ္မံဝါ၊ အကြင်အမှုတို့သည်။ ကာတုံ၊ ပြု သောအကြောင်းဖြင့်။ဣစ္ဆတိ၊ဆင်ခြင်ထောက်ရှုလျက်။တံကမ္မံ၊ ထိုအမှုတို့သည်။သမ္မာရမ္ဘေန၊ဉာဏ်ပညာဖြင့်။ ကာတဗ္ဗံ၊ ဆင် ခြင်လျက်။သီဟာရာဇာ၊ခြင်္သေ့မင်းနှင့်တူစွာ။သမာရမ္ဘေန၊တည် ကြည်သောရဲတင်းခြင်း ရှိရာ၏။ မဟာရာဇာ၊ မြတ်သောမင်း

* အရေးတော်ပုံ၌လေးယောက်သာလာရှိ၏။သဘင်သည်မပါ။

ကြီးအား။ဂုဏ်ရှစ်ပါးစုံကိုအမတ်ကြီးလျှောက်လေသော်။ ပြည့်
ရှင်မင်းကြီးမှုလည်းမြင့်မြတ်တော်မူသော ဉာဏ်တော်စွဲးရင်းရှိ
သောကြောင့်။ ပဏ္ဏမြားကျောက်မြတ်သည် အခံကောင်း၌တင်
ထားရာဝင်းဝင်းတောက်ပြောင်အရောင်ထင်ဘိသကဲ့သို့လည်း
ကောင်း။တိမ်ပုတ်၊တိမ်မည်း၊ တိမ်ပြာတို့ကို။ဥတ္တရေ၊ မြောက်
အရပ်ကလာသော။ ဝါယောလေခတ်သဖြင့် ထိုအညစ်အပုတ်
သန့်စင်စွာရှိလတ်ရာ၌။ သူရိယော၊ နေအရောင်ထွန်းလင်းသကဲ့
သို့လည်းကောင်း။စန္ဒရကာံ၊ဖန်မှန်စသည့်တို့၌။ သူရိယေ၊နေအ
ရောင်ခိုက်လတ်သော်။ ထိန်ထိန်လက်လက် ပြိုးပြိုးပြက် ထွက်
သောအလျှံအရောင်ပမာ။ ပြည့်ရှင်မင်းမြတ် ဉာဏ်ပညာတော်
သည်လည်း တချက်တည်းအလုံးစုံကိုသိတော်မူလေ၍။အမတ်
ကြီးလျှောက်သောစကားတို့ကိုအလွန်ကြိုက်တော်မူလျက် အ
မတ်ကြီးသို့ရွှေခေါင်ကြိမ် - ၂ - စင်း။မင်းစီးရထား၌စိုက်သော
တံခွန်။ဆင်ပေါက်တန်ဆာတို့ကိုဆုပေးတော်မူလေသည်။ ။

တရံသောအခါ၌ ပကိုးမင်းကျော်ထင်နေ်ရထာကစကား
တောင်စားကိုသံစေ၍သွင်းတော်မြတ်ပေါင်းစို [1] နှင့်။ ပကိုးမင်း
သားမင်းသစ္စာကို ပေးမြားမည့်အကြောင်း စေဆိုရောက်လှာ
ရာ။ယင်းသောအခါ ပြည့်ရှင်မင်းက အမတ်ကြီး မဟာပညာ
ကျော်ကိုမေးတော်မူလေသော်။အမတ်ကြီး လျှောက်ထုံးမှုကား။
အရှင်မင်းမြတ်။ပကိုးမင်းကျော်ထင်နေ်ရထာ အနွယ်အဆက်
သည့်မူလအစသော်၊အရပ် [2] ၌ရှိသောတောင်သူကြီး ပုလဲပ
[3] ဆိုသူသားနှစ်ယောက်ရှိသည်။ထိုညီနောင် သဝန်ကြီးသဝန်
ငယ်တို့ကြက်ရိုးအရတောင်ငူမြို့ကိုတည်၍ဆင်းသက်စည်လာ
မင်းတရားရွှေထီးတိုင်။ ထိုအမျိုးအနွယ်သည် ပကိုးမင်းကျော်
ထင်နေ်ရထာဖြစ်ပါသည်။ သာကီဝံသ။ မဟာသမ္ဘဝ။ ရုဋ္ဌ
သမ္ဘဝ။သားတော်ဖြစ်သောသရေခေတ္တရာ ပြည့်ရှင် ဒွတ္တပေါင်

၁–မြတ်ရှင်စိုး–ပုံ။ ၂–မူလအစဆော်အရပ်–ပုံ။ ၃–ဖလဲဘ–ပုံ။

မင်းကြီးအနွယ်တော်မဟုတ်ပါ။ယင်းသို့ရာတွင်သာကီဝင်မင်းမျိုးမဟုတ်သော။ နိဇဂ်လ အမျိုးမင်းတို့သည် တရားမစောင့်။ ဝိလုပ္ပန္တော၊ လုယက်ဖျက်ဆီးကြမ်းတန်း ဆိုးသွမ်းကြောင်းကိုလည်းကျမ်းဂန်၌။ဒုအာရက္ခန္တော၊ဒုစရိုက်ဆယ်ပါး တရားကို မစောင့်သော သူတို့သည်။ ကုဒ္ဒါ၊ မစင်ဘင်ပုတ်၌။ သုကရော၊ ဝက်သည်မစက်ဆုပ်သကဲ့သို့။ပါပံ၊ မကောင်းမှုကို။ ဗာလော၊ သူမိုက်သည်။နပဿတိ၊မစက်ဆုပ်။သာက၊မိုးနိုက်။ ပါဝကာ၊ မိုးဖလံတို့သည် မကြောက်သကဲ့သို့။ ဗာလော၊ သူမိုက်သည်။ ပါပံ၊မကောင်းမှုကို။ နပဿတိ၊မကြောက်တတ်။ ထိုသို့ကျမ်းဂန်လာသည့်အတိုင်း။ သူမိုက်မာနသည်တံခွန်လွှားလျက် ရှိပါသည်။ ယခုအကြည်တော် ပကိုးမင်းတမန်စကားတောင်စားလည်းတရားအလွတ်စကားတတ်ဖြစ်ပါသည်။ ရှေးပညာရှိ အမှာကျမ်းဂန်လာရန်အောင်ရာသောအကြောင်းမှာလည်း။

ဇပ္ပေနမန္တေနသုဘာသိတေန၊
အနုပ္ပဒါနေနပဝေဏိယာဝါ။
ယထာယထာယတ္တလဘေထအတ္ထံ၊
တထာတထာတတ္ထပရက္ကမေယျ။ * ။

ထိုသို့ဆိုခဲ့ပြီးသော အဓိပ္ပါယ်သော်ကား။ အရှင်မင်းမြတ်။ ဇပ္ပေန၊မန္တန်ဆေးဝါးမန္တရားဖြင့် ရန်ကိုအောင်ခြင်း။ မန္တေန၊ ပညာရှိချင်းနှောမိ၍ရန်ကို အောင်ခြင်း။ သုဘာသိတေန၊ ချစ်ဘွယ်သောစကားကိုပြောဆို၍ရန်ကိုအောင်ခြင်း။ အနုပ္ပဒါနေန၊တံစိုးသပြာ ရွှေငွေလက်ဆောင် ပေး၍ ရန်ကိုအောင်ခြင်း။ ပဝေဏိယာဝါ၊အမျိုးအဆွေဆက်၍ရန်ကိုအောင်ခြင်း။ယထာ၊ အကြင်သို့သောအခြင်းအရာဖြင့်။ယတ္တ၊အကြင်အကြောင်းရှိရာ၌။အတ္ထံ၊မိမိအကျိုးစီးပွါးသူတပါးအကျိုးစီးပွါးကို။ လဘေထ၊ ရရာ၏။ တထာ၊ ထိုသို့သောအခြင်းအရာဖြင့်။ တတ္ထ၊ ထိုအ

* မည္ဖကနိပါတ်—တစသာရဇာတ်။

ကြောင်းရှိရာနှိုက်။အတ္တုံ၊မိမိအကျိုးစီးပွါးသူတပါးအကျိုးစီးပွါး
တို့ကို။ပရက္ကမေယျ၊လုံ့လပြုဆောင်ရာသည်။ထိုသို့ထုံးဟောင်း
ကျမ်းဂန်လာသည့်အတိုင်းတမန်ရောက်သော ရှေးအမှာနိဒါန်း
အလာနှိုက်လည်း။ ။ရာဇဝသတီ။အညီကျင့်းရုံး။နိဒါန်းကုံးပိမ့်။
ထုံးအစည်လာ။ပြည်အောင်ချာဝယ်။မဟာဓမ္မရာဇာ။ တက်သစ်
နေနှယ်။ဘုန်းတော်ကြွယ်၍။ အံ့ဘွယ်မကုံ။ သိမ်းပိုက်ခြုံသည်။
မိုလ်ပုံတိုင်းလုံးချစ်၏။ ။ဆန်းသစ်သောလပမာ။ ကြက်သရေ
မျိုး။ ပြည့်ရုံဖြိုဝ်းသည်။ တန်းခိုဝ်းမင်းအာဏာတည်း။ ။ပညာ
တော်မြေအထု။စုံစေ့မြောက်မြား။မှူးမတ်အားလည်း။ ရည်သွား
သိအောင်ပြုလော့။ ။လူမှုအလွှန်ခက်ခဲးစွာ။ပြည်သူကိုးစား။[၁]
ယွင်းမမှားအောင်။ ထားရမည်မေတ္တာလည်း။ ။ရှေးစည်လာ
မင်းတို့တမ်း။တတိုင်းတပြည်။အတည်တည်ကို။ လှည့်လည်သံ
စေခမ်းနှိုက်။ ။ထောက်လှမ်း မြော်ရှုသင့်အပ်ရာ။ သူကစေ
ပြန်။အတန်တန်သည်။ တမန်ရောက်တို့လာက။ ။အင်္ဂါမှုလ
လှု့အနေ။မင်းတို့ဓလေ့။ သိစုံစေ့မှ။ အတွေ့ခံသင့်လေ၏။ ။*
တထွေဆိုရာ။သဝန်စာမှု။မပါလှုချည်း။ ပည်းမှုသပြာ။ ထောင်
ထုပ်သာလျှင်။မင်းထံ့ဝင်၍။သင့်ချင်လိုကြောင်း။ အရေးတောင်း

---

၁—ပြည်သူကိုသား။—ပုံ။

*(စာပေမပါလှု၏ချည်း။များမြောင်ပဏ္ဏာ။မင်းကိုသာလျှင်။ဆက်ရာအ
နည်းနည်းနှင့်။ ။ကပ်ဆည်းလိုကြောင်း ဆိုပစေ၊ မင်းတို့ကျင့်ဝတ်၊ ယွင်းမ
ချွတ်က။ လာဘ်ခင့်သာ။သဝန်စာမှု။မပါမှန်တို့ချေက။ ။မင်းစေတမန်သင်းမ
ဟုတ်၊ နှုတ်ပရိယာယ်။အသွယ်သွယ်လျှင်။ ဥပါယ်ဉာဏ်ဝေဝုစ်နှင့်။ ။ သူ
ယုတ်မှန်းတည့်သိသောခါ။ထိုက်ရာပြစ်ထား။ဖြောင့်ပေးဌားမှု။ပြန်သွားစေတို့
ရာ၏။ ။တမန်အင်္ဂါစုံစေ့လှ။သဝန်လည်းပါ၊ဖြစ်ပေလာသော်၊ ပညာပဏ္ဏာ
တနှင့်။ ။နှိုင်းညှိယူဆမေးမြန်းစေ။ မင်းချစ်စုံမက်။မိတ်ဆွေဆက်သည်၊ ရန်
ဘက်ရန်အပြေဟု။ ။တမန်သုံးထွေရှိစရိုး။ ကောင်းကျိုးအမှန်။စေသည့်သန်မှူး
မင်းထံဝင်ထွက်။ စဉ်မပျက်အောင်။ နှုတ်ဆက်ပြုရမျိုးတည့်။ ။ရန်မျိုးရန်စ
ရောက်ပေလှာ။ငြိုစုအမျက်။ပြင်မထွက်ဘဲ။ ချစ်လျက်ကဲ့ပမာသို့။ ။ကောင်း
မွန်လှစွာကျွေးမွေးနည်း။ ။သူရဲးသူခက်။မိုလ်လက်နက်ကို။ ဝင်ထွက်သိစေ
ပြီးမှ။ ။နှစ်လည်း နေ့လ ရှည်မကြာ။ ။တာရှည် မညောင်း။ ပြန်သင့်
ကောင်းသည်၊ ။ထုံးဟောင်းမှန်ဘိဉာဏ်ကဝိ၊)—ပုံ။

သော်။မင်းကောင်းကျင့်ဝတ်။လာဘ်မငဲ့သာ။သဝန်စာတုံ။ မပါမှန်ချေ။မင်းစေမဟုတ်။ သူယုတ်ပရိယာယ်။ ဥပါယ်သဘော။ မနှောစေအပ်။သင့်ရပ်ထားပေ။ပြန်ပစေလော့။မင်းစေအမှန်။ မင်းသံအင်္ဂါ။သဝန်စာလည်း။ပါသည်အစုံ။ယင်းသို့ကြုံက။ လူ့မှုလကို။သိရစုံစိ။ပညာရှိနှင့်။နှိုင်းညှိစုံစေ။ ရှစ်ထွေအင်္ဂါ။ စုံစွာအရင်း။နှစ်မင်းချစ်ခင်။မိတ်ဝင်အလို။စေဆိုဝ်တချက်။ ရန်ဘက်ရန်ပြေ။သည်သုံးထွေသာ။သံလာစရိုး။ကောင်းကျိုးအမှန်။စေသည့်သံမှ။မင်းထံဝင်ထွက်။နှုတ်ဆက်အပ်ပေ။ ရန်နှင့်စေမူ။ ထိုသသူကို။ငြူစူမျက်မာန်။မလွှန်စေရာ။ ဝစ္စာပေးမြဲ။ သူ့ရဲ့လက်ငင်း။ထွက်ဝင်ဗိုလ်ခြေ။သိမြင်စေမှ။ သုဒ္ဒေသသို့။နှစ်လမရှည်။ သာကြည်မနှောင်း။ ပြန်စေကြောင်းသည်။ ။ထုံးဟောင်းမှတ်သိဥာဏ်ကဝိ။ ။

ယင်းသို့ပညာရှိတို့အမှာလာသည့်နှင့်အညီယခုရောက်သော တမန်စကားကောင်စား၌လည်း သဝန်ရွှေပေပါလျက်အစုံနှင့်ဖြစ်ပါသည်။အတွေ့ခံတော်မူ၍ အကြည်တော်ကပေးသောသဝန်ရွှေပေပါသည့်အတိုင်း အမျိုးအနွယ်တော်ဆက်ကြမှနှစ်ပြည်ထောင် သတ္တဝါ ငြိမ်းချမ်းပါမည်။ ထုံးဟောင်းသက်သေနှင့် အမတ်ကြီး ကျောက်လေရာ။ ပြည့်ရှင်မင်းမြတ်လည်းကြည်လင်တော်မူလေ၍ တမန်စကားတောင်စားနှင့် အတွေ့ခံတော်မူသောအခါ၌။ ပြည့်ရှင်မင်းက တမန်စကားတောင်စားကိုဟံသာဝတီပြည့်ရှင်အကြည်တော်ကျန်းမာပါ၏လောမေးတော်မူလေရာ။ပကိုးမင်းတမန်စကားတောင်စားက ရာဇာဓိရာဇာဖြစ်သောအကြည်တော်ကျန်းမာတော်မူပါ၏။ယင်းသို့လျှောံသောစကားကိုကြားတော်မူလတ်သော် ပြည့်ရှင်မင်းကြီးအမိန့်တော်ရှိသည်ကား။ တမန် စကားတောင်စားသည် မောဟဖုံးသော ကောဝန့်ပုဏ္ဏားအမျိုး။ဒေါသလွှမ်း၍ အယုတ်အမြတ်ကိုမသိတတ်သောသူဖြစ်သည်။ လာရင်းအတိုင်း ပါရင်းရိက္ခာကိုစား၍ပြန်စေအမိန့်တော်ရှိလေလျှင်။ ယင်းသောအခါအမတ်ကြီးမဟာပညာကျော် ကျောက်ထိုးမှုကား။ အရှင်မင်းမြတ်။ ဘုရား

သခင် ဆုံးမတော်မူသော သာသနာတော်ကို မတည်သောသူ အား။တရားလွတ်ကင်း၍ အဓမ္မပြုခြင်း အဓမ္မ ဆိုတတ်ပြော တတ်သောအလေ့ ရှိခြင်းကြောင့်။ နှလုံးလှ ဆိုဝ်ရာနိုက်လည်း လက်ရုံးကိုးစကား ပါလျက် ရှိကြောင်း ထုံးဟောင်းရှိပါသည်။ စကားတောင်စား အရှင် ပကိုးမင်းလည်း နှလုံးရည်ကို သုံး သောမင်းမဟုတ်ပါ။ လက်ရုံးရည်ကိုသာ ကြိုက်တော်မူသော မင်းဖြစ်ပါသည်။မြတ်စွာဘုရားဆုံးမတော်မူသောတရားသာသ နာတော်ကို တည်သော မင်းကောင်းမင်းမြတ်တို့ စေသုံးအပ် သောသူလေးယောက်ကို ကျမ်းဂန်အဆိုရှိ လာသည်ကား။

ဥက္ကာဓ္မေသူရမိစ္ဆန္တိ၊မန္တေသုအကုတူဟလံ။
ပိယဉ္စအန္နပါနမှိ၊အတ္ထေဇာတေစပဏ္ဍိတံ။ ။

ထိုအဓိပ္ပါယ်သော်ကား။ ။ဥက္ကာဓ္မေ၊စစ်မြေအရပ်၌။ သူရံ၊ ရဲးစွမ်း ရှိခြင်း၄ါ။ ဣစ္ဆန္တိ၊ ပြုကုန်ရာ၏။ မန္တေသု၊ စကား ကောင်းတိုင်ပင်သော အခါတို့နိုက်။ အကုတူဟလံ၊အပြက်မရှိ ငြင်းခုံခြင်းကင်းသောသူကို။ ဣစ္ဆန္တိ၊လိုကုန်၏။ အန္နပါနမှိ၊အရ သာမျိုးကို စားသောအခါ၌လည်း။ ပိယဉ္စ၊ ချစ်ဖွယ်သောအမှု ရှိသောသူကို။ဣစ္ဆန္တိ၊ရရုံးစေရာ၏။အတ္ထေဇာတေ၊ခဲးခက်သော အမှုအရာကိုလည်းကောင်း။ခဲးခက်သော အမေးပုစ္ဆာကိုလည်း ကောင်း။ခဲးခက်သောအရပ်ဒေသသို့ ရောက်ရာ၌လည်းကောင်း။ ပဏ္ဍိတံ၊ပညာရှိသောသူသည်။ဣစ္ဆန္တိ၊ အလုံးစုံပြီးစေကုန်ရာ၏။ ထိုသို့ ကျမ်းဂန်လာသည်။ ။ထိုမှတုံလည်း။ မင်းကောင်းယုံ အပ်သောသူပညာရှိအင်္ဂါလေးပါးဟူရာနိုက်လည်း။ ။သုဘာ သိတပိယဝါစာ။ဓမ္မောသစ္စံ။ကျမ်းဂန်လာသည့်အရသော်ကား။ သုဘာသိတာ၊ကောင်းသောအမှု။ကောင်းသောစကားကိုသာဆို လေ့ရှိခြင်း။ဆိုသောစကားမူလည်း။ ပိယဝါစာ၊ချစ်ဖွယ် သနား ဖွယ်ရှိသော စကားကိုဆိုတတ်ခြင်း။ ထိုစကားလည်း။ ဓမ္မော၊ တရားနှင့်လျော်ညီခြင်း။ ဟုတ်မှန်သော အမှုကိုသာလျှင် ကျင့်

ဆောက်တည်၍။သစ္စံ၊သစ္စာမြဲခြင်း။ ယင်းသို့ သူတော်ကောင်း
တရားအမှာရှိပါသည်။ သူမတော်စိုးသော အရပ်၌ သူတော်
ကောင်းပညာရှိမထွန်းကားနိုင်ရာ။ သူတော်ကောင်းမထွန်းသော
အရပ်၌ တရားစောင့်ထုံးမရှိ။ တရားမစောင့်ချေက သာသနာ
တော်မတည်နိုင်ရာ။သာသနာတော် မတည်သော အရပ်ဒေသ
တို့သည် ရက်ရောကြွမ်းတန်းဆိုဝ်းသွမ်းလုယူ နိုင်နင်းနှိပ်စက်။
လက်ရုံးထောင်လွှားပြုလေ့ရှိခြင်းကြောင့်သတ္တဝါတို့ပျက်စီးသေ
ကြေများ၍။ ရန်သူငါးပါးဆက်ဆံရာဖြစ်လျက်နှင့် စည်းစိမ်မ
တည်ရှိလေရာသည်။ ယင်းသို့ဘုရားစသော သူတော်ကောင်းတို့
ဆိုခဲ့သောကျမ်းဂန်ထင်ရှားနှင့်ရှိပါသည်။သူတော်ကောင်းပညာ
ရှိချင်း ပေါင်းဘက် စောင့်ထိန်းသော်။ တိုင်းပြည်သာယာငြိမ်း
ချမ်းသောအကြောင်းကိုဆိုခဲ့ပြီးသော ရာဇဝသတိနီဒါန်း၌ လာ
ပြန်သည်မှာလည်း။ ။မင်းတို့သိက္ခာ။ စောင့်အပ်ရာသည်။
သာသနာရေး။ မထွေးစေရ။ သင်္ဂဟာကို။ နိစ္စပြုပေ။ များဝေနေ
အား။ တရားမှန်ကြောင်း။ ကောင်းသောလုံ့လ။ အားထုတ်မှ
တည့်။လောဘတဏှာ။အဝိဇ္ဇာဖြင့်။မိစ္ဆာကျင့်ဆိုး။စစ်မထိုးအပ်။
ပြည်ပတချက်။ အိပ်စက်ရန့်ကြွမ်း။ ပွဲလမ်းပျော်ရွှင်။ ထွက်ဝင်
သွားလား။မများစေရာ။မှတကာကို။ယုတ္တာယုတ္တိ။ဆင်ခြင်ညှို၍။
ဇာတိမြောက်မြား။သုစကားကို။ကြားကထိုးထွင်း။ ချက်ခြင်းသိ
ပေ။ဆိုတတ်စေသည့်။ပရမေထူး။ကျေးဇူးမြတ်လှ။မိဘဆရာ။သူ
နာသူမွန်။တမန်တလိုက်။နှုတ်ပိုက်တသွယ်။ သူငယ်တဦး။ အရှုံး
ကျိုးကန်း။ရှေးလမ်းသက်သေ။ သည့်နှစ်ထွေကို။ ရေမြေသခင်။
မင်းမာန်ဝင်၍။ပြစ်တင်ကျူးလွန်။ မင်းဒဏ်အာဏာ၊ မပေးရာ
တည့်။ ဥာတကာချင်း။ သင်းပင်းတဖေါ်။ ဆွေမျိုးတော်ကို။မ
လျော်နှိပ်စက်။ရန်မက်ဖုံးလွှမ်း။ မညှဉ်းပန်းကောင်း။ တကြောင်း
တမူ။သူ့လူကိုသား။မမှားဂတိ။မငြိစေရာ၊ ဘဏ္ဍာတုတ်ခွန်။ မ
လွန်ရှေးမှီး။အသီးအပင်။ သည့်တွင်ခံမှု။ ဆယ်စုတပုံ။ လုံးစုံပြီး
ပြေ။အစေအသုံး၊ ပြည့်ပခုံးက။စသည့်ရုံပတ်။အမတ်တို့မှာ။အင်္ဂါ

ရှစ်ပါး။ ရည်သွားနက်တိမ်။ စည်းစိမ်နှိမ့်မြင့်။ ထားသင့်တတ်ပြား။ဂုဏ်ကိုးပါးသည်။ ။မင်းအားနှုလုံး[1] စောင့်သည့်ထုံး။ ။တကြောင်းလည်း။ ။ပြည်ကြီးအချာ။ရာဇာပဝရ။နရိန္ဒတို့။ ပြည်မပျက်ပြယ်။ယုံအပ်သူအား။ဂုဏ်ရှစ်ပါးမှာ။ ပညာဆန်းကြယ်။ ပရိယာယ်လည်း။ ဆိုဝံ့ဘွယ်မရှိ။ကဝိ[2] မြောက်မြား။စကားကျွကောက်။သူတယောက်လည်း။ ထွင်းဖေါက်သိတတ်။တည့်မတ်သစ္စာ။ပဏ္ဍာမကြိုက်။ ရင်နှိုက်သားနှင့်။ မခြားမှန်စွာ။ အာဏာတန်းခိုး။မိုးသို့ထစ်ထစ်။ ပစ်လိမ့်လန့်ကြောက်။ တယောက်မှုကုံ။ ပိုက်ခြုံတိုင်းရေး။ မထွေးထင်ပေါ်။ရှစ်ရပ်ကျော်၍။ ပြည်တောင်သာဘိ။ မတ်ကဝိသည်။ ။အသိပြည့်စုံဂုဏ်ရှစ်ပုံ။ ။မင်းနှင့်အမတ်။ ညီညွတ်တမူ။ အကျင့်တူသော်။ နတ်လူကြည်ညို။ ဗဟိုအောင်ချက်။ထီးကနက်လည်း။ မပျက်စည်ထွန်း။ ရွှာသွန်းပဇ္ဇုန်။ လုံသည်မထောင့်။ မအောင့်နိုင်ငံ။ ရေဆန်မရှား။တောသားမရဲ။ခပဲသတ္တဝါ။အနာမထူ။မပူငြိမ်းချမ်း။ မသွမ်းစစ်မက်။ ခိုးဖျက်မရှိ။ ဇာတိစင်ကြယ်။ မြက်နွယ်သစ်ပင်။ မြင်မြင်သမျှ။ ဆေးရသည်သာ။လူသစ္စာကြောင့်။အနာပျောက်ကင်း။ဥပဒ်ရှင်း၍။ မင်းလည်းသက်ရှည်။ပြည်လည်းကြာညောင်း။ ခန္ဓာပြောင်းလည်း။မကောင်းပါယ်ရပ်။ မကပ်နိုင်ဘိ။ပညာရှိသည်။ ။ဇာတိမသုံနတ်ခြောက်ဘုံ။ ။ထိုသို့သောစာဟောင်းစာတန်းတွင်ပြဆွန်ထားခဲ့သောပညာရှိစကား။ ကျမ်းဂန်ထင်ရှားနှင့် ဖြစ်ပါသည်။တမန်စကားတောင်စား တရားအလွတ်ချော်ကြသည့်အရာကို သည်းခံတော်မူမှ ခန္တီပရမံတပေါ၊ သူတော်မြတ်တရားထွန်းလင်းမည်ဖြစ်ပါသည်။ ယင်းသို့လောကဓမ္မ အကြောင်းနှစ်ပါးကိုထုတ်ဖေါ်၍အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းမြတ် ချမ်းမြေ့ကြည်လင်တော်မူ၍။ တမန် စကားတောင်စားကိုကောင်းမွန်စွာထားမြဲ ပေးကမ်းပြီးသော်။အခါနှစ်၊လဆိုတော်မူပြီးမှလောကဓမ္မနှစ်ပါးနားလည်တတ်ကျွမ်းသူသံတွဲစား[3] နှင့်

၁—မင်းအားအလုံး—ပုံ။ ၂—ကဝိ—ပုံ။ ၃—သံတောင်စား—ပုံ။

အခါပေးပုဏ္ဏားတော် စကြဝတေးကို သံဘက်၍ထည့်တော်မူ လျက်ပြန်စေသည်။ ။

တရံသောအခါ၌ ပြည့်ရှင်မင်းကြီး မေးတော်မူသည်ကား။ ဤရက္ခပူရတိုင်းပြည်တွင် တရားမစောင့်သော ဝိလုပ္ပနွှော လုယက်ဖျက်ဆီးတတ်သော။နိဗဂ်လအမျိုး မင်းပြုဘူးလေအံ့လော မေးတော်မူလေရာ။အမတ်ကြီး မဟာပညာကျော် လျှောက်ထုံးသော်ကား။အရှင်မင်းမြတ်။ဝေသာလီပြည်၌ ဗြဟ္မဏာရာဇာမင်းမျိုး-၂၄-ဆက်အဆုံး ဗြဟ္မသိဒ္ဓမင်းလက်ထက် မင်းနှင့်အမတ် တရားလွတ်ကျင့်လေရာ။ ပြည်သူတို့ ဆိုးသွမ်းရန့်ကြမ်းလျက်။ အဓမ္မအမှုကိုသာ အလိုရှိကြလေ၍။ မတရားသော နတ်မိစ္ဆာ ဘီလူးဝင်ရောက်ဖျက်ဆီးကြလေသော်။သေကြေပျက်စီးကုန်၍ မြို့ရွာပျက်ဘူးပါသည်။ ယင်းသို့နောက် ဓညဝတီမြို့တည် မာရယုမင်းအမျိုး-၅၅-ဆက် အဆုံး မင်းငယ်ပြောလှစည်သူလည်း မှားသောအမှုတို့ကိုလိုက်နာလျက် အမတ်ယုတ်တို့စကားကိုနာယူမိခြင်းကြောင့် တရားပျက်လေ၍ တိုင်းပြည် မသာရှိဘူးပါသည်။နိဗဂ်လအမျိုး။ဝိလုပ္ပနွှော၊ လုယက်ဖျက်ဆီးတတ်သော။ ဟိန္နဇာဂံ၊ယုတ်နွမ်းသောအကျင့်အကြံအသိအပြုအမူရှိသောအမျိုး-၉-ဆက် ရှိလေသောအခါ။[၁] တိုင်းတပါးမင်းကိုမူလည်း မိတ်ဆွေမဝင်။ရန်တင်းလျက်သာပြုခြင်းကြောင့်ထိုမင်းတို့လက်ထက်ဥတုရာသီမမှန်။ခါတ်လေးပါးမညီ၍ ကောင်းကင်၌ နေလနက္ခတ်တာရာမဖြောင့်လေရာ။ဝသန္တဥတုချုပ်လေ၍။အစားရှားပါးခိုးသား ထားမြဖျက်ချေသည့်နောက်ဘေးတော်ကံရာဇာကြီးဆက်စိုးတော်မူသည်ကကို အရှင်မင်းမြတ်တိုင်သာကီဝင်အမျိုး ၁၅-ဆက်တို့တွင်လည်း။ ဝိလုပ္ပနွှော၊ လုယက်ဖျက်ဆီးတတ်သော။နိဗဂ်လအမျိုး-၅-ဆက်အကြားအကြားဝင်၍ဖြစ်ဘူးပါသည်။ထိုမင်းတို့လက်ထက် သာသနာတော်ကွယ်၍ တရားမရှိ။

---

၁-ရှစ်ဆက်မင်းမူသောအခါ-ပုံ။

မင်းနှင့်အမတ်ပြည်သူတို့ဂတိလေးပါးလိုက်ကြလျက်ပန္နာ။ မျက်နှာပေါ်၍ သူမိုက်သူယုတ်စည်ကားဘူးပါသည်။အရှင်မင်းမြတ်။ ဘုရားသခင်ဆုံးမတော်မူသော သာသနာတော်သည် ခေါက်ရှာဌက်ပျံသကဲ့သို့ဘုန်းပညာကြက်သရေနှင့်ပြည့်စုံသောမင်းလက်ထက်ဖြစ်လျှင်သန့်စင်ဆေးတော်မူ၍။ အလဇ္ဇီကျင့်သော ရဟန်း။ အလဇ္ဇီကျင့်သောသူမရှိခြင်းကြောင့် သာသနာတော်ထွန်းလင်းပါသည်။အလိမ္မာမရှိတရားမသိ။ မင်းသွမ်းရာဇသူညလက်ထက်ဖြစ်လျှင်။အလဇ္ဇီရဟန်းလူသွမ်းလူမိုက်ထွန်းကားလေရာ။ သာသနာတော်ကွယ်လေသည်ပင်။ အရှင်မင်းမြတ်။ ဘုရားသခင်တုံသော်လည်း မင်းကိုအမှီပြုလျက် သာသနာတော်ကို ထားရကြောင်း ထုံးဟောင်းကျမ်းဂန်ထွက်ရှိပါသည်။ ယင်းသို့အမတ်ကြီးလျှောက်လေသော်ပြည့်ရှင်မင်းတရားကြီးကြိုက်တော်မူလေသည်။ ။

တရံသောအခါ၌မူလည်း ပြည့်ရှင်မင်းကြီးက။ ကျမ်းအလာဇမ္ဗူဒီပါကျွန်း၌ တိုင်းကြီးပြည်ကြီးတို့ကိုလည်းကောင်း။ ပြည့်အင်္ဂါစသောအကြောင်းအရာ အလုံးစုံတို့ကိုလည်းကောင်း မေးတော်မူလေရာ။ အမတ်ကြီးမဟာပညာကျော် လျှောက်သည့်ထုံးမှုကား။ အရှင် မင်းမြတ်။ တိုင်းကြီး တဆဲ့ခြောက်တိုင်း ကို။ အင်္ဂုတ္တိုရ်ဝိသာခုပေါသထသုတ်၌ လာသည်မှာ။ ။သေယျထိဒံ။အင်္ဂါနံ၊မဂဓါနံ၊ကာသိနံ၊ ကောသလာနံ၊ ဝဇ္ဇီနံ၊မလ္လာနံ၊စေတိယာနံ၊ဝံသာနံ၊ ကုရူနံ၊ ပဉ္စာလာနံ၊မစ္ဆာနံ၊ သူရသေနာနံ၊ အဿကာနံ၊အဝန္တီနံ၊ဂန္ဓာရာနံ၊ကမ္ဗောဇာနံ။ ယင်းသို့ကျမ်းဂန်လာအရသော်ကား။ အင်္ဂါနံ အင်္ဂတိုင်းလည်းကောင်း။ မဂဓါနံ၊ မဂဓတိုင်း လည်းကောင်း။ ကာသိနံ၊ ကာသိကရာဇ် တိုင်းလည်းကောင်း။ကောသလာနံ၊ ကောသလတိုင်းလည်းကောင်း။ ဝဇ္ဇီနံ၊ ဝဇ္ဇီတိုင်းလည်းကောင်း။မလ္လာနံ၊မလ္လတိုင်းလည်းကောင်း။ စေတိယာနံ၊ စေတိယတိုင်းလည်းကောင်း။ ဝံသာနံ၊ဝံသတိုင်းလည်းကောင်း။ ကုရူနံ၊ ကုရုတိုင်းလည်းကောင်း။ ပဉ္စာလာနံ၊ပဉ္စာလ

တိုင်းလည်းကောင်း။မစ္ဆာနံ့၊ မစ္ဆတိုင်းလည်းကောင်း။ သူရသေနာနံ့၊ သူရသေန တိုင်းလည်းကောင်း။ အဿကာနံ့၊ အဿကတိုင်းလည်းကောင်း၊ အဝန္တီနံ့၊ အဝန္တိတိုင်းလည်းကောင်း။ ဂန္ဓာရာနံ့၊ ဂန္ဓာရ တိုင်းလည်းကောင်း။ ကမ္ဗောဇာနံ့၊ ကမ္ဗောဇတိုင်းလည်းကောင်း။ဤသို့–၁၆- တိုင်းဟူလိုသည်။ ထိုမှတပါး။ အဘိဓါန်ကျမ်းအဆို၌လည်း။ ။တိုင်းကြီး–၂၁–တိုင်းဟူလျှက်လာပြန်သည်ကား။

ပုဗ္ဗဟာတ္တေကုရူသက္ကာ၊ကောသလာမဂဓာသိဝိ။
ကာလိင်္ဂါဝန္တိပဉ္စာလာ၊ဝဇ္ဇိဂန္ဓာရစေတယော။ ။
ဝင်္ဂါဝိဒေဟကမ္ဗောဇာ၊မဒ္ဒါဘဂ္ဂင်္ဂသီဟဠာ။
ကသ္မီရကာသိပဏ္ဍဝါဒီ၊သိယုံဇနပဒန္တရာ။ ။

ထိုသို့ဆိုရာနှိုက် ဇနပုဒ်အလိုစာဆိုယုတ်တက် ထွက်ရှိပါသည်။ ထိုမှတုံလည်း ပြည်ကြီး–၂၀–ကို အဘိဓာန် ကျမ်း၌လာပြန်သည်ကား။

ဗာရာဏသိစသာဝတ္ထိ၊ဝေသာလီမိထိလာဠဝိ။
ကောသမ္ဗုဇ္ဇေနီယောတက္ကာ၊သီလာစမ္ပာစသာဂလံ။ ။
သံသုမာရဂိရံရာဇ၊ဂဟံကပိလဝတ္ထုစ။
သာကေတမိန္ဒပတ္ထဉ္စ၊ဥက္ကဋ္ဌာပါတလိပုတ္တကံ။
စေတုတ္တရဉ္စသင်္ကဿံ၊ကုသိနာရာဒယောပုရီ။ ။

ယင်းသို့အလာနှိုက်ဗာရာဏသီပြည်။ သာဝတ္ထိပြည်။ဝေသာလီပြည်။ မိထိလာပြည်။ အာဠဝီပြည်။ ကောသမ္ဗီပြည်။ ဥဇ္ဇေနီပြည်။တက္ကသိုလ်ပြည်၊စမ္ပာနဂိုရ်ပြည်။ သာဂလပြည်။သံသုမာရဂိရိပြည်။ရာဇဂြိုဟ်ပြည်။ကပိလဝတ်ပြည်။ သာကေတပြည်။ဣန္ဒပတ္တနဂိုရ်ပြည်။ဥက္ကဋ္ဌပြည်။ ပါတလိပုတ်ပြည်။ စေတုတ္တရာပြည်။သင်္ကဿနဂိုရ်ပြည်။ကုသိနာရုံပြည်။ထိုသို့သောတိုင်းကြီးပြည်ကြီးတို့၌။ရာဇာညော၊မင်းတို့တုတ်ခွန်ဆက်သောကျေးလက်

ကောင်း စေ့ရုံစွာသော ဇနပုဒ်ကျေးရွာ စည်ကားခြင်း လည်းကောင်း။ဒုဂ္ဂဒုဂ္ဂရကောပေတံ၊ ကျုံးမြောင်း ခိုင်ခန့်စွာပြအိုးတန်ဆောင်းခဲးခက်ဘွယ်ရှိသော မြို့လည်းကောင်း။ ဒေါသာနုရူပတောဒဏ္ဍော၊ အပ္ပကြီးငယ်ရှိလတ်သော် အဝေးအနီး မရွေးမှုလျက် အပြစ်နှင့်လျော်စွာဒဏ်ပေးခြင်းလည်းကောင်း။ အကွယသမ္မတ္တိကောသော၊ကျိကျပိုက်စိဘဏ္ဍာမကုန်နိုင်အောင်ရှိခြင်းလည်းကောင်း။ ဘယသံယုတ္တံမိတ္တံ၊ ရန်သူရောက်သောအခါကူညီညာသော မိတ်ဆွေ ပြည်ထောင်မင်း ချစ်ကျွမ်းဝင် များခြင်းလည်းကောင်း။ဋ္ဌတိ၊ ဤသို့။သတ္တပကတိယော၊ မင်း၏ ပြကတေ့ခုနစ်ပါးတို့သည်။ဟောန္တိ၊ ပြည့်စုံကုန်ရာ၏။ ။ထိုမှတုံလည်း မြို့၏ ကြီးယာအစာလေးပါးကို၊ သတ္တနိပါတ် အဂုံတ္တို ရ်ကျမ်း၌လာသည်ကား။ ။ဗဟုတိဏကဋ္ဌောဒကံ သန္နိစိတံ ဟောတိ။ ဗဟုသာလိယဝကံ သန္နိစိတံဟောတိ။ ဗဟုတိလမုဂ္ဂမာသာပရဏ္ဏံသန္နိစိတံဟောတိ။ဗဟုဘေသဇ္ဇံသန္နိစိတံဟောတိ။ ဋ္ဌမေသံစတုန္နံအာဟာရာနံ နိကာမလာဘီဟောတိ။ ။ဗဟုတိဏကဋ္ဌောဒကံ၊ များသောမြက်ထင်းရေတို့ကို။သန္နိစိတံ၊ရှိခြင်းလည်းကောင်း။ဗဟုသာလိယဝကံ၊များသောစပါးပြောင်းတို့ကို။ သန္နိစိတံ၊လုပ်ရာဆောင်ရာ ကြီးကျယ်ရှိခြင်းလည်းကောင်း။ ဗဟုတိလမုဂ္ဂမာသာပရဏ္ဏံ၊ များသောနှမ်းပဲးဟင်းသီးဟင်းရွက်မျိုးတို့ကို။သန္နိစိတံ၊ လုပ်ခင်းရှိသောအရပ်၌လည်းကောင်း။ ဗဟုဘေသဇ္ဇံ၊ များသောထောပတ်ဆီဥပျားရည်တို့ကို။ သိန္နိစိတံ၊ဆိုက်ရောက်ပေါများရှိခြင်းလည်းကောင်း။ ဋ္ဌမေသံစတုန္နံအာဟာရာနံ၊ဤလေးပါးစုံသော။ယတ္ထ၊အကြောင်မြို့သည်။ နိကာမလာဘီ၊ အလိုရှိတိုင်း ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ။စစ်အင်္ဂါလေးပါးတို့ကိုအဘိဓါန်ကျမ်း၌လာသည်ကား။

ဟတ္ထိဿရထပတ္တိတု၊သေနာဟိစတုရင်္ဂိနီ။ ။

ဟတ္ထိဿရထပတ္တိ၊ ဟူရာနှိုက် ဆင် မြင်း ရထားခြေ

သည်။စတုရင်္ဂနိသေနာ၊စစ်အင်္ဂါလေးပါးဟူရာသည်။ ။မင်းတို့အားငါးပါးကို။စတ္တာလီသနိပါတ်*၌လာသည်ကား။

ဗလံပဉ္စဝိဓံလောကေ၊ပုရိသသ္မိံမဟဂ္ဂတေ။
တတ္ထဗာဟုဗလံနာမ၊စရိမံဝုစ္စတေဗလံ။ ။
ဘောဂဗလဉ္စဒီဃာဝု၊ဒုတိယံဝုစ္စတေဗလံ။
အမစ္စဗလဉ္စဒီဃာဝု၊တတိယံဝုစ္စတေဗလံ။ ။
အဘိဇစ္စဗလဉ္စေဝ၊တံစတုတ္ထံအသံသယံ။
ယာနိစေတာနိသဗ္ဗာနိ၊အတိဂဏှာတိပဏ္ဍိတော။ ။
တံဗလာနံဗလံသေဋ္ဌံ၊အဂ္ဂံပညာဗလံဗလံ။
ပညာဗလေနုပတ္ထဒ္ဓေါ၊အတ္ထံဝိန္ဒတိပဏ္ဍိတော။ ။

မဟာရာဇ၊ မြတ်သော မင်းကြီး။ ပုရိသသ္မိံ၊ ယောကျ်ားကောင်းတို့၌။ ပဉ္စဝိဓံ၊ငါးပါးသော။ဗလံ၊အားသည်။ ဗာဟုဗလံဟူရာနှိက်။ဗဟုသုတအကြားအမြင်ထိုးဟောင်းသက်သေပြည့်စုံ လိမ္မာသော နှလုံးအားသာလျှင် အရင်း။ လက်ရုံးအားမူကား။ စရိမံ၊ယုတ်သောအား။မဟာရာဇ၊ မြတ်သောမင်းကြီး။ ဘောဂဗလဉ္စ၊ရွှေငွေစသည့်ဘဏ္ဍာတုတ်ခွန် အမှန်ကိုခံယူ၍များစွာရှိခြင်း။ဒုတိယံဗလံ၊ နှစ်ခုမြောက်သောအား။အမစ္စဗလံ၊ ပညာဆန်းကြယ်နက်နဲထိုးထွင်းသောအမတ်ကောင်းရှိခြင်း။တတိယဗလံ၊သုံးခုမြောက်သောအား။ အဘိဇစ္စဗလံ၊အလွန်အမျိုးဇောင့်သောအမျိုးမြတ်ခြင်း။တံဗလံ၊ ထိုအားကို။စတုတ္ထဗလံ၊ လေးခုမြောက်သောအား။ပညာဗလံ၊ပညာထိုးထွင်းသိနိုင်ခြင်း။ သဗ္ဗာနိ၊ခပ်သိမ်းကုန်သော။ ယာနိစေတာနိ၊အကြင်အားငါးပါးတို့ကို။ ပဏ္ဍိတော၊ပညာရှိသောသူသာလျှင်။ အသံသယံ၊မချွတ်မယွင်း။ အတိဂဏှာတိ၊လွှမ်းမိုး၏။တသ္မာ၊ထိုကြောင့်။ဗလာနံ၊ လေးပါးသောအားထက်။ပညာဗလံ၊ပညာအားသည်သာလျှင်။ သေဋ္ဌဗလံ၊ချီးမွမ်းအပ်သောအားဟူ၍။ အဂ္ဂဗလံ၊မြတ်သောအားကို။ ဝုစ္စ

* စတ္တာလီသနိပါတ်တေသကုဏဇာတ်။

တိ၊ဆိုအပ်၏။ ။ထိုမှတပါးတုံလည်း မင်းကျင့်တရား-၁၂-ပါးကို သုဝဏ္ဏသာမဇာတ်၌။

ဓမ္မဉ္စရမဟာရာဇ၊မာတာပိတူသုခတ္တိယ။
ဣဓဓမ္မံစရိတွာန၊ရာဇသဂ္ဂံဂမိဿသိ။ ။
ပုတ္တဒါရေသုစ။
မိတ္တာမစ္စေသု။
ဝါဟနေသုဗလေသုစ။
ဂါမေသုနိဂမေသုစ။
ရဋ္ဌေသုဇနပဒေသုစ။
သာမဏေသုဗြာဟ္မဏေသုစ။
မိဂပက္ခိသု။
ဓမ္မောသုစိဏ္ဏောသုခါဝဟာတိ။
ဓမ္မဉ္စရမဟာရာဇ၊ဣန္ဒာဒေဝါသဗြဟ္မကာ၊
သုစိဏ္ဏေနဒိဝံပတ္တာ၊မာဓမ္မံရာဇပမာဒ။ ။

မဟာရာဇ၊ မြတ်သောအရှင်မင်းကြီး။ မာတာပိတူသု၊ မိဘတို့၌လည်းကောင်း။ ပုတ္တဒါရေသု၊သားသမီးတို့၌လည်းကောင်း။ မိတ္တာမစ္စေသုစ၊ဆွေမျိုးစသောမှူးမတ်တို့၌လည်းကောင်း။ဝါဟနေသုဗလေသုစ၊ ဆင်မြင်းမိုလ်ပါတို့၌လည်းကောင်း၊ ဂါမေသုနိဂမေသု၊ ရွာငယ်ရွာကြီးတို့၌လည်းကောင်း။ ရဋ္ဌေသုဇနပဒေသုစ၊ဇနပုဒ်နိုင်ငံစွန်း၌လည်းကောင်း။ သမဏေသုဗြာဟ္မဏေသုစ၊ ရဟန်းပုဏ္ဏားသူတော်မြတ်တို့၌လည်းကောင်း၊ မိဂပက္ခိသု၊ သားငှက်သတ္တဝါတို့၌လည်းကောင်း။ မဟာရာဇာ၊ မြတ်သောမင်းသည်။ ဓမ္မံ၊တရားကိုစောင့်တော်မူတတ်သော။ ခတ္တိယ၊ရေမြေအစိုးရသော။ သုစိဏ္ဏော၊ကောင်းစွာကျင့်အပ်သောသူတော်တရားသည်။ လောကေ၊ လောက၌လည်းကောင်း။ ပစ္စုပ္ပန်သံသရာ၌လည်းကောင်း။ သုခံ၊ချမ်းသာခြင်းကို။ အာဝဟာတိ၊ရွက်ဆောင်လေ့ရှိသော။ရာဇာ၊မင်းသည်။သဂ္ဂံ၊နတ်ပြည်သို့။ ဂမိဿ

သိ၊သွားရဒုံ။ မဟာရာဇ၊ မြတ်သောမင်းကြီး။စရ၊ ကျင့်တော်မူပါလေ့။သဗ္ဗြဟ္မကာ၊ဗြဟ္မာနှင့်တကွ။ ဇာနန္တာဒေဝါ၊ သိကြားတို့သည်။ သုစိဏ္ဏေန၊ ကောင်းစွာချီးမွမ်းခြင်းပြုရာ၍။ မဟာရာဇ၊ မြတ်သောမင်း။အပမာဒေါ၊ မေ့လျော့ခြင်းမရှိစောင့်ရှောက်ကုန်ရာသည်။ ။ယင်းသို့ကျမ်းဂန်လာသည့်အတိုင်း ပညာရှိတို့ဆိုခဲ့သောရာဇဝတ္ထုစာဟောင်းနိုက်အလာမှုလည်း။ ။ဇေယျာကြ၄န်း။ရိုးစံမြန်းသည်။ရွှေနန်းရှင်။ဂုဏ်ကိုးအင်မင်းတို့မှာ။တရားမစောင်း။ထိုးပြုဆောင်းတို့။ အကြောင်း ကိရိယာကား။ ။သတ္တဝါအပေါင်းတို့အား။အနီးအဝေး။မရွေးပညာများကို။ ။လက်သုံးဓားပမာ။ ထက်အောင်သွေး၍။ ဆိုရေးရှိလတ် ရာလည်း။ ။ယုတ္တာယုတ္တိညှိ။ဂတိမလိုက်။တိမ်တိုက်ကွန်လွှား၊ မိုးကြီးသွားသို့။စကားတည်ကြည်။ အရှည်ထွန်းလင်း ဘိအောင်။ ။ကဝိလူသမာ။ ကြားသော်နှစ်မြို့။ သမ်း မညို့သည်။ မင်းတို့လက္ခဏာတည်း။ ။ရတနာစုံပြည့်ဖြိုး။ နဝရတ်တုံ။ကိုးပါးရှိသည်။ လောက်လုံမင်းကောင်းမျိုးတို့။ ။ကျင့်ရိုးပြည့် အင်္ဂါ၊အ ပရိဟာနိ။ ကျေးဇူးရှိသည်။ သတိမလွတ်သာတည်း။ ။ကျမ်းအမှာသင်္ဂဟ။မခွစေလို။ ဗြဟ္မစိုရ်မူ။ နှလုံးပြုလျက်။ အယူတည့်မတ်ရ၍။ ။ဗဟုသုတဆိုသည်မှာ။ စကားနဿိ။ ကြားတိုင်းသိစေရာသား။ ။အမေးပုစ္ဆာလာသမျှ။ရှုရှုပြီးပြေ။သုအနေကို။ ရိပ်ခြေသိတတ်မှတည့်။ ။ဉာဏဉာဏ်မဏ္ဍိုင်။ ဒသဆယ်ချက်။ ယွင်းမကွက်အောင်။ ရွှေလက်မြီးစွာကိုင်၍။ ။ခရိုင်တိုင်းတပါး။ စကားနွတ်ဆက်။ မေတ္တာရှက်အောင်။ အမျက်မလွှန်။ထုံးနည်းညွန်လျက်။မတ်မွန်စေလွှတ်ထားရှင့်။ ။မိုက်မှားအဝိဇ္ဇာ။မိစ္ဆာဖုံးလွှမ်း။မင်းကြမ်းမင်းဆိုး။ နည်းကိုခိုင်း၍။စစ်ထိုးမပြုရာတည်း။ ။လုပ်စာသီးပွင့်မျိုး။ဆယ်ဘို့တဘို့။မင်းတို့အခွန်။မလွန်ခံစားရိုးက။ ။တိုး၍မယူသာ။သူလောင်ချော်ထား။ ကုန်းစကားကြောင့်။ အမှားမဆိုရာသည်။ ။မဟာဓမ္မရာဇ်တို့စောစစ်။ ။နွယ်မြစ်စဉ်လာ။မြတ်ရာဇာတို့။ စကြာရောက်

ရာ။ အကြောင်းမှာပေ။ ပရမေဘုန်းသမ္ဘာ။ ။မဟာဇနိန်။ သာ
ကိန်ဇေကရာတို့။ ။ကြီးကျယ်စွာမင်းတံဆိပ်။ ဘိသိက်တော်
ခံ။တိုင်းနိုင်ငံကို။ စိုးစံကွပ်ညှပ်နှိပ်၍။ ။လူတို့ထိပ်မင်းစည်
လာ။ ဘိသိက်သွန်းရိုး။ မော်ကွန်းထိုး၍။ မင်းမျိုးမြတ်ကညာ
နှင့်။ ။လက်ယာရစ်ခရသင်း။ မင်းတို့သုံးရ။ ဖြူဟွဏာလည်း။
မှုလသိက္ခာရင်းနှင့်။ ။မယွင်းကျမ်းအမှာ။ ညီစွာကျင့်ရိုး။ ဘိ
ဘိုးဆင်းသက်။ဘိသိက်ဆက်မှန်ရာ၏။ ။ဂင်္ဂါငါးရပ်ရေ။ စီး
ထွေမပြန်။ဝတ်ခံကြာမျိုး။ မညှိုးပန်းသပြေနှင့်။ ။ညွန့်ဝေဝေ
မြက်မြေဇာ။ရေသဖန်းပျည်။ယည်သည်နံ့သင့်ရာဌ။ ။ပန်းစုံစွာ
သစ်လေးပင်။ တောင်မြောက်လေးရပ်။ တင့်အပ်စိုက်ထားကျင်
မှု။ ။စစ်အင်္ဂါလေးပါးခင်း။ ပုဏ္ဏား ငါးရာ။ ဖြူစွာ ခရသင်း
နှင့်။ ။သဲတလင်းညီညွတ်ရာ။ဂင်္ဂါမြစ်ကမ်း။ ပွဲလမ်းမပြတ်။
မဏ္ဍပ်သုံးဆောင်မှာလည်း။ ။ဖြူနီဝါဆင်စရိုး။ ငှက်ပျောကြီ
ဒုန်း။ပင်လုံးသီးပင်။ ဝန်းကျင်ရေပြည့်အိုးဝ်နှင့်။ ။မညှိုးသပြေ။
ရွက်ဝေဒန်းဆပ်သွား။ ခရားခက်ဆိုင်။ စကားလှိုင်၍။ သင်းကြိုင်
စေကြောင်းထားလော့။ ။ဖြောင့်မမှားသည်။တရားနှိုက်လိမ္မာ။
အမတ်သေဋ္ဌေး။ ဘိဘေးရိုးမှန်စွာနှင့်။ ။မင်္ဂလာ အခါနက္ခတ်
ကောင်း။ပညာမြော်မြင်။ရေမြေရှင်လည်း။ ဂုဏ်လျှင်အသိ။ ဂတိ
လေးပါး။ တရားတည်စေကြောင်းတည်း။ ။ရှေးထုံးဟောင်း
ကျမ်းအလာ။ မညီယုတ်တက်။ ပေါ့ပျက်မရှိသာတည်း။ ။
ကြီးတေဇာကျွန်းလုံးမိုး။ဘိသိက်ခံပြီး။သစ္စာကြီးသည်။ စောထီး
မင်းကောင်းမျိုးဝ်းတို့။ ။ဆိုရိုးရှေးစဉ်လာ။ ကိုယ်၏အသက်။
ပရွက်ချပုန်း။ နှစ်လုံးမခြားသာတည်း။ ။သတ္တဝါကို။ မေတ္တာ
ထုံးခွေရစ်။ညွန့်သစ်တက်စေ။ ကြက်သရေကြောင့်။ မြိုဝ်းဝေလူ
နတ်ချစ်၏။ ။လေးပါးအပြစ်ရှင်းရှင်းကွာ။ ပြည်သူလုပ်ခွန်။ မ
လွန်စားထိုက်ရာသည်။ ။မဟာနွယ်မြစ် ဘုန်းပွင့်သစ်။ ။ရဟန်း
သိက္ခာ။မင်းမှာဘိသိက်။ သူတော်စိတ်သည်။ ။မဘိတ်ကျင့်
ရိုးမြတ်အမျိုး။ ။ယင်းသို့ဘိသိက်ခံသောမင်းတို့ကျင့်ရာသည့်

အကြောင်း ထုံးပေါင်းနှင့်အညီအဂ်ိတ္တိုရ်ကျမ်း၌။အပရိဟာနိယတရား ခုနစ်ပါးတို့သည်ကား။ ။ကတမေစလိစ္ဆဝိ ဝဇ္ဇီနံ ဓမ္မာ်ယေဝပါဠိုကခ်ါ။နေ့ာပရိဟာနိ။ ။ထိုသို့ဟူရာနှိုက်။သတ္တ၊ ခုနစ်ပါးကုန်သော၊ အပရိဟာနိယာဓမ္မာ၊တိုင်းနိုင်ငံကို စည်ပင်တတ်သောတရားခုနစ်ပါးသည် ဘိသိက်ခံသောမင်းတို့မမေ့စေရအောင်စောင့်အပ်သောတရားကို။ပါဠိုကခ်ါ၊ အလိုဝ်ရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်သော မကောင်းကျိုးတရားကို။ နေ့ာပါဠို ကခ်ါ၊အလိုမရှိရ။ ။ယင်းသို့ ခုနစ်ပါးသောတရားအဓိပ္ပါယ်သော်ကား။ ပညာရှိမှူးကောင်းမတ်ကောင်းတို့နှင့် ပစ္စုပ္ပန်သံသရာတိုင်းပြည်သာယာသောအကြောင်းများကိုမပြတ် စည်းဝေး ပြောဆိုခြင်း။ ရှေးမင်းကောင်းမင်းမြတ်တို့ ထုံးဥပဒေ ပြုလျက်ကောင်းသောအမှုပညတ်ထားခဲ့သည်ကိုမဖေါက်မပြန်ခြင်း။ သူတော်မြတ်တို့အားဂါရဝတရားမပြတ်ပြု၍ ကောင်းသောစကားကိုနားထောင်ခြင်း။သွမ်းသွပ်၍ သူမယားသားတို့ကို ကျူးလွန်စွာမပြုခြင်း။ ပြည်တွင်းပြည်ပ စောင့်နေကုန်သော သမ္မာဒေဝနတ်တို့အား နတ်စာ မပြတ် ပေးခြင်း။ ရဟန်း သဃာ်တို့၌ ကောင်းသောအကျင့်ကို ကျင့်ရာသောအကြောင်း ပညတ်စောင့် ရှောက်ခြင်း။ တိုင်းတပါး၌ရှိသောသူတော်ကောင်း ပညာရှိအား ရောက်ပေါက်ပေးကမ်း၍မင်းချင်းမိတ်ဆွေဝင်ခြင်း။ ဤခုနစ်ပါး သောတရားတို့သည်။ ထိုပြည်သာယာသော အကြောင်းချောင်တည်း။ ထိုမှသင်္ဂဟတရားလေးပါးသော်ကား။ ။သဿမေဓံ ပုရိသမေဓံ သမ္မာပါသံဝါစပေယျန္တိ စတ္တာရိ သင်္ဂဟဝတ္ထုနိ အဟောသုံ။ ။သဿမေဓံ၊အခွန်အတုတ်ပြည်သူတို့၌ဆယ်ဘို့တဘို့ခံယူရာလွန်စွာမပြုခြင်း။ ပုရိသမေဓံ၊ မင်းမှုထမ်းစွဲးမြဲးသူတို့အားရိက္ခာဝတ်စားပေးကမ်းခြင်း။သမ္မာပါသံ၊ ဆင်းရဲးသားပြည်သူတို့အားဥစ္စာရင်းနှီးပေးကမ်းခြင်း။ဝါစပေယျံ၊ဆွေကြီးမျိုးကြီးသူတော်ကောင်း ပညာရှိတို့အား ချစ်ဘွယ်သော စကားကိုဆိုတတ်ခြင်း။ ဇ္ဇတိဇ္ဇမေစတ္တာရော၊ ဤလေးပါးသော တရား

တ္တိသည်။အဟောသုံ၊ မြင့်မြတ်ကုန်၏။ ။အမတ်ကောင်းအင်္ဂါ ရှစ်ပါးရာဇနီတိကျမ်း၌လာပြန်သည်ကား။

သုတဝါသီလဝါသူရော၊ဝိရဝါသိဒ္ဓိကောဗလံ။
အလုဒ္ဓေါပိယရူပေါစ၊မန္တီနောဥ္ဆဂ်ရဋ္ဌတော။ ။

သုတဝါ၊အကြားအမြင်ထုံးဟောင်းသက်သေနှင့် ပြည့်စုံ၍ဥာဏ်ပညာဆန်းကြယ်ကြီးရင့်ခြင်း။ သီလဝါ၊ သီလသတင်းစောင့်ခြင်း။သူရော၊ရဲရင့်သောသတ္တိလည်းရှိခြင်း။ဝိရဝါ၊လုံ့လဝိရိယနှင့်ပြည့်စုံခြင်း။ သိဒ္ဓိကော၊ ပြီးစီးသော ထိုးကွင်းလက်ဖွဲ့မန္တာန်နှင့်လည်း ပြည့်စုံခြင်း။ ဗလံ၊ စွမ်းပကား ခွန်အားလည်းရှိခြင်း။အလုဒ္ဓေါ၊သူစည်းစိမ်ဥစ္စာကိုဖျက်ဆီးလိုသော အကြံကင်းခြင်း။ပိယံရူပေါ၊ချစ်ဘွယ်သော စကားကိုလည်း ဆိုတတ်ခြင်း။ အဋ္ဌဂ်၊ထိုအင်္ဂါနှင့် ပြည့်စုံသောသူသည်။ မန္တီနော၊ အမတ်ကောင်းဟူ၍။ရဋ္ဌတော၊ဆိုရာ၏။ ။စစ်သူကြီးအင်္ဂါမှုလည်း။

ပညဝါပရမဒ္ဒန္တော၊ဇေယျာဘုမ္မိသုဇာနကာံ။
ဗျူသနေသွပရိစ္စာဂံ၊သမောဒုက္ခံသမောသုခံ။ ။
သမတ္ထံသုစိသတ္တုညံ၊ဝါဟနေသုအခေဒကာံ။
ဝိရသူရဂုဏောပေတံ၊သေနာမောက္ခံဝိဒိယတော။ ။

ပရမဒ္ဒန္တော၊ တဘက်ရန်သူတို့ကိုနှိပ်နှင်းနိုင်သော။ ပညဝါ၊ ထိုးထွင်းသော ပညာရှိခြင်း။ ဇေယျာဘုမ္မိသုဇာနကာံ၊အောင်မြေအောင်ရပ် စစ်ထွက်စစ်ချီ ကောင်းကင်တိမ်နိမိတ်။ နေသွားလသွားစသောအမှုတို့ကိုတတ်သိလိမ္မာခြင်း။ ဗျူသနေသု၊စစ်မြေမလှုပျက်လတ်သောအခါန္နိက်။အပရိစ္စာဂံ၊ ရဲမက်ဗိုလ်ခြေတို့ကိုသိမ်းရုံးချုပ်တတ်ခြင်း။သမောဒုက္ခံသမောသုခံ၊မင်းနှင့် ဆင်းရဲချမ်းသာမသာတူမျှ ပြုတတ်ခြင်း။ သမတ္ထံ၊ စွမ်းပကားခွန်အားလည်းရှိခြင်း။သုစိ၊ သန့်ရှင်းစင်ကြယ်သောအလေ့ရှိခြင်း။သတ္တုညံ၊ သေနင်္ဗျူဟာစသောကျမ်းဂန်ထုံးသက်သေတတ်ခြင်း။ဝါဟနေသု၊ ရဲမက်ဗိုလ်ခြေတို့ကို။ အခေဒကာံ၊ မပင်မပန်းစေမှုပြုတတ်ခြင်း။ဝိရသူရဂုဏောပေတံ၊ လုံ့လဝိရိယနှင့်ပြည့်စုံခြင်း။

ဝေတံ၊ ဤကိုးပါးသောအင်္ဂါတို့နှင့် ပြည့်စုံသောသူကို။ သေနာမောက္ခေ၊ သေနာပတိစစ်သူကြီးအရာ၌။ ဝိဒိယတော၊ ခန့်ထားအပ်၏။ ။ထိုမှတုံလည်း။တတိုင်းတပြည်သို့စေသူ တမန်အင်္ဂါကို အင်္ဂုတ္တိုရ်ကျမ်း၌လာသည်ကား။ ။အဋ္ဌဟိဘိက္ခဝေအင်္ဂေဟိ သမန္နာဂတော ဒူတေယျံဂန္တုံမရဟာတိ။ ကတမေဟိအဋ္ဌဟိ။ သောတာစဟောတိ။သာဝေတာစ။ဥဂ္ဂဟေတာစ။ဓာရေတာစ။ ဝိညာတာစ။ဝိညာပေတာစ။ ကုသလောစသဟိတာဟိတဿ။ နောစကလဟကာရကော။ ။မဟာရာဇ၊မြတ်သောမင်းကြီး။ အဋ္ဌဟိအင်္ဂေဟိ၊ ရှစ်ပါးသောအင်္ဂါတို့နှင့်။သမန္နာဂတော၊ပြည့်စုံသောသူသည်။ဒူတေယျံဂန္တုံ၊တမန်အရာ၌။ အရဟာတိ၊ထိုက်၏။ ကတမေဟိအဋ္ဌဟိ၊ ရှစ်ပါးဟူသည်ကား။ သောတာစ၊ သုစကားကိုကြားလျှင် အစအဆုံး အဓိပ္ပါယ်ကို ကုံစွာနားလည်ခြင်း။သာဝေတာစ၊ ကြားသောစကားကို ဆန်းကြယ်အောင်ဆိုနိုင်တတ်ခြင်း။ ဥဂ္ဂဟေတာစ၊ အထူးသဖြင့် မှတ်သားသိတတ်ခြင်း။ဓာရေတာစ၊အမှတ်မြဲးစွာမမေ့မလျော့ခြင်း။ ဝိညာတာစ၊ လူ၏အရိပ်အခြေကိုသိတတ်ခြင်း။ဝိညာပေတာစ၊လူတို့၏အရိပ်အခြေကို သူတပါးအား ပြောဆိုဝ်လေ့ရှိခြင်း။ သဟိတာဟိတဿ၊စီးပွါးရေး၌သန့်သောဥစ္စာနှင့် လိမ်မာသောအသက်မွေးခြင်း။ နောစကလဟကာရကော။ တတိုင်းတပြည်သို့ စေရာ၌ မျက်လိုကျူးလွန်စွာ ရန်ရှက်တင်ခြင်းမရှိခြင်း။ ဣမေအဋ္ဌ၊ဤရှစ်ပါးတို့သည် တမန်စေရာအမတ်တို့အင်္ဂါမည်၏။ ။ပြည့်ရှင်မင်းတို့၌ ယုံအပ်သောကျွန်ကောင်း အင်္ဂါ-၆-ပါး ရာဇနီတိကျမ်း၌ လာသည်ကား။

ပါပါခတ္တုံနိဝါရေယျ၊ဟိတေယောဇေယျဂုဟာဏံ။
ဂုဟေယျစဂုဏံကရေ၊အာပဒေစနဇဟာတေ။
ဒဒေယျကာလေသုမိတ္တ၊လက္ခဏံပဏ္ဍိတာအာဟု။ ။

သုမိတ္တ၊ကျွန်ကောင်းသည်။ ခတ္တုံ။ အရှင်မင်းအား။ပါပါ၊ မကောင်းမှုမှ။နိဝါရေယျ၊မဖြစ်စေရာ။ဟိတေ၊ သံသရာအကျိုးစီး

ပွါးတို့၌။ ယောဇေယျ၊ ထွန်းလင်းစိမ့်သော၌၊။ ဂုဟာဏံ၊ အရှင်မင်းအား။ ဂုဟေယျ၊ ပြောဆိုတတ်ခြင်း။ ဂုဏံ၊ အရှင်ကျေးဇူးရှိသောအမှုကို။ ကရေ၊ ပြုရာ၏။ အာပဒေစ၊ အမှုကြီးငယ်ရှိသောအခါနှက်။ နဇဟာတေ၊ အရှင်မင်းကို မစွန့်စောင့်ရှောက်ရာ၏။ ဒဒေယျ။ အရှင်မင်းအားပေးရာ၏။ ဋ္ဌာနံ၊ ဤ—၆—ပါးအင်္ဂါနှင့်ပြည့်စုံစွာ။ သုမိတ္တလက္ခဏံ၊ ကောင်းသောလက္ခဏာ ရှိသောသူအား။ သုဒါသော၊ ကျွန်ကောင်းဟူ၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အာဟု၊ သိရာကုန်၏။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ ရှေးပညာရှိသူမြတ်တို့ ပညတ်လျက် ထားခဲ့သော၊ မင်းတို့ ကြဲယာတဆဲ့ငါးပါးဟူသော်ကား။ ။ဆင်ယည် မြင်းယည်တို့၌ အိပ်စက်မသွားအပ်။ ယစ်မျိုးငါးပါးကို မသောက်မစားအပ်။ တင့်အပ်သောအရပ်ကသွတ်၍ အခြားအရပ်၌ အိပ်စက်မနေအပ်။ စားသောအစာအာမှထွက်၍ မကျအပ်။ ခါးဝတ်ပုဆိုဝ်း ကိုဝ်ဥက္ကောင်းတော်သို့မတင်အပ်။ ရာသီရောက်သောမိန်းမ၊ မီးယပ်နေသောမိန်းမတို့အားမနှီးနှောအပ်။ စကားထွက်ဝင်မဆိုအပ်။ အပျော်အရွှင်သဘင်လွန်စွာ မပြုအပ်။ ရှေးမင်းကောင်းတို့ထုံးကိုမဖျက်အပ်။ မင်းကျိုးပြည်ရောင် ထွန်းအောင်ဆောင်သောသူအားအပြစ်မပြုအပ်။ မြေကိုနင်း၍ မသွားအပ်။ သူတပါး ချက်ပြုတ်၍ဆက်သောအစာကိုမစားအပ်။ အခင်းကြီးငယ်ရှိ၍ သွားလာရာ၌ရေမချိုးမဆေးမူလျက် မနေအပ်။ ပြေးလွှားခုန်ပေါက် မသွားအပ်။ အဆိပ်ရှိသော သတ္တဝါကိုလည်းကောင်း၊ ဥဂ္ဂိရှိသောသတ္တဝါကိုလည်းကောင်းအရောမဝင်အပ်။ ဤတဆဲ့ငါးပါးသောမင်းကြဲယာကို ပျက်လွှန်ကျင့်လေသော်။ မင်းသက်တို၍ ပြည်ညှိုးငယ်စွာရှိလေရာသည်။ ယင်းသို့ကျမ်းဂန် ထုံးဟောင်းသက်သေညွှန်ဆိုလျက် အမတ်ကြီး လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးကြိုက်တော်မူ၍မင်းစီးတောင်မှာသာထည့်သောမင်းဆောင်တန်ဆာမျိုးဖေါင်းပြုကိုအမတ်ကြီးသို့ဆုပေးတော်မူလေသည်။

ယင်းသို့အကြောင်း ရှေးဆိုဝ်ခဲ့သော ဋ္ဌာန္တိယတိုင်း။ အယုဏ္ဍ

တိုင်း။ရက္ခပူရတိုင်းတို့ကိုအစိုးရတော်မူသော။ ရှေးမင်းတို့ကျင့်ထုံးအစည် ရာဇဝင်ကြီးအင်္ဂါ—၄၈၆—ရှိသော ထုံးဟောင်း၌။ သာကီဝင်မင်းမျိုးတရားရှိသော မြောက်ဦးမြို့ရွှေနန်းရှင် သာကီဝင် မင်းဘလောင်းကြီးလက်ထက်ဖြစ်သော အမတ်မဟာပညာကျော်လျှောက်ထုံးကိုပညာရှိတို့မှတ်သားလေရာသည်။

ဒသာမေပဏ္ဍိသာမိကာ၊သကာသံသက္ကရာဇာ။
ကောဇယာခန္တဝါ၊သီလဒ္ဓလက္ခဏာသည်နာ။
ယာဝိတောယမာပုန္နိယော၊ပုဏ္ဏောအာသန္တရာယကော။

မဟာရာဇ၊ မြတ်သော ပညာဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူထသော။ လောက၌ ပြည်သာမိအဓိပတိ ဖြစ်တော်မူသော။ ဝံသာနုရက္ခိတော၊ အမျိုးအနွယ်ကို စောင့်ထသော။ မင်္ဂလာတရားနှင့်လည်း ရှည်ထသော။ ရာဇညော၊ မင်းတို့ကိုလည်းကောင်း။ အဗ္ဗမစ္စော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောအမတ်ထုံးသက်သေကိုလည်းကောင်း ထင်ရှားစေခြင်းငှါ။ လိက္ခိတံ၊ ပြီးပြီ။ ။

တရိဒေါဝ္ဗါန၊ ကြီးကျယ်စွာ သုနာပရံတမ္ဗဒီပ ကမ္ဗောဇတိုင်းကြီးပြည်ကြီးကိုအစိုးရတော်မူသော။ ရာဇာ၊ မင်းတရားကြီးသည်။နေကရဋ္ဌဒီပံ၊ များစွာသော တိုင်းပြည် နိုင်ငံတို့ကိုသိမ်းတော်မူ၍။ဒသဝသာသနံ၊သာသနာတော်မြတ်ကို အထိုက်တော်မူခြင်းကြောင်း။ဇာန္ဒြိယေ။ ဇာန္ဒြိယတိုင်းကိုလည်းကောင်း။ အယုဇ္ဈပုရံ။ အယုဇ္ဈတိုင်းကို လည်းကောင်း။ ရက္ခပူရေ။ ရက္ခပူရတိုင်းတို့ကိုလည်းကောင်း။ ပြန်သိမ်းတော်မူ၍ သာသနာတော်မြတ်ကို ထွန်းလင်းစေရာအယုဇ္ဈတိုင်း ပင်လယ်လမ်းတံခါးဖြစ်ထသောအရာဝတီမြို့၌။ ဗုဒ္ဓသာသနံ၊ မြတ်စွာဘုရားသာသနာတော်မြတ်ကိုထွန်းလင်းစေအောင် ဆောင်စေတော်မူထသော ဆရာတော်ကဝိသာရသည်။ အက္ခရာပြီပြင်စွာ ရှေးမဟာဝဏ္ဏ၊ ပြုရန်စကားဟောင်းတို့ကိုနှုတ်စေ၍။ သက္ကရာဇာ

တော။သက္ကရာဇ်အာဖြင့်။သဟာသ။တထောင်တရာလေးဆယ်ကိုးခု။မာဃသမိန်ရာသီဆန်း ၅-ရက်တွင်။ဤစာကိုနှုတ်ကောက်၍အက္ခရာပေဠ္ဌတင်၍ပြီးသည်။ ။ဤသို့သောသူတော်ကောင်းထုံးသက်သေတို့ကိုနှုတ်ထားခဲ့သော အကျိုးအား။ သစ္စာလေးပါးတရားကိုလင်းသိရ၍။ အနုမိသေ။ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကိုရသည်ဖြစ်စေသော။ ။

ထိုမှဇမ္ဗူဒီပတိုင်း။အယုဇ္ဈပူရတိုင်းတို့၌ တည်သောမြို့မင်းဆက်များမှာ။ ကောဏ္ဍသန်ဘုရား။ ကောဏာဂုံဘုရား။ ကဿပဘုရားလက်ထက်တော်။သာသနာတော်များနှိုက်ဖြစ်သော မင်းတို့ကိုဆိုသော်။ ရာဇဝင် စကားအကျယ် မင်းဆက် များလေသည်။ထိုနောက်မှရက္ခပူရတိုင်း၌။ ဝေသာလီမြို့ကို သာကီဝင်မင်းအမျိုး ဖြစ်တော်မူသော။ မရာဂမင်း တည်၍။ တဆယ့်ခြောက်ဆက်အဆုံး။ ဖြဟ္မဏာရာဇာမင်း အနွယ်တော်–၂၄–ဆက်အဆုံး။ဖြဟ္မသိဒ္ဓမင်းလက်ထက်တွင် မင်းနှင့်အမတ်ပြည်သူတို့တရားမရှိလေရာ။ မိဿနတ်ဘီးလူး ဝင်ရောက် ဖျက်ဆီးလျက်။တိုင်းကြီးပြည်ကြီး။ မြို့ရွာပျက်ဆုံးရှိသည့်အတွင်းမဇ္ဈိမဒေသတိုင်းကပိလဝတ်ပြည့်ရှင်အညွှနမင်းကြီးသားတော်၊ မာရယုသည် ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမှီ။–၂၅၇ ၉–ခုနှစ်ကဓညဝတီမြို့တည်တော်မူ၍။ အနွယ်တော် သာကီဝင်မင်းမျိုး သားမြေးဆက်ကာ-၁၄၉-ဆက် စိုးစံတော်မူကြကြောင်း။ သာကီဝင် မင်းဘလောင်းကြီးကို အမတ် မဟာ ပညာကျော်ကျောက်ထုံး၌။သက္ကရာဇ်–၈၈ –ခုတွင်ထီးနန်း စိုးစံကြောင်းကို။ သာကီဝင်မင်းမျိုးတို့လက်ထက် တရားစောင့်ထိန်းလျက်မင်းမျိုးအမတ်မျိုးမှန်သဖြင့်။သာသနာတော်ပွင့်လင်း၍၊ ဥတုရာသီခြောက်လေးပါးညီညွတ်ရာ။ တိုင်းပြည် သာယာဝပြော၊စည်ကားကြောင်း။ သာကီဝင်မင်းမျိုးသီရိဓမ္မရာဇာမင်းသားသတိုးမင်းလက်ထက်ပြတ်၍မျိုးခြားဆက်နွယ်ကြောင်းကို။ဝိဇယမင်းစစ်အောင်မော်ကွန်း။ ။ဘဒ္ဒကမ္ဘာ။ စည်လာအစ။ နရမိသာ။

ဘူပတိလျှင်။ မုနိလောင်းလျာ။ မဟာသမ္မတ။ တို့က နွယ်လာ။ ဆက်ကာစိုးဘိ။ ဇမ္ဗူဒီပ။ ဒေသတတိုင်း။ ရှည်နိုင်းအစ။ အယုဇ္ဈနှင့်။ ရက္ခမဏ္ဍိုင်။ စိုဝ်းပိုင်ကြငှန်း။ နန်းနှင့်ထီးစည်။ ပြည်နှင့်မင်းဆက်။ မပျက်ဥာတိ။ မင်းနှင့်မကွဲ။ နန်းပွဲမြင့်ကြာ။ ယင်းသို့ရာတွင်။ နတ်ရွာထင်။ နတ်ရှင်ဘုန်းရှိ။ သိရိဓမ္မရာဇာ၊ ညာပျော်စံမြဲ။ မင်းပွဲမနှော။ အမစ္စာသွေ။ ဆင်ညိန်လေကို။ ချစ်ကျေဝတ်တောင်။ ညာနတ်တင်မူ။ မဖြစ်ဇာတိ။ မသိတရား၊ လောင်းကြက်စားနှင့်။ ရင်ပါးမိတ်ဝင်။ လင်ကိုမတွယ်။ သားဝယ်ချစ်ထုံး။ လုံးလုံးပစ်ပယ်။ လင်ငယ်သို့ထုံ။ ချစ်မျက်ပုံလျက်။ ရုံမက်မှောက်မှား။ လောင်းကြက်စားကို။ ထွန်ဖျားတင်လေ။ ကြယ်များကြွေသို့။ မင်းဆွေမင်းမျိုး။ မှူးရိုးမတ်ဖန်။ သေလွန်ပျက်ပြုန်း။ ညှိုးသုန်းမြို့ရွာ။ နောက်မျက်နှာက။ ဘဂ္ဂါကုလား။ သက်များလည်းရိုင်း။ လူတိုင်းထွက်ဝင်။ သာဘင်မငွေ့။ နန်းပွဲမလျော်။ တောင်ဘော်နှစ်ခု။ ဂြိုဟ်ရကိန်းရောက်။ မင်းရိုးပျောက်၍။ စည်ပေါက်ထီးကျိုး။ မြတ်မင်းမွန်လှစ်။ တဆဲ့နှစ်တွင်။ တက်သစ်နေလ။ ဝိဇယလျှင်။ ကောင်းကအကယ်။ ခုနစ်ဆယ်နှစ်။ သက္ကရာဇ်တွင်။ သုခစိုပ်း အုပ်။ နိုင်ငံချုပ်သည်။ ။တုန်လှုပ်ပြည်လုံးညှိုးဝင်းယူကြုံမ်း။ ။

ယင်းသို့ဆိုခဲ့သော ပျိုလင်္ကာ မှော်ကွန်းအထွက်နှင့် ရာဇဝင်ကြီးအဆိုဝ်ညီသည် ပညာလိုဝ်သောသူတို့ အမတ်မဟာပညာကျော်လျှောက်ထုံးကိုကြည့်ရှု၍ မင်းမှူးမင်းမတ်ခကြရာသည်။ အမတ်ကြီး မဟာပညာကျော် လျှောက်ထုံးကားဤတွင်၍ပြီး အောင်မြင်သည်။ ။